# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော်နေ့ | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၃)


# ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးတို့အတွက် အလေးထားကြိုးပမ်းအားထုတ်ခဲ့

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား -**

နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို၊ မောင်နှမအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့တာဝန်ယူခဲ့တဲ့ အချိန်ကစပြီး တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒတွေဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးတို့အတွက် တစိုက်မတ်မတ် အလေးထားကြိုးပမ်းအားထုတ်ခဲ့ရာမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

အခုအခါမှာလည်း (၂၁)ရာစုပင်လုံညီလာခံရဲ့ အစည်းအဝေးအဆင့်ဆင့်တွေ ကျင်းပပြီး တိုင်းရင်းသားပြည်သူတွေ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့ အစိုးရ၊ ပြည်သူ့လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အတူတကွ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကြုံတွေ့ရမှာ သဘာဝပဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ပြည်သူတစ်ရပ်လုံးက အားအင်အပြည့်နဲ့ တက်ကြွစွာ ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ အားလုံးပြည့်ဝနိုင်ကြပါစေ။



# ၂၀၁၈ ခုနှစ် နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာကျင်းပ



ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ကျင်းပသော နှစ်သစ်ကူး ဂီတပွဲတော်တွင် နှစ်သစ်ကို ကြိုဆိုသူများဖြင့် စည်ကားသည်ကို တွေ့ရစဉ် သတင်း - စာ ၈ ဓာတ်ပုံ-စိန်လွင်အောင်(မြန်မာ့အလင်း)


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# ရာဇဝင်မှာ အရေးခံကြမည့်သူများ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို ဒီဇင်ဘာ ၂၉ ရက်က ပြည်နယ်မြို့တော် လွိုင်ကော်၌ ကျင်းပခဲ့သည်။ ငြိမ်းချမ်းရေးစကားဝိုင်း၌ ပါဝင်ခဲ့သည့် လူငယ်များတွင် တောင်သူလည်းပါသည်။ နိုင်ငံ့ဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း လည်းပါသည်။ ပညာရေး၊ ယဉ်ကျေးမှုနယ်ပယ်မှ လူငယ်များလည်းပါသည်။

"လူငယ်တွေရဲ့အားသာချက်က ဘဝမှာ စာမျက်နှာတွေက များသေးတယ်၊ စာမျက်နှာအလွတ်တွေပေါ်မှာ ကိုယ်လိုချင်သလို ကိုယ့်ဘဝ ဇာတ်လမ်းကိုရေးဖို့က အခွင့်အလမ်းတွေရှိသေးတယ်၊ လူကြီးတွေက စာမျက်နှာလွတ်တွေ နည်းသွားပြီ၊ ကိုယ့်ဘဝအတွက် စာမျက်နှာသစ်တွေ ရေးဖို့ဆိုတာ အခွင့်အလမ်းတွေက နည်းလာတယ်၊ လူငယ်တွေက ကိုယ့်ရဲ့ အားသာချက်တွေ၊ စာမျက်နှာလွတ်တွေကို မှန်မှန်ကန်ကန်သုံးဖို့က အများကြီးလိုတယ်၊ ငြိမ်းချမ်းရေးရဖို့က ပြည်သူလူထုအားလုံးနဲ့ဆိုင်တယ်၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ ထိုင်ပြီး ဆွေးနွေးတဲ့လူတွေနဲ့ပဲ ဆိုင်တာ မဟုတ်ပါဘူး"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေး စကားဝိုင်း ဆွေးနွေးမှုတွင် ပြောကြားခဲ့သည်။

ဘဝစာမျက်နှာ အများအပြားရှိနေသေးသူများအဖြစ် တင်စားထားသည့် လူငယ်ဘဝကို အသက် ၁၆ နှစ်နှင့် ၄၀ ကြားဟူ၍ သတ်မှတ်ကြည့်မည်ဆိုပါက ထိုအရွယ်သည် ကလေးဘဝ လွန်မြောက်ပြီးနောက် ဘဝအတွေ့အကြုံများလည်း အထိုက်အလျောက် တွေ့ကြုံခဲ့ကြရပြီး ဆင်ခြင်တုံတရားနှင့်လည်း နှိုင်းချင့်တွေးဆနိုင်ကြပြီ။ အတတ်ပညာ၊ ဘဝ ပညာများလည်း သင်ယူမှုတို့ ပြီးမြောက်နိုင်ကြပြီ။ ကာယအား၊ ဉာဏအား တို့ အကောင်းဆုံး၊ စိတ်ခွန်အားတို့ အတက်ကြွဆုံးအရွယ် ဖြစ်သည့် အလျောက် လူ့သမိုင်းတစ်လျှောက် ဖန်တီးနိုင်သူတို့မှာ လူငယ်များသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာ့ဘာသာ သာသနာများကို စတင် တည်ထောင်ခဲ့သူများ၊ လူသားကောင်းကျိုးပြုသည့် တီထွင်မှုများကို ပြုခဲ့ သူများ၊ မိမိတို့၏ လူမျိုးနှင့် နိုင်ငံ၏သမိုင်းကို ပြောင်းလဲစေနိုင်ခဲ့သူများ စသည်တို့၏ အတ္ထုပ္ပတ္တိများကို လေ့လာကြည့်ပါက လူငယ်ဟူသော အသက်အပိုင်းအခြားအတွင်းမှ စွမ်းဆောင်မှုများသာဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း မှတ်တမ်းသည် လူငယ်ဘဝမှတ်တမ်းပင်ဖြစ်သည်။ လှေပြေးတုန်း တက်ကျိုးသကဲ့သို့ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်အတွင်း ကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်၏ အသက်မှာ ၃၀ ကျော်ရုံသာ ရှိသေးသော အရွယ်ဖြစ်သည်။

ကလေးဘဝမှသည် လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး၊ လူအိုစသည်ဖြင့် လူ့ဘဝတွင် အရွယ်အမျိုးမျိုးကို ဖြတ်သန်းကြရသည်။ လူသည် လည်းကောင်း၊ အချိန်သည် လည်းကောင်း စက္ကန့်တိုင်း၊ တဒင်္ဂတိုင်းတွင် ပြောင်းလဲနေကြသည်မှာ သဘာဝနိယာမပင် ဖြစ်သည်။ ယနေ့သည် ခရစ်နှစ်သစ်၏အစ ပထမဆုံးနေ့ရက်ဟု ဆိုရသော်လည်း ပြီးခဲ့သည့် နှစ်ဟောင်း၊ ပြီးခဲ့သည့်နေ့ရက်တို့နှင့် တစ်ဆက်တစ်စပ်တည်းသာ ဖြစ်သည်။ တစ်ဆက်တစ်စပ်တည်းသော အချိန်ကာလများကို ဖြတ်သန်းရင်း မိမိတို့ ရှင်သန်ရာ ခေတ်သမိုင်းကို ရေးထိုးကြရာတွင် စွမ်းဆောင်ရည် အကောင်းဆုံးသူများမှာ ဆိုခဲ့ပြီးသည့်အတိုင်း လူငယ်များသာလျှင် ဖြစ်သည်။ "တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ ဟာ ဘယ်လိုလူစားတွေလဲ၊ ရာဇဝင်မှာ အရေးခံမယ့်လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်"ဟူသောစကားကို လူငယ်တစ်ယောက်ဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းက ပြောခဲ့ဖူးသည်။ ပြောခဲ့သည့်အတိုင်းလည်း အလုပ်ဖြင့် သက်သေပြခဲ့သည်။

တစ်နှစ်ပင် မပြည့်သေးမီမှာ ဗိုလ်ချုပ်ကျဆုံးခဲ့သည်။ နိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ရာဇဝင်၌ အရေးခံရသူအဖြစ် နောင်ဥဒါန်းတွင်စရာ နှောင်းလူတို့အတွက် စံနမူနာတစ်ရပ် ဖြစ်ခဲ့ပါကြောင်း။ ။

# နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာ

၂၀၁၈ ခု၊ နှစ်သစ်တွင် မြန်မာပြည်သူပြည်သားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအပေါင်းနှင့် ပြီးပြည့်စုံကြပါစေကြောင်း မြန်မာ့အလင်းက နှစ်ဦးဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း မြို့ပြကျေးလက်၊ တောင်ပေါ်မြေပြန့် ဒေသအသီးသီးရှိ နိုင်ငံသူနိုင်ငံသားအပေါင်း သတင်းဦး၊ သတင်းထူးများကို အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ဖို့ မြန်မာ့အလင်းဝိုင်းတော်သားများက ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်သွားပါမည်ဟု ဆန္ဒကတိပြုအပ်ပါတယ်။ အသိဉာဏ်ပညာ ဗဟုသုတအလင်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးဟူသော အမျိုးသားရေး တာဝန်တွေမှာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ကြပါစေ . . . .။

မြန်မာ့အလင်းမိသားစု

# ၂၀၁၈ ခုနှစ်အတွက် နှစ်သစ်ကူးဆုတောင်းစကားသံများ

**လယ်တွင်းသားစောချစ်**

၂၀၁၈ ခုနှစ်အတွက် နှစ်သစ်ကူးဆုတောင်းစကားသံများ နှစ်သစ် ဆန္ဒမွန်အဖြစ် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး ရချင်ပါတယ်ဗျာ။

နိုင်ငံငြိမ်းချမ်းရင် နိုင်ငံရဲ့အန္တရာယ်မှန်သမျှ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်မှုအားနဲ့ ကာကွယ်နိုင်ကြမယ်။ နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြမယ်။

ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို မောင်နှမတစ်ယောက်ချင်းအတွက် အရေးအကြီးဆုံး လိုအပ်ချက် ဖြစ်နေတာမို့ ငြိမ်းချမ်းရေးရရှိအောင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ စိတ်ဓာတ်ခွန်အားရှိသမျှ ပါဝင်ကူညီဆောင်ရွက်ကြရအောင်ပါ။

နှစ်သစ်မှာ ငြိမ်းချမ်းရေးရပြီး နိုင်ငံသားအားလုံး အပျော်ကြီး ပျော်နိုင်ကြပါစေ။



**ဒေါက်တာ ဦးဖြေ**

**မြန်မာ့အလင်းသတင်းစာ ပင်တိုင်ဆောင်းပါးရှင်**

တစ်ဦးနှင့်တစ်ဦးအပေါ် မလိုမစ္ဆရိယစိတ်များ မထားကြဘဲ တစ်ဦး တစ်ယောက်၏ ကြီးပွားတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ ရာထူး ဂုဏ်သိန် ကျော်စောမှုများကို မုဒိတာပွားကာ မေတ္တာ၊ စေတနာနှင့် ဝမ်းသာကြည်နူးခြင်းဖြင့် မေတ္တာပို့ ဆုတောင်းကြရမည်။ ကိုယ့်ထက်အသက်အရွယ်ကြီးသူကို မိမိလုပ်ချင်တာ မလုပ်ကြ ရ၍ ကျေးဇူးတရားမကန်းကြဘဲ ကျေးဇူးရှင်ဆရာသမားတို့အား စော်ကားခြင်း၊ အပြစ်မဖြစ်ပွားအောင် ဆင်ခြင်နိုင်ကြပါစေ၊



၂၀၁၇ ခုနှစ်က အခက်အခဲများကို ကျော်လွှားခဲ့ပြီးဖြစ်၍ ၂၀၁၈ ခုနှစ်တွင် ကောင်းကျိုးဖြစ်စေသော အပြုအမူများဖြင့် နှစ်သစ်ကို ကြိုဆိုကြပါ။

ကိုယ်တိုင်ကြံစည်ပြောဆို လုပ်ဆောင်ခဲ့ရသော လုပ်ငန်းတို့သည် အကျိုးရှိ၊ မရှိ ဆင်ခြင်သုံးသပ်ကြည့်ရန် လိုအပ်ပါမည်။ နှစ်ဟောင်းက ကြံစည်ခဲ့သော အကြံအစည်များ၊ လုပ်ကိုင်ဆောင် ရွက်ခဲ့သော လုပ်ငန်းများသည် အားလုံးအတွက် အကျိုးမရှိကြောင်း သုံးသပ်မိပါက နှစ်သစ်တွင် မကောင်းသောအရာများ မလုပ်ကြဘဲ မေတ္တာစိတ်ထားဖြင့် နှစ်သစ်ကို မေတ္တာဓာတ်ဖြင့် ကြိုဆိုကြပါ။

**အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ**

**ဥက္ကဋ္ဌ**

**၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီရွေးချယ်ရေးအဖွဲ့**

တစ်ကမ္ဘာလုံးမှာ ရှိရှိသမျှသော လူအပေါင်းတွေဟာ ပထမဆုံး တော့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ နောက်တစ်ခုအနေနဲ့က စစ်ပွဲတွေငြိမ်းကြပါစေ၊ လူတွေ အားလုံးဟာ အသက်ရှည် ကျန်းမာ စိတ်ချမ်းသာပြီးတော့ ကောင်းမြတ်သော လိုအင်ဆန္ဒတွေ တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြပါစေ၊ မြန်မာပြည်မှာ မှီတင်းနေထိုင်ကြတဲ့ ခုနစ်ရက်သား သမီးအပေါင်းတို့ဟာ သူတို့ရဲ့လုပ်ငန်းတွေ၊ စီးပွားရေးတွေ နှစ်သစ်မှာ စိတ်ရှိတိုင်း ဖြစ်နိုင်ကြပါစေ၊ တိုးတက်ပါစေ၊ ကြီးပွား ကြပါစေလို့၊ ကျန်းမာခြင်းကတော့ အဓိကပေါ့နော်၊ ပထမ ကတော့ ကျန်းမာပါစေ။ ဒုတိယကတော့ မိမိရဲ့လိုအင်ဆန္ဒတွေ ဖြစ်တဲ့ စီးပွားရေးများ စိတ်ရှိတိုင်း လုပ်နိုင်ကြပါစေ၊ အားလုံး အေးချမ်းသာယာကြပါစေ။



**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၁-၁၂-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ . ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## သစ္စာစီမံချက်အရ နေရပ်စွန့်ခွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာစခန်းများတွင် နိုင်ငံသားအရည်အချင်း ပြည့်မီပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ဒေသခံတိုင်းရင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အုပ်စု ဂျန်မိုင်ကောင်းနယ်မြေ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းရှိ နေရပ်စွန့်ခွာပြည်သူများစခန်းတွင် နိုင်ငံသားကတ် ပြုလုပ်ပေးမှုကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးဆန်းလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ **ဝင်းနိုင် (ကချင်မြေ)**

# ညီညွတ်ရေးကိုအရင်းခံတဲ့ စိတ်သစ်လူသစ်များနဲ့ ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်

## ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား -**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ၂၀၁၈ ခုနှစ် နှစ်သစ်အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဆန္ဒပြု**

၂၀၁၇ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၁၈ ခုနှစ် နှစ်သစ်ကို စတင်ရောက်ရှိပြီ ဖြစ်ပါတယ်။ နှစ်သစ်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ အမြန်ဆုံးရရှိအောင် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာမှာ နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နှစ်သစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွေ ပိုမိုချောမွေ့လျင်မြန်စွာ ပြီးမြောက်စေဖို့အတွက် ညီညွတ်ရေးကိုအရင်းခံတဲ့ စိတ်သစ်လူသစ်များနဲ့ ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

**အားထုတ်ကြိုးပမ်း**

စည်းလုံးညီညွတ်ပြီး အသိပညာစွမ်းအား၊ စိတ်ဓာတ်စွမ်းအားများနဲ့ အားထုတ်ကြိုးပမ်းကြမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

အခက်အခဲတွေ မည်သို့ရှိသည်ဖြစ်စေ ပြည်သူ့စွမ်းအားဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင်တော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ပြီး ထွက်ပေါ်လာမယ့် အသီးအပွင့်တွေကို ပြည်ထောင်စုသားအားလုံး တန်းတူညီမျှ ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



ဒုတိယသမ္မတ ဦးမြင့်ဆွေ

# နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နှစ်သစ်ရဲ့ ရလဒ်ကောင်းတွေ ရရှိနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

**တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား -**

၂၀၁၈ ခုနှစ်ရဲ့ နှစ်သစ်ကူး အခါသမယမှာ နိုင်ငံသူနိုင်ငံသားများ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ နေထိုင်နိုင်ကြပါစေကြောင်းနဲ့ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းသာယာပြီး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ကျော်လွှန်ဖြတ်သန်း**

ယနေ့စတင်တဲ့ ၂၀၁၈ ခုနှစ်မှာ မိဘပြည်သူများရဲ့ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်မြင့်မားစေရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းမှုတည်ဆောက်နိုင်ရေးတို့အတွက် မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်း ကျော်လွှန်ဖြတ်သန်းကြရမှာဖြစ်ပါတယ်။

**သင်ခန်းစာယူ**

နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နှစ်သစ်ရဲ့စိန်ခေါ်မှုတွေကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ဖို့၊ အဲဒီကဆက်ပြီး ရလဒ်ကောင်းတွေရရှိနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့တကွ နိုင်ငံသူ နိုင်ငံသားများ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုဟူသမျှမှာ ပြည်သူပါမှ အောင်မြင်မှုရမှာ ဖြစ်တဲ့အတွက် တစ်ခဲနက်သော အင်အားများနဲ့ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းရင်း ကောင်းကျိုးလိုရာ ဆန္ဒအဝဝတို့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

# လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန်ဒီမိုကရေစီကျင့်စဉ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များပွားများကြရန် အထူးလိုအပ်

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းတဲ့ နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ကြိုးပမ်းလျက်ရှိ**

ယနေ့အချိန်အခါဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားများအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရန် အထူးကြိုးပမ်းလျက်လည်း ရှိပါတယ်။ ထိုလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် ဒီမိုကရေစီကျင့်စဉ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များ ပွားများကြရန် အထူးလိုအပ်လှပါတယ်။

**အောင်မြင်စွာကျော်လွှား**

မိမိတို့မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းတဲ့ ခရီးလမ်းမှာ တွေ့ကြုံရနိုင်တဲ့ အခက်အခဲအကျပ်အတည်းနဲ့ စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် ပြည်သူလူထုရဲ့အားပေးထောက်ခံမှု၊ ပံ့ပိုးကူညီမှုများနဲ့အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို နှစ်သစ်မင်္ဂလာ အခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး အမြန်ဆုံး ပေါ်ပေါက်နိုင်ပါစေလို့ အလေးအနက်ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

# နှစ်ဟောင်းမှာ ရရှိလာတဲ့ အတွေ့အကြုံ အခက်အခဲနှင့် စိန်ခေါ်မှုများအားလုံးကို သင်ခန်းစာများအဖြစ် မှတ်ယူ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအားလုံး ယခုလို မင်္ဂလာရှိသည့် နှစ်သစ်အခါသမယမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဖန်တီးရယူ**

အချိန်ရာသီ အလီလီပြောင်းပြီး ယခုလို နှစ်ဟောင်းကုန်လွန်လို့ သစ်လွင်သော နှစ်သစ်ကို ကူးပြောင်းလာတဲ့ အခါသမယမှာ တိုင်းရင်းသား ပြည်သူအားလုံးဟာ နှစ်ဟောင်းမှာ မိမိတို့ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းကိစ္စများမှ ရရှိလာတဲ့ အတွေ့အကြုံအခက်အခဲနှင့် စိန်ခေါ်မှုများအားလုံးကို သင်ခန်းစာများအဖြစ် မှတ်ယူသုံးသပ်ပြီး ပိုမိုကောင်းမွန်သော အခွင့်အလမ်းကောင်းများ၊ နည်းလမ်းကောင်းများနှင့် အခြေအနေကောင်းများကို အနာဂတ်အတွက် တိုးတက်မှုများအဖြစ် ဖန်တီးရယူ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နှစ်သစ်မှ အစပြု၍ စိတ်သစ်၊ လူသစ်၊ အင်အားသစ်များဖြင့် မိမိတို့ ဆောင်ရွက်ဖွယ်ရာ ကိစ္စမှန်သမျှကိုလည်း စိတ်စေတနာကောင်းများထားကာ သတိတရားလက်ကိုင်ပြု၍ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ပြုမူဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။

**တွဲလက်မဖြုတ်စတမ်း**

ထို့အတူပင် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေတဲ့ တူညီသောရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လျှောက်လှမ်းတည်ဆောက်နေတဲ့ ယခုလိုအချိန်ကာလမှာ ငြိမ်းချမ်းရေးသည် အဓိကကျပြီး ငြိမ်းချမ်းမှုရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်လို့ ပြည်ထောင်စုကြီးအတွင်း လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းပြီး မေတ္တာနှင့်ယှဉ်သော ထာဝရငြိမ်းချမ်းရေးကြီးကို အမြန်ဆုံးရရှိနိုင်ဖို့၊ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းမှာ တိုင်းရင်းသားပြည်သူအားလုံး မိမိတို့ကျရာ အခန်းကဏ္ဍမှ အတူတကွ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ကိုလည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး နှစ်သစ်မှာ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း၊ သာယာချမ်းမြေ့သော ပျော်ရွှင်ဖွယ်ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို အစဉ်နှလုံးသွင်းဆောင်ရွက်တတ်သူများ ဖြစ်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# မိမိတို့ ဘဝ၊ လှပသောအနာဂတ်ကို ဖော်ဆောင်ကြ

## ပါမောက္ခချုပ်ဆရာတော်၏ ၂၀၁၈ ခုနှစ် နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ



ပါမောက္ခချုပ်ဆရာတော်
ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ

၂၀၁၈ ခုနှစ်၏ နှစ်သစ်မင်္ဂလာအခါသမယမှာ သတ္တဝါတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရဟန်းရှင်လူ ပြည်သူပြည်သားအားလုံး မင်္ဂလာကျင့်စဉ်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် “မင်္ဂလာရှိသောနှစ်” အဖြစ် မှတ်တမ်းတင်နိုင်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။

**အခက်အခဲဟူသမျှကို ကျော်လွှားနိုင်**

အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်ခြင်း၊ အကြင်နာတရားထားခြင်း၊ မလိုမုန်းထား စိတ်ကင်းခြင်း၊ စိတ်ထားဖြောင့်မှန် အပြန်အလှန်လေးစားခြင်းရှိကြမှသာ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ကြမည် ဖြစ်ပါသည်။

မိမိတို့ကိုယ်တိုင် ကိုယ်ကျင့်တရား ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အသိပညာ အတတ်ပညာစွမ်းအား မြှင့်တင်ပေးခြင်းအားဖြင့် မိမိတို့ ဘဝ၊ လှပသောအနာဂတ်ကို ဖော်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ကြပါစေ။

# ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ နှစ်သစ်ကူးသြဝါဒ

လူမိုက်ကို ရှောင်ပါလေ၊
လူမိုက် မဖြစ်အောင် နေ၊
ပညာရှိကို ပေါင်းပါလေ၊
ပညာရှိ ဖြစ်အောင် နေ၊
ပူဇော်ထိုက်သူကို ပူဇော်ပါလေ၊
အပူဇော် ခံထိုက်အောင် နေ၊
နေရာကောင်းမှာ နေပါလေ၊
နေတဲ့နေရာကို ကောင်းပါစေ၊
ရှေးက ကုသိုလ် ပြုဖူးပါစေ၊
အခု ပြုတိုင်း ကုသိုလ်ဖြစ်ပါစေ၊
မိမိစိတ်ကို ကောင်းပါစေ၊
ယခင်ထက် ယခု စိတ်ပိုကောင်းပါစေ၊

ဗဟုသုတ ရရှိပါစေ၊
ဗဟုသုတ မျှဝေပေးနိုင်စေ၊
တတ်သိပညာ သင်ယူနိုင်ပါစေ၊
တတ်သိပညာ သင်ပေးနိုင်ပါစေ၊
မင်္ဂလာတရားတော်ကို
အသိဉာဏ်တိုး၍ သိနိုင်ကြပါစေ၊
မင်္ဂလာတရားတွေ
မိမိသန္တာန်မှာ
တိုးပွားနိုင်ပါစေ၊
တစ်လောကလုံး
တိုးပွားနိုင်ပါစေ။ ။

ဓမ္မဒူတ အရှင်ဆေကိန္ဒ

# နှစ်သစ်ကို မေတ္တာဖြင့်ကြိုဆို

## အောက်စ်ဖို့ဒ်ဆရာတော်-ပါမောက္ခ ဒေါက်တာ ဓမ္မသာမိ

ဗုဒ္ဓဘာသာအတွေးအခေါ် (Buddhist Philosophy) အရ အချိန်ကာလသည် သူ့ချည်းသီးခြားရပ်တည်နိုင်သော အမှန်တရားတစ်ခုမဟုတ်။ အမှန်တကယ်တည်ရှိ၍ သီးခြားရပ်တည်ကြသော သစ္စာတရားများကို မှီခို၍သာ အချိန်ကာလသည် တည်ရှိနိုင်သည်။ တချို့က အချိန်ကို စက်နာရီနှင့် အတူတူဟူ၍ မှတ်ထင်ကြ၏။ အစောဆုံးစက်နာရီကို ၁၆၅၆ ခုတွင်သာ စတင်တီထွင်ကြ၏။ ထိုထက်စော၍ လူသားများ အတွေး၌ အချိန်ဆိုသည့် သတ်မှတ်ချက်တစ်ခု ရှိနှင့်နေပြီ။ အချို့က နေနှင့်လအသွားကို အချိန်ဟူ၍ သတ်မှတ်ကြ၏။ သို့သော် နေနှင့်လတို့မှာ တိုက်ရိုက်အားဖြင့် အချိန်ကာလမဟုတ်၊ သူတို့၏ ရွေ့လျားမှုကိုအမှီပြု၍ အချိန်ကာလဟူသော အတွေး (concept of time) ကို လူများက မိမိတို့၏ စိတ်၌ တီထွင်ကြခြင်းသာဖြစ်သည်။

တစ်နည်းဆိုရသော် - မြေ၊ လေ၊ ရေ၊ မီး တည်းဟူသော ဓာတ်သဘောတို့မှာ အမှန်တကယ်တည်ရှိသော သဘာဝ အမှန်တရားများဖြစ်ပြီး အချိန်ကာလဆိုသည်မှာ ထိုကဲ့သို့ သူ့ချည်းရပ်တည်နိုင်သောအမှန်တရားမဟုတ်၊ လူအများက အမှန်တရားဟု သဘောတူသတ်မှတ်၍သာ အမှန်တရား ဖြစ်နေခြင်းဖြစ်သည်။ ဤနေရာ၌ ဓာတ်ကြီးလေးပါးကို ပရမတ္ထသစ္စာဟု စာပေအရခေါ်ဆိုပြီး အချိန်ကာလကိုမူ သမုတိသစ္စာဟု ခေါ်သည်။ နှစ်မျိုးစလုံးပင် သူ့ရှုထောင့်နှင့် သူ့အမှန်တရားဖြစ်သည်ဟု ဗုဒ္ဓဒဿနကဖွင့်ဆိုသည်။ အလားတူ တွေးခေါ်မှုတစ်ခုမှာ တော(wood)နှင့် သစ်ပင်(tree) ခွဲခြားသကဲ့သို့ ဖြစ်၏။ သစ်ပင် (ရုက္ခ)သည်သာ အမှန်တကယ်ရှိပြီး တော (ဝန)မှာမူ ထိုသစ်ပင်များစွာကို မြင်မှပေါ်လာသော အတွေး (concept) တစ်ခုဖြစ်၏။ သစ်ပင်မရှိဘဲနှင့် တောဟူ၍ သီးသန့် မရှိနိုင်။ တကယ်ထင်ရှားရှိသော သစ်ပင်များကို အမှီပြု၍ တော(ဝန)ဆိုသည့် အတွေးသည် လူများ၏ စိတ်၌ ဖြစ်ပေါ်လာရပေသည်။ ထို့ကြောင့် သစ်ပင်တွေကို လုံးဝမထိခိုက်စေဘဲ တောကို အပြတ်ရှင်းပစ်ပါ (ဝနံဆိန္ဒထ မာ ရုက္ခံ)ဟူ၍ ဓမ္မပဒပါဠိတော်၌ ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူခြင်းဖြစ်သည်။ အင်္ဂလိပ်လူမျိုးများ အတွေးအခေါ်၌လည်း “Don’t take wood for tree -တောကို သစ်ပင်လို့ အမှတ်မမှားနဲ့” ဆိုတဲ့ အဆိုရှိပါသည်။ ဗုဒ္ဓဒဿနနှင့် အဓိပ္ပာယ်ချင်းတူ၏။

ဤနှစ်သစ်ကူးသဝဏ်လွှာ၌ အထက်ပါ ဗုဒ္ဓဒဿနဖြင့် အစပျိုးရခြင်းမှာ တောကိုသစ်ပင်ထင်၍ လူသားများ ပြဿနာဖန်တီးမှန်းမသိ ဖန်တီးနေကြ၍ဖြစ်၏။ ပြည်တွင်း ပြည်ပ ပြဿနာတော်တော်များများသည် ပကတိအမှန်တရား (ပရမတ္ထသစ္စာ)နှင့် သတ်မှတ်အမှန်တရား (သမုတိသစ္စာ) ဆိုသည့် တန်ဖိုး(value) နှစ်ခုကို သူ့နေရာနှင့်သူ အသုံးမပြုနိုင်သဖြင့် ဖြစ်ပေါ်လာရသည့် ပဋိပက္ခ (conflict)များပင် ဖြစ်သည်။ ဥပမာဆိုရသော် နှစ်သစ်ကူးဓလေ့ထုံးတမ်းကိုပင် အနည်းငယ် ရှင်းပြရပါမည်။

လူသားများ အိုးမဲ့အိမ်မဲ့ တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်း၍နေသော နော်မက်ဒ်(ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သည့်လူမျိုး-nomad)ဘဝမှ တစ်နေရာတည်း အခြေချနေထိုင်သော အိုးအိမ်ထူထောင်မှုဘဝသို့ ပြောင်းလဲလာချိန် တွင် လူအများတစ်နေရာတည်း၌ နေထိုင်၍ လုပ်ငန်းကိုင်ငန်းနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှု ပိုမိုများပြားလာခဲ့ရမည်ဟု ယူဆနိုင်သည်။ လူအများအကြား ဆက်ဆံလုပ်ကိုင်ရာ၌ အချိန်သတ်မှတ်မှုစနစ်များ လိုအပ်လာခဲ့ပေလိမ့်မည်။ အနားယူချိန်နှင့် အလုပ်လုပ်ချိန်တို့ကို ပိုင်းခြားသတ်မှတ်ပေးရန် အတွက် နေနှင့်လတို့၏ အထွက်အဝင်သည် အထင်ရှားဆုံး အသုံးပြုနိုင်သည့် သဘာဝဖြစ်ရပ်များဖြစ်သည်။ ထို့ကြောင့် ပြက္ခဒိန်အများစုမှာ နေ(သို့မဟုတ်) လ အသွားကို အခြေခံ၍ တွက်ချက်ထားကြသည်။

ပြက္ခဒိန်၏ ရည်ရွယ်ချက် (သို့မဟုတ်) ပြက္ခဒိန်တစ်ခုတွင် လ၏အစ(သို့မဟုတ်) နှစ်၏အစကို သတ်မှတ်ခြင်းမှာ နေ၊ လတို့အသွားကို လေ့လာအသုံးပြု တွက်ချက်ထားပါသော်လည်း နေ၊ လတို့မှာ အသုံးပြုပစ္စည်းကိရိယာ (instrument) မျှသာဖြစ်၏။ နေလတို့ အသွားကို အသုံးပြု၍ လူသားအချင်းချင်း ဆက်သွယ်မှုလွယ်ကူစေရန်နှင့် နားလည်မှုတိုးစေရန်ဖြစ်၏။ ၎င်းပြက္ခဒိန်တို့ကိုအသုံးပြု၍ ယဉ်ကျေးမှုတံတိုင်းခြားရန်၊ လူသားအချင်းချင်း စိတ်နေစိတ်ထားဝေးကွာစေရန် မဟုတ်ပါ။

ဘာသာရေးအခြေခံသော ပြက္ခဒိန်များဖြစ်ကြသည့် ဗုဒ္ဓသက္ကရာဇ် (လက်ရှိ ၂၅၆၁)၊ ခရစ်သက္ကရာဇ် (၂၀၁၇ ကုန်၍ ၂၀၁၈သို့ကူး) များသည်ပင် ထိုဘာသာဝင်များအချင်းချင်း ဆက်သွယ်ပြောဆိုရာ၌ နားလည်မှု အလွယ်တကူဖြစ်စေရန် တီထွင်ထားခြင်းဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ၌ ဗုဒ္ဓသာသနာတော် သက္ကရာဇ်မရှိသကဲ့သို့ ခရစ်သက္ကရာဇ်(Anno Domini)သည်လည်း ယေရှုခရစ်တော် ထင်ရှားရှိစဉ် မရှိပါ။ ပြက္ခဒိန်သည် ထိုဘာသာအသီးသီးကို တည်ထောင်သူများက အရေးတကြီးထား၍ တည်ထောင်ထားသော ဓလေ့ထုံးတမ်းတစ်ခုမဟုတ်။ သူတို့မရှိသည့် နောက်ပိုင်းတွင်သာ စတင်သတ်မှတ် အသုံးပြုလာကြခြင်း ဖြစ်ပေသည်။

စာရေးသူဆိုလိုသည်မှာ အမှန်တရားကို သိမြင်ရာ၌ အချိန်ဆိုသည့် အချက်အလက်သည် အခြေခံမဟုတ်။ ဗုဒ္ဓမြတ်စွာဘုရားက သစ္စာလေးပါးကိုဟောရာ၌ ပြက္ခဒိန်ကို ကြည့်၍ ဟောကြားခြင်းမဟုတ်။ မည်သည့်အချိန်မဆို အမှန်တကယ်ရှိသောဒုက္ခဆိုသည့် လူသားများအတွေ့အကြုံကို ကြည့်ရှုသုံးသပ်၍ ဟောကြားထားခြင်း ဖြစ်ပေသည်။

သို့သော် အချိန်ကာလဆိုသည့်အရာသည် လူသားများ သတ်မှတ်သည့် သမုတိသစ္စာအဆင့်၌ ရှိနေပါ၏။ ဂရီဂေါရီယန် (Gregorian) ပြက္ခဒိန်စနစ်အရ ဇန်ဝါရီလ ၁ ရက်နေ့ကို နှစ်သစ်ကူးဟု သတ်မှတ်ကြ၏။ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓသာသနာပြက္ခဒိန်အတွက် နှစ်သစ်ကူး၊ တရုတ်လူမျိုးများအတွက် ဇန်နဝါရီလ-ဖေဖော်ဝါရီလအတွင်း တစ်ရက်ရက်၊ ဂျူးဘာသာဝင်များအတွက် စက်တင်ဘာလ၊ အစ္စလာမ် ပြက္ခဒိန်အရ အောက်တိုဘာလတစ်ရက်ရက်ကို နှစ်သစ်ကူး သတ်မှတ်ကြ၏။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၌ ရှမ်းလူမျိုးများမှာ နိုဝင်ဘာလ-ဒီဇင်ဘာလတစ်ရက်ရက်၊ ကရင်နှင့် အာခါလူမျိုးများမှာ ဒီဇင်ဘာလ၊ ကချင်လူမျိုးတို့မှာ ဇန်နဝါရီလတို့တွင် နှစ်သစ်ကူး ကျင်းပကြ၏။

ပေါ်ပြူလာအဖြစ်ဆုံး မြန်မာသင်္ကြန်နှစ်သစ်ကူးမှာမူ ဧပြီလတွင် ကျရောက်၏။ သင်္ကြန်ကို အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌လည်း တစ်ချိန်တည်း ကျင်းပကြ၏။ ယင်းနှစ်သစ်ကူးဓလေ့ထုံးစံများကို လေးစားရမည်။ နှစ်သစ်ကူးအချိန်ကာလအစွဲပြု၍ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုများကို လေးစားရမည်။ အကြောင်းမှာ ယင်းယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လူ့ဘောင်တစ်ခုအတွင်း အချင်းချင်း နားလည်မှုမြင့်မားစေရေး၊ အေးချမ်းစွာ အတူနေထိုင်နိုင်ရေးတို့အတွက် အသုံးပြုရခြင်းပင် ဖြစ်ပေသည်။ စာပေသဘောအားဖြင့်ဆိုရလျှင် သမုတိသစ္စာဆိုသည့် ပညတ်ကိုအသုံးပြု၍ လူအများဆက်ဆံရသဖြင့် ပညတ်တို့သဘော၊ လူအများ သဘောတူအသိအမှတ်ပြုသည့် အမှန်တရားတစ်ခုကို နားလည်အောင် ပြုလုပ်ရမည်။

လက်တွေ့အရဆိုရလျှင် ပြက္ခဒိန်ဓလေ့ထုံးတမ်းတို့၏ မူလရည်ရွယ်ချက်ကို နားလည်၍ သူ့ပင်ကိုရည်မှန်းချက်အတိုင်း နှစ်သစ်ကူးအခါသမယပွဲတော်များ၊ ယဉ်ကျေးမှုများကို ကျင်းပသင့်ပါသည်။ နှစ်သစ်ကူးရက်နှင့် နှစ်သစ်ကူးထုံးတမ်းစဉ်လာသည် ကျောက်ဖျာတွင် ထွင်းထားသကဲ့သို့ မပြောင်းလဲသောအရာများမဟုတ်၊ ကမ္ဘာတစ်ဝန်းလုံး၌ ခေတ်အဆက်ဆက်ပြောင်းလဲမှု ရှိခဲ့သည်။ သို့သော် မပြောင်းလဲသည်မှာ လူ့ဘဝ၌ တွေ့ကြုံရသော စိတ်ဒုက္ခ၊ စိတ်ဖိစီးမှု၊ အကောင်းနှင့်အဆိုး စိတ်ခံစားမှုသဘော (Negative and positive emotions)များပင် ဖြစ်သည်။ ယင်းစိတ်ဒုက္ခအဖုံဖုံကို ကိုင်တွယ်နိုင်စွမ်းရှိသော မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်သည် လည်းကောင်း၊ ယင်းလမ်းစဉ်ပေါ်၌ တည်ဆောက်ထားသော ဗုဒ္ဓမြတ်စွာဘုရားနှင့် အခြားသော ငြိမ်းချမ်းသည့် ဘာသာရေးခေါင်းဆောင်များ၏ မေတ္တာတရားသည်လည်းကောင်း ပြောင်းလဲမှုမရှိ။ ကျင့်သုံးသူတိုင်း၏ နှလုံးသားတွင် ငြိမ်းချမ်းစေသည်။ မေတ္တာနှလုံးသားအတွက် ပြက္ခဒိန်ပေါ်ရှိနေ့ရက်များအားလုံးသည် နှစ်သစ်ကူးနေ့ကဲ့သို့ပင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့ဖြစ်ပေသည်။

၂၀၁၈ ခုနှစ်ကို မေတ္တာတရားဖြင့် ကြိုဆိုပွဲဖက်နိုင်ကြပါစေ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် ငြိမ်းချမ်းသာယာသောနှစ်သစ်ဖြစ်ပါစေ။ ။




အောက်စ်ဖို့ဒ်ဆရာတော်-ပါမောက္ခ ဒေါက်တာ ဓမ္မသာမိ

# နှစ်သစ်ဆုတောင်း

❖ ဒီဇင်ဘာကုန်၊ နှစ်ဟောင်းကုန်
လူ့ဘုံနှစ်သစ်စလေပြီ။
❖ နှစ်သစ်ချိန်ခါ၊ ဤကမ္ဘာ
သာယာငြိမ်းချမ်းရှိပါစေ။
❖ နှစ်သစ်ချိန်ခါ၊ ပြည်မြန်မာ
သာယာငြိမ်းချမ်းရှိပါစေ။
❖ ရခိုင်ပြည်နယ်၊ လှမျိုးကြွယ်
အံ့ဖွယ်တိုးတက်နိုင်ပါစေ။
❖ လူအချင်းချင်း၊ မေတ္တာရင်း
ဘေးကင်းလုံခြုံကြပါစေ။
❖ ရင်ကြားစေ့ရန်၊ ကြိုးစားသန်
အမှန်ငြိမ်းချမ်းကြပါစေ။
❖ ငြိမ်းချမ်းဖို့ရန်၊ အချိန်တန်
ဝေဖန်ပိုင်းခြားနိုင်ပါစေ။
❖ ငြိမ်းချမ်းရေးအတွက်၊ ချိုးဖြူငှက်
ဆက်လက်ပျံသန်းနိုင်ပါစေ။
❖ ငြိမ်းချမ်းပြည်တွင်း၊ ရန်စွယ်ကင်း
ထွန်းလင်းစီးပွားတက်ပါစေ။
❖ စီးပွားဂုဏ်တိုး၊ မြန်ပြည်ကျိုး
သယ်ပိုးရွက်ဆောင်နိုင်ပါစေ။
❖ ကမ္ဘာ့အလယ်၊ ဂုဏ်ဝင့်ထည်
တင့်တယ် မြန်ပြည်ဖြစ်ပါစေ။
❖ ကောင်းသောနှစ်သစ်၊ အမှန်ဖြစ်
ခေတ်သစ်ပေါ်ထွန်းနိုင်ပါစေ။
❖ နှစ်သစ်ဆုတောင်း၊ ပြည့်စေကြောင်း
စုပေါင်းရွက်ဆောင်နိုင်ပါစေ။ ။


ပန်းတောင်း သန်းကြွယ်

# သီတဂူဆရာတော်ကြီး၏ ၂၀၁၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၇ ခုနှစ်ဆိုတဲ့ နှစ်ဟောင်းတစ်ခုဟာ ဒီဇင်ဘာ ၃၁ ရက်မှာ ကုန်သွားပြီ၊ တစ်နှစ်ကုန်သွားပြီ၊ တစ်နှစ်ကုန်သွားတော့ နှစ်ဟောင်းကုန်ပြီလို့ ဒါပြောကြတာ၊ ဇန်နဝါရီ ၁ ရက်နေ့မှာ နှစ်သစ်သို့ပြောင်းပြီ၊ အသစ်သို့ပြောင်းပြီလို့ ဆိုကြတယ်၊ အဲဒီ အသစ်ကရော ဘယ်လောက်ခံမှာလဲ၊ အသစ်တိုင်း အသစ်တိုင်း က အကုန်လုံး အဟောင်းတွေ ချည်းဖြစ်ရမယ်ဆိုတာကို အားလုံး သတိပြုကြဖို့ လိုလိမ့်မယ်၊ မြတ်ဗုဒ္ဓက မိန့်တော်မူတယ်၊ "ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ" အချိန်သည် အချိန်ကို စားပြီးတော့ စက္ကန့်တိုင်းဟာ အချိန်တွေ ကုန်နေတယ်၊ စက္ကန့်တိုင်း စက္ကန့်တိုင်း အဟောင်းတွေ အဟောင်းတွေ ကုန်ဆုံးပြီးတော့ အသစ်တွေ အသစ်တွေ ပြောင်းနေတာ၊ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာသဘောအရ အဲဒါကို မြင်အောင်ကြည့်နိုင်တဲ့ လူဟာ အဟောင်းကိုရော အသစ်ကိုရော သူဟာ လွန်မြောက်နိုင်တယ်၊ အဟောင်းတွေကုန်ပြီဆို အသစ်မှာ ပျော်မွေ့နေကြမယ့်အစား အသစ်လည်းပဲ စက္ကန့်မလပ် သူလည်း အဟောင်းအဖြစ်သို့ ပြောင်းနေတယ်၊ မြစ်ထဲမှာ ရေစီးသလိုပဲ၊ စီးနေတဲ့ရေကို ကြည့်လိုက်မယ်ဆိုရင် အဝေးကြည့်တော့ ဒါမြစ်ကြီးပဲ၊ အနားကပ်ပြီးတော့ တဖြည်းဖြည်း ကြည့်လာလေလေ စီးနေတဲ့ရေကို တွေ့ရလိမ့်မယ်၊ မြစ်ထဲကို ခြေတစ်ချောင်းချလိုက်ရင် ခြေထောက်ကို ထိလိုက်တဲ့ရေသည် ခြေထောက်ရဲ့အောက်သို့ လွန်မြောက်ပြီးတော့ သူဟောင်းသွားပြီ၊ ပြောင်းသွားပြီ၊ ခြေထောက်မှာ ထိတိုင်းထိတိုင်းသော ရေတွေဟာ အသစ်အသစ်တွေချည်းပဲ ဖြစ်တယ် ဆိုတာကို မြင်ကြဖို့ အရေးကြီးတယ်၊ အဲဒါကြောင့် နှစ်သစ်ကူးပွဲလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိနစ်တိုင်း နှစ်သစ်ကူးပွဲလုပ်လို့ရတယ်၊ စက္ကန့်တိုင်း နှစ်သစ်ကူးပွဲလုပ်လို့ရတယ်၊ စက္ကန့်တစ်ခုသည် အဟောင်းဖြစ်ပြီးတော့ နောက်လာတဲ့ စက္ကန့်တစ်ခုဟာ အသစ်ပဲ၊ အဲဒါကို မြတ်စွာဘုရားက "ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ" ကာလ သည် ကာလကိုစား၍ ကာလသည် ကုန်ခဲ့ပြီ၊ "ယောစ ကာလကသော ဘူတော သဘူတ ပစနိံ ပစ္စိ" အချိန်ကာလကို နိုင်အောင်စားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ လောကမှာ အောင်မြင်သူတစ်ယောက်ပဲ၊ အချိန်ကာလကို နိုင်အောင်စား ဆိုတာက ဘာကိုဆိုလို သလဲဆိုရင် အချိန်ရှိတိုင်း အလုပ်လုပ်နေဖို့ ပြောတာ၊ အချိန်ရှိတိုင်းအလုပ် လုပ်နေရင် အဲဒီအလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ အချိန်ကို နိုင်တာပဲ၊ အလုပ်မလုပ်မိလိုက်ဘူး ဆိုတာနဲ့ တစ်ပြိုင်နက်တည်း မလုပ်ဖြစ်လိုက်တဲ့အချိန်ဟာ ဒါဆုံးရှုံးသွားတာပဲ၊ ဒီတော့ ကာလကို နိုင်အောင်စားမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မှာ အချိန်ကို နိုင်အောင်စားဖို့၊ ကာလကို နိုင်အောင်စားဖို့ လိုအပ်တဲ့ အရည်အချင်းတွေ မြတ်ဗုဒ္ဓ ပြောထားတယ်၊ ဟောထားတယ်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူလူထုများခင်ဗျာ။ ၂၀၁၈ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထု အားလုံးကို ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

ယခုဆိုရင် ၂၀၁၇ ခုနှစ် ကုန်ဆုံးခဲ့ပြီဖြစ်လို့ ဒီတစ်နှစ်တာ အတွင်းမှာ ကျွန်တော်တို့ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ ကိစ္စရပ်များစွာ ရှိပါတယ်။ အောင်မြင်တဲ့ လုပ်ငန်းရပ်တွေရှိသလို ရင်ဆိုင်ကျော်လွှားခဲ့ရတဲ့ လုပ်ငန်းရပ်တွေလည်း ရှိပါတယ်။ ဒါတွေကို သင်ခန်းစာရယူပြီးတော့ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ တိုးတက်အောင်မြင်မှုတွေ မလွဲမသွေရမှာပဲ ဖြစ်ပါတယ်။

လာမယ့် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ နှစ်ပေါင်း ၇၀ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းတစ်လျှောက် ပြန်ကြည့်မယ်ဆိုရင် ပထမအချက်အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဒုတိယအချက်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တတိယအချက် အနေနဲ့ နိုင်ငံတော် စည်းလုံးညီညွတ်ရေးသုံးချက်ဟာ ကျွန်တော်တို့ ပြည်သူပြည်သားအားလုံး စုစည်းညီညွတ်စွာနဲ့ ဆောင်ရွက်ဖို့ လိုအပ်တဲ့ လုပ်ငန်းရပ်ဖြစ်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်၊ လူတိုင်းဟာ သူတို့ရဲ့လူမှု စီးပွားဘဝတိုးတက်ဖို့အတွက် လိုလားချက်ရှိကြပါတယ်။ ဒါကိုကျွန်တော်တို့ တပ်မတော်အနေနဲ့ ဒီလုပ်ငန်းရပ်တွေအားလုံး အောင်မြင်အောင်ကူညီ ဆောင်ရွက်သွားမယ်ဆိုတာ ကျွန်တော် အပြည့်အဝဆန္ဒပြု ပြောကြားလိုပါတယ်။

မိဘပြည်သူများအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ထပ်မံဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။ ။

# မြန်မာ့ငြိမ်းချမ်းရေးပုံဖော်သူတို့၏ ငြိမ်းချမ်းရေး နှစ်သစ်ဆုတောင်း



**ဒေါက်တာတင်မျိုးဝင်း (ဥက္ကဋ္ဌ)၊ ငြိမ်းချမ်းရေးကော်မရှင်**

မြန်မာပြည်သူပြည်သားအပေါင်း၊ ကမ္ဘာပြည်သူပြည်သားအပေါင်း နှစ်သစ်မှာ ကျန်းမာချမ်းသာကြစေဖို့ ဆုတောင်းမေတ္တာပို့ပါတယ်၊ မြန်မာနိုင်ငံသားတွေ အားလုံးဟာ အထူးသဖြင့် ငြိမ်းချမ်းရေးကို လိုချင်ကြပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရဖို့ ကိုယ်ချင်းစာတရားတွေ၊ မေတ္တာတွေနဲ့ ဝိုင်းကြိုးစားနေကြတာ အသိပါပဲ၊ ငြိမ်းချမ်းရေးရမှသာလျှင် မိမိကိုယ်တိုင်၊ ပတ်ဝန်းကျင်၊ နောက် တိုင်းပြည်ပါ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တဲ့အတွက် အားလုံးငြိမ်းချမ်းရေးလိုချင်ကြတယ်ဆိုတာ သံသယ မရှိပါဘူး၊ ကျွန်တော်တို့လိုချင်တဲ့ ငြိမ်းချမ်းရေးကိုအားလုံးက ဝိုင်းဝန်းကြိုးစားနေသလိုပဲ အားလုံး ဆန္ဒတူညီပြီး ငြိမ်းချမ်းရေးရဖို့ တစ်ပြိုင်တည်း ဝိုင်းကြိုးစားမယ်ဆိုရင် ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်ရှိမယ်လို့ အခိုင်အမာယုံကြည်ပါတယ်၊ အားလုံးက တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်ကြမယ်၊ ကိုယ်ချင်းစာတရားထားတတ်မယ်၊ မေတ္တာတရားကို အခြေခံမယ်ဆိုရင် ကျွန်တော်တို့ဟာ ၂၀၁၈ ခုနှစ်မှာပဲ အားလုံးသော အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို ဆုပ်ကိုင်နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါမှသာ ပြည်သူများ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိပြီး ကမ္ဘာအထိ စံနမူနာတစ်ခုကို ပြပေးနိုင်မှာ ဖြစ်ပါတယ်။



**ရဲဘော်မျိုးဝင်း (ဒုတိယ ဥက္ကဋ္ဌ) ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး)**

၂၀၁၈ မှာ ကျွန်တော်တို့ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးကို အကောင်းဆုံး အဖြေရှာနိုင်အောင် ကြိုးပမ်းရမှာပါ၊ ၂၀၁၇ ခုနှစ်မှာလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကျွန်တော်တို့ တတ်နိုင်သမျှ အကောင်းဆုံးအားလုံး ကြိုးစား အကောင်အထည်ဖော်ခဲ့ကြတယ်၊ တိုင်းပြည်မှာ နှစ်ပေါင်းများစွာ ဖြစ်လာခဲ့တဲ့ နိုင်ငံရေး ပြဿနာကို နေ့ချင်း၊ ညချင်း အဖြေရှာဖို့တော့ မလွယ်ပါဘူး၊ အခက်အခဲရှိမယ်ဆိုတာ နားလည်တယ်၊ ဒါပေမယ့် နိုင်ငံပြဿနာကို နိုင်ငံရေး နည်းလမ်းနဲ့ အဖြေရှာတဲ့ နေရာမှာ ပါဝင်သင့် ပါဝင်ထိုက်သူ အားလုံးပါဝင်ပြီး အဖြေရှာဖို့လိုပါတယ်။

ကျွန်တော်တို့အားလုံး သင်ခန်းစာယူသင့်ပါပြီ၊ နိုင်ငံရေးပဋိပက္ခမှာ ပါဝင်တဲ့ သူတွေအားလုံး မပါဝင်ဘဲနဲ့ နိုင်ငံရေး ပြဿနာကို အဖြေရှာဖို့ ခက်ပါတယ်၊ ပဋိပက္ခမှာ ပါဝင်တဲ့ အင်အားစုအားလုံး ပါဝင်ဖို့အတွက်ဆိုရင် ယနေ့ကာလမှာ အားလုံးပါဝင်နိုင်ဖို့ လမ်းကြောင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်မှာ အခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေပါတယ်၊ NCA သည် ပြီးပြည့်စုံတဲ့ စာချုပ်တစ်ခုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သေချာတာ တစ်ခုကတော့ လက်နက်ကိုင်ပဋိပက္ခတွေကို လျှော့ချနိုင်တယ်၊ နိုင်ငံရေးအရ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးဖို့ တံခါးဖွင့်ထားတဲ့ လမ်းစတစ်ခု ဖြစ်တယ်၊ NCA က လိုအပ်ချက်တွေ ရှိနေပေမယ့်လည်း ဒီလမ်းကြောင်းပေါ်မှာ လျှောက်ပြီးတော့ နိုင်ငံရေးအရ ဆွေးနွေးဖို့ ပွင့်လာနေတဲ့ တံခါးကို ဒီထက်မက ပိုမိုပွင့်လာအောင် ဝိုင်းဝန်းကြိုးစားဖို့ လိုပါတယ်။

**ဦးလှမောင်ရွှေ (အတွင်းရေးမှူး အဖွဲ့ဝင်) ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

၂၀၁၇ ကို ငြိမ်းချမ်းရေးအနေနဲ့ ဦးတည်သတ်မှတ်ပြီး ကြိုးစားခဲ့ကြပါတယ်၊ ၂၀၁၇ ခုနှစ်မှာ ထိုက်သင့်တဲ့ ရလဒ်တွေ ရတယ်လို့ ပြောနိုင်စရာတွေ ရှိပါတယ်၊ ၂၀၁၇ ခုနှစ် မှာ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နေရာခြောက်နေရာမှာ ကျင်းပနိုင်တယ်၊ အဲဒီက ထွက်လာတဲ့ ရလဒ်တွေနဲ့ ၂၀၁၇ ခုနှစ်မှာပဲ ပြည်ထောင်စု သဘောတူစာချုပ်မှာ အစိတ်အပိုင်းတစ်ခုအနေနဲ့ အချက်ပေါင်း ၃၇ ချက် သဘောတူနိုင်ခဲ့ပါတယ်၊ ဒါဟာ ၂၀၁၇ ခုနှစ်မှာရတဲ့ အခြေအနေနဲ့ အောင်မြင်မှုလို့ ပြောနိုင်ပါတယ်၊ နောက် ၂၀၁၇ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ အစိုးရနဲ့ တပ်မတော်က ညီလာခံတက်ရောက်မယ့် သူတွေအနေနဲ့ အကြိမ်ကြိမ်တွေ့ဆုံပြီး အခုလာမယ့် ညီလာခံမှာ အောင်မြင်နိုင်ဖို့ ညှိနှိုင်းမှုတွေ ပိုလုပ်နိုင်ခဲ့ပါတယ်၊ အခု ၂၀၁၇ ခုနှစ် ကုန်ခါနီးမှာတော့ ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)မှာ ပါဝင်တဲ့ အဖွဲ့လေးဖွဲ့ ကိုယ်စားပြုတဲ့ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင် ညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်၊ နောက်ဆုံး ညှိနှိုင်းမှုတွေဟာ အခု အချောသပ်နေပါပြီ။

ဒါကြောင့် ၂၀၁၈ မှာ ကျွန်တော်တို့ မျှော်လင့်တာက ၂၀၁၈ ခုနှစ်ဇန်နဝါရီ လကုန်လောက်မှာလုပ်မယ့် ညီလာခံအတွက် ပြင်ဆင်မှုတွေ ပိုလုပ်လာနိုင်မယ်၊ နောက် UNFC ဘက်က ညီလာခံမတိုင်မီ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ထိုးဖို့ အဆင်သင့်ဖြစ်တဲ့ အဖွဲ့တွေလည်း လက်မှတ်ရေးထိုးနိုင်ဖို့ ကျွန်တော်တို့ဘက်က မျှော်လင့်တယ်၊ လက်မှတ်မထိုး ရသေးတဲ့ ကျန်တဲ့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ၂၀၁၈ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးနိုင်ဖို့ အများကြီး မျှော်လင့်မိပါတယ်။



**ရဲခေါင်ညွန့်၊ ဓာတ်ပုံ ဖိုးထောင်**

# ပြည်သူအားလုံးလည်း ကိုယ်စိတ်နှလုံး အေးချမ်းပျော်ရွှင်ကြပါစေ . . .



**မောင်ခင်မင်( ဓနုဖြူ )**

ပညာလည်းတတ်၊ စိတ်ကောင်းလည်းရှိ အမြော်အမြင်လည်းကြီးသော နိုင်ငံ့ခေါင်းဆောင်များ၏ ကြိုးပမ်းစွမ်းဆောင်မှု၊ ပြည်သူအများ၏ ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဒီမိုကရေစီနိုင်ငံသစ်အနေနဲ့ ရလဒ်ကောင်းများ အထိုက်အလျောက်ပေါ်ထွန်းနေပါပြီ၊ နှစ်သစ်မှာ အတိတ်ကာလကထက် ပိုပြီးကောင်းမွန်တဲ့ အနာဂတ်တွေ ပိုင်ဆိုင်နိုင်ကြပါစေ၊ နှစ်သစ်ဆိုတာ နှစ်တစ်နှစ်ရဲ့ အစဦးဖြစ်တဲ့အတွက် အစစအရာရာ ဆန်းသစ်တဲ့ စိတ်ကူးအတွေးအလုပ်အကိုင်တွေကို လက်တွေ့အကောင်အထည်ဖော်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေ၊ စိတ်ကောင်း၊ စေတနာကောင်းနဲ့ အလုပ်ကို ကြိုးကြိုးစားစားနဲ့ လုပ်ကိုင်နိုင်တဲ့ ပြင်းထန်သော စိတ်ဓာတ်တွေ မွေးမြူပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ နှစ်အဖြစ် ပိုင်ဆိုင်နိုင်ဖို့အခွင့်အလမ်းတွေ ရရှိနိုင်ကြပါစေ။


ဤနှစ်သစ်မင်္ဂလာအခါသမယတွင် ပို၍မြင့်မားသော အရှိန်အဟုန်ဖြင့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အပြည့်အဝ ရုပ်လုံးပေါ်လာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူအားလုံးလည်း ကိုယ်စိတ်နှလုံးအေးချမ်း ပျော်ရွှင်ကြပါစေ . . . .။

**စိန်လွင်အောင်(မြန်မာ့အလင်း)**

# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာ့လွတ်လပ်ရေး

မြန်ပြည်သူ သူ့ကျွန်ဘဝ
နစ်ခဲ့ရ နှစ်တစ်ရာကျော်။ ။

ကုလားဖြူ နယ်ချဲ့ဘီလူးတွေက
ကျူးကျော်စစ်သုံးကြိမ်ဆင်လို့
တို့ပြည်ခွင် သူ့လက်အောက်
ကျရောက်ခဲ့သော်။ ။

ဇာတိသွေး ဇာတိမာန်နှင့်
အားမတန် အင်မမျှလည်း
ရရာရာ ဓားလှံဆွဲလို့
တိုက်ပွဲဝင်ညီကြသနော်
တော်လှန်ကြ ပြည်တစ်ဝန်း။ ။

ရိုင်းပင်းအားစည်
တိုင်းရင်းသား ညီညီနှင့်
ပြည်သူတွေ နွံမနစ်အောင်
တို့ပြည်သူ ကျွန်မဖြစ်အောင်
ရေးလှစ်မော်ကွန်း။ ။

ဒို့ခေါင်းဆောင် ဗိုလ်အောင်ဆန်း
လမ်းညွှန်ပြရှေ့ဆောင်။ ။

အမျိုးသားအရေး
နယ်ချဲ့ဆန့်ကျင်ရေးတွေနှင့်
ဖက်ဆစ်တော်လှန်ရေးတွေနှင့်
သွေးအသက် ဆက်ကာပေးလို့
လွတ်လပ်ရေး ရောင်နီဦး
မြူးဝင့်ဂုဏ်ရောင်။ ။

နယ်ချဲ့ခေတ်ဘဝအမှောင်
ထွန်းပြောင်ရန် ဘယ်မနေး။ ။

အစဉ်ယုံစေ
ပင်လုံမြေအခြေတည်လို့
ပြည်နယ်ပြည်မ မခွဲပါဘူး
တွဲလက်ညီပေါင်းစုအားရယ်နှင့်
နိုးကြားစွာ လှမ်းယူဆွတ်
ဒို့လွတ်လပ်ရေး။ ။

မောင်ရွှေနွယ်(အင်းလေး)


# ထိန်းသိမ်းကြစို့ လွတ်လပ်ရေး အမွေ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ရပ်တည်နေထိုင်လာခဲ့သည့် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သောနိုင်ငံ ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ ဗြိတိသျှတို့က မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ကျွန်ပြုခဲ့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ (၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့)တွင် ဂျင်နရယ်ပရင်ဒါဂတ်၊ ကာနယ် စလေဒင်နှင့် အင်္ဂလိပ်စစ်ဗိုလ် စစ်သားများသည် မန္တလေးမြို့တော် တောင်ဥယျာဉ် ရှိ သီပေါဘုရင်ထံသို့ ရောက်ရှိလာသည်။ ညနေ ၆ နာရီခွဲခန့်တွင် သီပေါမင်း၊ မိဖုရား စုဖုရားလတ်နှင့် နောက်လိုက်နောက်ပါတို့ကို ရွှေနန်းတော်မှ ခေါ်ယူလျက် ဗီရိုလှည်းဖြင့် ခေါ်ဆောင်ကာ ဂေါဝိန်ဆိပ်ကမ်းမှ တစ်ဆင့် သူရိယအမည်ရှိ သင်္ဘောပေါ်သို့ ခေါ်ဆောင်တက်ရောက်သွားကြခြင်းဖြင့် မြန်မာ့ဦးစွန်း အနောက်သို့ယွန်းကာ ထီးကျိုးစည်ပေါက်ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရသည်။







နယ်ချဲ့ကို ရှပ်ရှပ်ခွံခွံခုခံတိုက်ခိုက်ခဲ့သော်လည်း အင်အားချင်းမမျှ၍ ရှုံးနိမ့်ခဲ့ရသည့် မင်းလှခံတပ် (အပေါ်ပုံ)

..................

နန်းတွင်းပန်းချီကျော် ဆရာချို၏ "သီပေါမင်း ပါတော်မူပုံ ပန်းချီကား" (ဝဲပုံ)

..................

ကျူးကျော်သူ နယ်ချဲ့ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့် မန္တလေးနန်းတော် (အောက်ပုံ)




## တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်

“ လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်။ ငါ့လူမျိုးသာ ကမ္ဘာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ ကိုယ့်လူမျိုးကိုယ်ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်”

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

# မြန်မာနိုင်ငံ၏သတင်းအမှန်များကို ကမ္ဘာကသိရှိရန်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် Skynet ဝင်းအတွင်းရှိ Myanmar International Radio အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းက “Myanmar International Radio က နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်အောင် ဆောင်ရွက်နေပါတယ်၊ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုး ၊ ငြိမ်းချမ်းရေးအကျိုးတွေကို ပြန်ကြားရေး ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် Myanmar International Radio မန်နေဂျင်းဒါရိုက်တာ ဒေါ်နွဲ့ကြိုင်ကြိုင်က ထုတ်လွှင့်မည့် ပရိုဂရမ်များနှင့် ရွှေသံလွင်မီဒီယာ ဒုတိယဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Myanmar International Radio အသံထုတ်လွှင့်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ တိုက်ရိုက် (Live) တင်ဆက်ရန် အခန်း၊ ရိုက်ကူးရေးအခန်း၊ ပင်မထိန်းသိမ်းရေးအခန်းများကို လှည့်လည်ကြည့်ရှုပြီး**(ယာပုံ)**လိုအပ်သည်များကို မှာကြားသည်။

Myanmar International Radio သည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ စတင်ကာ အင်္ဂလိပ်ဘာသာဖြင့် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်မည့် FM ရေဒီယိုအစီအစဉ်တစ်ခုဖြစ်သည်။

**ဖမ်းယူနားဆင်နိုင်**

မြန်မာနိုင်ငံ၏ သတင်းအမှန်များကို ကမ္ဘာကသိရှိရန်၊ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အစီအစဉ်များကို ထုတ်လွှင့်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် 96.1 MHz၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် 96.5 MHz နှင့် နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် 96.7 MHz တို့မှ ဖမ်းယူနားဆင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အင်တာနက်မှ လည်းကောင်း၊ မိုဘိုင်းဖုန်းများမှ လည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွ နယ်သူနယ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် သံတွဲခရိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

**ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွ နယ်သူနယ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် သံတွဲခရိုင်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးဥတ္တမပန်းခြံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



**သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲတွင် ဒေသထွက်ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်များ၌ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ရဲထွဋ်

နံနက်ပိုင်းတွင် သံတွဲခရိုင်အသင်း (ရန်ကုန်)က တက်ရောက်လာသူများအား ရခိုင်မုန့်တီဖြင့် တည်ခင်းဧည့်ခံပြီး နံနက် ၁၀ နာရီခွဲခန့်တွင် သံတွဲဒေသအစားအစာဖြစ်သည့် ခရမ်းသီးငါးနီတူဖြင့် ရောနှောချက်ထားသည့် ထမင်းဟင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နှစ်ပတ်လည် မိတ်ဆုံစားပွဲ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်းပြီး သံတွဲခရိုင်အသင်း (ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်း က “သံတွဲခရိုင်အသင်း နှစ်ပတ်လည် အခမ်းအနား ကျင်းပတာ ၁၅ နှစ်ရှိပါပြီ၊ ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်က နယ်သူနယ်သားတွေ၊ မိသားစုတွေ၊ သူငယ်ချင်းတွေ ဆုံစည်းတဲ့ပွဲဖြစ်ပါတယ်၊ အလှူရှင်တွေကလည်း လှူကြပါတယ်။

“ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဆိုရင် ဒီမှာလာတဲ့ ဧည့်ပရိသတ်တွေကို ကျွေးမွေးဖို့အတွက် ရခိုင်မုန့်တီလှူပါတယ်၊ အလှူရှင်တွေက နံနက် ၁၀ နာရီလောက်မှာ ရိုးရာသံတွဲ ထမင်းဟင်း ကျွေးဖို့အတွက်လည်း လှူကြပါတယ်” ဟု ပြောသည်။

ဒေါပုံမြို့နယ်တွင် နေထိုင်သည့် ကိုတေဇာအောင်က “သံတွဲမြို့နယ်မှာ နေပါတယ်၊ ရန်ကုန်ရောက်တာ ခုနစ်နှစ်ရှိပြီ၊ ဒီပွဲက သံတွဲ၊ တောင်ကုတ်၊ ဂွက ညီအစ်ကို မောင်နှမတွေ ၊ သူငယ်ချင်းတွေ တစ်နှစ်တစ်ခါ ပြန်ဆုံအောင်လုပ်တဲ့ပွဲ ဖြစ်တဲ့အတွက် အလွန်ပျော်ဖို့ကောင်းပါတယ်”ဟု ပြောသည်။



**သံတွဲခရိုင်အသင်း (ရန်ကုန်)**
**ဒုတိယဥက္ကဋ္ဌ**
**ဦးထင်ကျော်လင်း**

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ဦးကျော်မြင့်က “သံတွဲမြို့မှာတုန်းကတော့ ဂျိုတီအိုင် ကျောင်းရှေ့မှာ နေပါတယ်၊ သံတွဲကနေ ရန်ကုန်ကို ပြောင်းလာတာကြာပြီ၊ သံတွဲခရိုင်အသင်းကနေပြီး တစ်နှစ်တစ်ခါ မိတ်ဆုံစားပွဲ လုပ်ပေးတဲ့အတွက် သူငယ်ချင်းတွေနဲ့လည်း ပြန်တွေ့ရတယ်၊ ငယ်ငယ်က အကြောင်းတွေ ပြောကြဆိုကြနဲ့ ပျော်စရာကောင်းပါတယ်၊ မျိုးဆက်လူငယ်တွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှုလည်း ရသွားတာပေါ့”ဟု ပြောသည်။

ရန်ကုန်ရောက် ဂွ၊ တောင်ကုတ်၊ သံတွဲ နယ်သူနယ်သားများ စုပေါင်းပြီး သံတွဲခရိုင်အသင်း(ရန်ကုန်)ကို ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗဟန်းမြို့နယ် ဦးဥတ္တမ ပန်းခြံတွင် သံတွဲခရိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပလာခဲ့သည်မှာ ၁၀ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲတွင် ဒေသထွက်ရိုးရာ အစားအစာများ ရောင်းချသည့်ဆိုင်များ၊ သံတွဲခရိုင်အတွင်းမှ ထွက်ရှိသည့် ခြံထွက်သီးနှံများ ရောင်းချသည့်ဆိုင်များနှင့် ရိုးရာအဝတ်အထည်ရောင်းချသည့်ဆိုင်များ ခင်းကျင်းရောင်းချလျက်ရှိပြီး ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း - မင်းသစ်**(MNA)



**သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲသို့ တက်ရောက်လာကြသူများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးဥတ္တမပန်းခြံတွင် စည်ကားစွာ တွေ့ရစဉ်။** ဓာတ်ပုံ-ရဲထွဋ်

# NLD ပထမ ဗဟိုကော်မတီ၊ အဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ ဗဟိုကော်မတီ၊ အဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ ကျင်းပသည်။** (အောက်ပုံ)

အဆိုပါ အစည်းအဝေးကို ဒီဇင်ဘာ ၃၀ မှ ၃၁ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဗဟိုကော်မတီဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ၊ ဗဟိုစီးပွားရေးကော်မတီ၊ ဗဟိုပြန်ကြားရေး ကော်မတီ၊ ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ၊ ဗဟိုအလုပ်သမားရေးရာအဖွဲ့၊ ဗဟိုတောင်သူလယ်သမားရေးရာလုပ်ငန်းအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားစာဌာန၊ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ လူငယ်ညီလာခံ ဗဟိုကော်မရှင်၊ ဗဟိုလူမှု အထောက်အကူပြုအဖွဲ့တို့က အစီရင်ခံစာများ တင်သွင်းဖတ်ကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဗဟိုကော်မတီဝင်များက အစီရင်ခံစာများတင်သွင်း၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**ဟန်ချက်ညီညီ ဆောင်ရွက်**

နှစ်ရက်တာ ဆွေးနွေးမှုများအရ အဆင့်ဆင့်သော အလုပ်အမှုဆောင်အဖွဲ့များကို အစားထိုးဖြည့်ဆည်းရန်၊ ပါတီစည်းရုံးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပါတီ၊ အစိုးရ၊ လွှတ်တော် ဟန်ချက်ညီညီ ဆောင်ရွက်ရန်၊ ပါတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အဆင့်ဆင့်ကို ပြန်လည်ဖွဲ့စည်းရန်၊ ဗဟိုက ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကို ပြန်လည်သုံးသပ်ပြီး ဖြည့်ဆည်းရန်၊ စစ်ဘေးရှောင်ပြည်သူများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးရန် စသည့် အချက်ခြောက်ချက်ကို ဆုံးဖြတ်နိုင်ခဲ့သည်။

**တတ်နိုင်သမျှ ဆောင်ရွက်ပေး**

အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ယနေ့မွန်းလွဲပိုင်းက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ ဦးညဏ်ဝင်းနှင့် ဦးဟံသာမြင့်တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပမီဒီယာများ၏ သိရှိလိုသော မေးမြန်းမှုများအပေါ် ဦးညဏ်ဝင်းက“ စစ်ဘေးရှောင်တွေကို ပံ့ပိုးကူညီဖို့ ဆောင်ရွက်မယ်ဆိုတဲ့နေရာမှာ ဆောင်ရွက်ပြီးစီးတာတွေ အများကြီး ရှိပါတယ်၊ ကချင်ပြည်နယ်ကို အမျိုးသမီးအဖွဲ့က သွားခဲ့ပါတယ်၊ နောက်ထပ်လည်းသွားဖို့ အစီအစဉ်ရှိပါတယ်၊ ကျွန်တော်တို့ ဆုံးဖြတ်ထားတဲ့အတိုင်း အားလုံးကို ပြေလည်မယ်လို့ တာဝန်မယူနိုင်ပေမယ့် သက်သာအောင် ကြိုးစားပြီးတော့ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ဆက်လက်၍ ၎င်းက “ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်းနဲ့ ပတ်သက်လို့ကတော့ အခုနောက်ဆုံး ၂၁-ပင်လုံ အစည်းအဝေးမှာ အချက်ပေါင်း ၃၇ ချက် အတည်ပြုထားပါတယ်၊ ဒီထက်ပိုပြီးတော့ အချက်အလက်တွေ တိုးလာဖို့၊ နောက်တစ်ခါ လက်မှတ်ရေးထိုးမှုတွေတိုးလာဖို့ ငြိမ်းချမ်းရေးကော်မရှင်က ဆက်တိုက်လုပ်နေပါတယ်၊ ကျွန်တော်ပြောချင်တာကတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ကြိုးစားဆောင်ရွက်မှုတွေဟာ အရှိန်အဟုန်နဲ့ ပိုမိုတိုးတက်လာတယ်လို့ ပြောချင်ပါတယ်”ဟု ပြောကြားသည်။

ထို့အပြင် မီဒီယာများ၏ မေးမြန်းမှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**




ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



**ကလေးစာပေပွဲတော်**

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


# နွေစပါးစိုက်ပျိုးနိုင်ရေး ကတိုက်ရေလှောင်တမံမှ စတင်ရေပေးဝေမည်



ကတိုက်ရေလှောင်တမံမှ နွေစပါးအတွက် ရေစတင်ပေးဝေနေစဉ်။

**ပေါင် ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကတိုက်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးနိုင်ရန် ရေကို စတင်ပေးဝေနေပြီဖြစ်သည်။ ရေပေးဝေမှုတွင် ကတိုက်ရေလှောင်တမံမှ ရေကိုဖြည့်ဆည်းပေးပြီး ရင်းငြိမ်ရေထိန်းတံခါးမှ ထိန်းသိမ်း၍ နွေစပါးကို စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

ကတိုက်ရေလှောင်တမံမှ ရေစတင်ရရှိမှုကြောင့် ဝန်းကျင်ကျေးရွာများမှာ နွေစပါး အထွက်နှုန်းတိုးပြီး အကျိုးဖြစ်ထွန်းမှုများသဖြင့် စိုက်ပျိုးဧကမှာ ပိုမိုများပြားလာသည်။ ကတိုက်ရေလှောင်တမံမှာ ယခုနှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၀၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်ခဲ့သည်။ သို့သော် လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရင်းငြိမ်ရေထိန်းတံခါးကို မိုးရာသီ၌ ချောင်းမြောင်းများအတွင်း သိုလှောင်ထားရှိမှုကြောင့် နွေစပါးရာသီတွင် ဧက ၁၆၀၀၀ ကျော်ကို ရေပေးဝေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ကြိုးပမ်းမှုကြောင့် ဆည်ရေပေးဝေနိုင်သည့် ဧကတစ်သောင်းထက် ဧကခြောက်ထောင်ကျော် ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းနှင့် ယခု ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ကာ ရေစတင်ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သောင်းက ပြောသည်။

“နွေစပါးဧက ၁၆၀၀၀ ကျော် အောင်မြင်စွာ ဖြစ်ထွန်းရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမှာပါ၊ ယခုနှစ် ရေပေးရာသီတွင် တွေ့ကြုံရသည့် အခြေအနေပေါ် မူတည်ပြီး လာမည့်နှစ်တွင် ယခုထက်ဧက ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ဖို့ နည်းလမ်းရှာဖွေကြံဆသွားမှာ ဖြစ်ပါတယ်၊ လယ်သမားတွေအတွက် ရေသုံးစွဲမှုကာလ ကြာမြင့်မည့် စပါးမျိုးထက် သက်တမ်းတိုစပါးမျိုးကို စိုက်ပျိုးပါက စိုက်ဧကတိုးမြှင့်ပြီး ရေပေးဝေနိုင်မှာဖြစ်သလို တစ်ချိန်တည်း စိုက်ပျိုးချိန်ဖြစ်ရန်လည်း လိုအပ်ပါတယ်” ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ပြောသည်။

မွန်ပြည်နယ်သည် မိုးရေချိန်များသော ပြည်နယ်ဖြစ်သော်လည်း နွေရာသီတွင် ရေချို့နည်းပါးမှုကြောင့် ကတိုက်ရေလှောင်တမံမှ ယခုလို ရေစတင်ပေးဝေနိုင်ခြင်းကြောင့် နွေစပါးစိုက်ပျိုးဧကမှာ ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်(မွန်)**

# ရန်ကုန်မြို့ နှစ်သစ်ကူး ဖျော်ဖြေပွဲများတွင် ပြည်သူ လေးသိန်းဝန်းကျင် လာရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်မြို့၌ ကျင်းပသော နှစ်သစ်ကူး ဖျော်ဖြေပွဲများကို ကျိုက္ကဆံကွင်း၊ မိုင်ဒါကွင်းနှင့် မင်းဓမ္မ (MEP) တို့၌ ကျင်းပရာ ပြည်သူလေးသိန်း ဝန်းကျင် လာရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

နှစ်သစ်တွင် ပြည်သူများအပန်းဖြေမှုကို ကျိုက္ကဆံကွင်း၌ ပြည်တွင်း အဆိုကျော် စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုး၊ အားတီ၊ လင်းလင်း၊ ဂျီလတ်၊ ဂျီဖက်၊ ချစ်သုဝေ၊ Bobby Soxer တို့နှင့်အတူ အခြားနာမည်ကျော်အဆိုရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ ကျိုက္ကဆံကွင်းတွင် ပြည်သူနှစ်သိန်းကျော် လာရောက်အားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဒဂုံမြို့နယ် မိုင်ဒါကွင်းတွင် ပြည်သူများအား အခမဲ့ဖျော်ဖြေပေးသော IC အဖွဲ့တွင်လည်း နိုင်ငံကျော်အဆိုတော် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းနှင့် အခြားအဆိုရှင်များ ပါဝင်ဖျော်ဖြေခဲ့သည်။ ထို့အပြင် အင်းစိန်မြို့နယ် မင်းဓမ္မ (MEP) ၌ လည်း နိုင်ငံကျော် တေးသံရှင်များဖြစ်သော ရင်ဂို၊ မျိုးကျော့မြိုင်၊ ဇော်ပိုင်၊ ဝေလ၊ အောင်ထက်၊ မိုးသောက်၊ ကော်နီ၊ ချောစုခင်၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ လဖိုင်၊ လူးလူတို့ ဖျော်ဖြေခဲ့ကြပြီး ရုံဝင်ကြေးအနေဖြင့် အထူးတန်းငွေကျပ် ၁၅၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၉၀၀၀ သတ်မှတ်ကောက်ခံဖျော်ဖြေခဲ့ကြသည်။

ရန်ကုန်မြို့၌ ယခုနှစ် နှစ်သစ်ကူး ဖျော်ဖြေပွဲများအပြင် အင်းလျားကန်ပေါင်၊ ကန်တော်ကြီးနှင့် ပြည်သူ့ရင်ပြင်နေရာများတွင်လည်း ပြည်သူများ သွားရောက်ကာ နှစ်သစ်ကူးအပန်းဖြေမှုများဖြင့် စည်ကားကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

နိုင်ငံတော်၏ အခြေခံလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်ထံမှ ချေးငွေရယူပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူများသို့ လုပ်ငန်းသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပို့ကုန်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးတို့အတွက် လိုအပ်သော အရင်းအနှီးများကို နှစ်တို နှစ်လတ်ချေးငွေအဖြစ်ထပ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။

**ထုတ်ချေးမည့်လုပ်ငန်းများ**

စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သည့် မျိုးစေ့သန့်စင်စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ အစာစပ်စက်၊ သီးနှံကြိတ်ခွဲစက်၊ ဆန်စက်၊ ဆီစက်၊ အရည်အသွေးမြင့်ထုတ်ကုန် ထုတ်လုပ်သည့် စက်ရုံများ၊ ထုပ်ပိုးစက်၊ နှစ်တို နှစ်လတ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အထူးသဖြင့် ပို့ကုန်တိုးမြှင့် ထုတ်လုပ်နိုင်သည့်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ အသင်းချုပ်များ၏ ထောက်ခံတင်ပြသည့် လုပ်ငန်းများကို ဦးစားပေးထုတ်ချေးပါမည်။

**ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် သက်တမ်း**

နှစ်တိုချေးငွေအဖြစ် သက်တမ်းသုံးနှစ်၊ နှစ်လတ်ချေးငွေအဖြစ် သက်တမ်း ငါးနှစ် သတ်မှတ်ပါသည်။ အတိုးနှုန်း တစ်နှစ်လျှင် ကိုးရာခိုင်နှုန်းဖြစ်ပါသည်။ ချေးငွေပမာဏမှာ လုပ်ငန်းနှင့် အာမခံပစ္စည်းအပေါ် မူတည်၍ ကျပ်သိန်း (၂၀၀)မှ ကျပ်သိန်း (၅၀၀၀) အထိ ဖြစ်ပါသည်။

**ရယူမည့် အာမခံပစ္စည်းများ**

လယ်ယာလုပ်ကိုင်ခွင့်ပုံစံ(၇)၊ လန-၃၉(သို့မဟုတ်) လယ်ယာမြေဥပဒေပုဒ်မ ၃၀ (က)နှင့် (ခ)အရ အခြားသုံးစွဲခွင့် သို့မဟုတ် မြေငှားလိုင်စင်/ဂရန် သို့မဟုတ် ဘိုးဘွားပိုင်မြေ၊ မြေသုံးစွဲခွင့်ပြုမိန့် မူရင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ချေးငွေအာမခံအဖြစ် တင်သွင်းနိုင်ပါသည်။ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်း အာမခံပေးအပ်နိုင်ပါသည်။ အာမခံပစ္စည်းမပေးနိုင်သူများ လုပ်ငန်းကောင်းမွန်ပါက ချေးငွေအာမခံအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။ ချေးငွေအာမခံအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ပါက ချေးငွေပမာဏကို အများဆုံး သိန်း ၂၀၀ အထိ သတ်မှတ်ထားပါသည်။

**ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်**

(က) သုံးနှစ်သက်တမ်းရှိသော ချေးငွေအတွက် ဆိုင်းငံ့ကာလတစ်နှစ် ကျသင့်အတိုးကို သုံးလတစ်ကြိမ်ဖြင့် ကောက်ခံပြီး အရင်းပေးဆပ်မှုကို နှစ်နှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် လေးရစ် ပေးဆပ်ရပါမည်။

(ခ) ငါးနှစ်သက်တမ်းရှိသော ချေးငွေအတွက် ဆိုင်းငံ့ကာလ နှစ်နှစ်၊ ကျသင့် အတိုးကို သုံးလ တစ်ကြိမ်ဖြင့် ကောက်ခံပြီး အရင်းပေးဆပ်မှုကို သုံးနှစ်အတွင်း ခြောက်လ တစ်ကြိမ်ဖြင့် ခြောက်ရစ် ပေးဆပ်ရပါမည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# စာပေပွဲတော်တွေ နှစ်စဉ်ကျင်းပပေးမယ်ဆိုရင် ကလေးတွေ ပျော်ရွှင်မှုရရှိသလို ကျောင်းအားလုံးလည်း ပေါင်းစည်းပြီးသားဖြစ်

ဦးကျော်ကျော်ထွန်း (ကျောင်းအုပ်ကြီး အထက(၆) ဗိုလ်တထောင်)

တွေ့ဆုံမေးမြန်း-ဝင်းစန္ဒီ၊ ဓာတ်ပုံ-ရဲထွင်



ဦးကျော်ကျော်ထွန်း



ဦးခင်မောင်ဦး



ဒေါ်အေးသန္တာချစ်



ဒေါ်စန်းစန်းဝေ



ဦးသိန်းဆွေ

**ယနေ့ကလေးလူငယ်များသည် အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ အဖိုးတန်ရတနာများဖြစ်ရာ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ပုံဖော်ပေးခြင်းပင် ဖြစ်သည်။**

**ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာအပါအဝင် မြို့ကြီးများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးဖြစ်ရာ ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက် အထိ ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း နံနက် ၉ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

**ကလေးစာပေပွဲတော်ကို မြန်မာနိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များမြင့်မားလာစေရန်၊ စာပေနှင့်ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများကို တင်ပြလိုက်ရပါသည်။**

**ဦးကျော်ကျော်ထွန်း**
**ကျောင်းအုပ်ကြီး၊ အထက(၆)ဗိုလ်တထောင်**

ကလေးစာပေပွဲတော်ကို အရင်က ကျင်းပလေ့မရှိပါဘူး။ ဒီနှစ် အပိုင်းအခြားနဲ့ မြို့တွေမှာ ကျင်းပလာတာတွေ့ရတယ်။ ရည်ရွယ်ချက်အနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်ဖြစ်လာမယ့် ကလေးတွေ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေဖို့က ပထမဆုံး ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒုတိယက ကလေးတွေမှာ တီထွင်ဖန်တီးလိုတဲ့စိတ်တွေ ပေါ်ပေါက်လာစေဖို့၊ တတိယက အပြောအဆိုနဲ့ နှုတ်မှုရေးရာတွေ တိုးတက်လာစေဖို့၊ ကလေးတွေ စာပေနဲ့ပျော်မွေ့ပြီးတော့ စာဖတ်ခြင်းနဲ့ စိတ်ပျော်ရွှင်ကျေနပ်မှုတွေ ရရှိသွားစေနိုင်ဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။

ပွဲတော်ကျင်းပမယ့်ရက်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆၊ ၇၊ ၈ သုံးရက်ကျင်းပမှာဖြစ်ပြီး နံနက် ၉ နာရီကနေ ည ၈ နာရီအထိ ဆောင်ရွက်ဖို့စီစဉ်ထားပါတယ်။

ပွဲတော်မှာ ကလေးတွေအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဂိမ်းကစားပွဲ၊ ဂိမ်းကစားတဲ့ပွဲတွေမှာဆိုရင် Team Building လို့ခေါ်တဲ့ အဆောက်အအုံ ဆောက်လုပ်တဲ့ကစားနည်း၊ Science Fair လို့ခေါ်တဲ့ သိပ္ပံနည်းပညာနဲ့ ပတ်သက်တဲ့ ကစားနည်း၊ အရုပ်ဆက်ကစားနည်း၊ စကားပုံဆက် ကစားနည်း၊ အိမ်ဆောက်လုပ်တမ်းကစားနည်းစတဲ့ ကစားနည်းငါးမျိုး ထည့်သွင်းထားပါတယ်။

ကလေးစာပေပွဲမှာ ဖျော်ဖြေရေးအစီအစဉ်တွေ အပြင် စာကြည့်တိုက်တွေနဲ့ ချိတ်ဆက်ထားတဲ့ ကလေးတွေ စိတ်ဝင်စားစေမယ့် အကြောင်းအရာ၊ စာအုပ်ခင်းကျင်းပြသထားမှု အပြင် ကျောင်းစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားပါမယ်။ စာအုပ်ဈေးရောင်းပွဲတော်က စာအုပ်အရောင်းဆိုင်တွေနဲ့လည်း ချိတ်ဆက်ထားတယ်။ ကျောင်းစာကြည့်တိုက်ထဲမှာ ဆိုရင်လည်း စာကြည့်တိုက်ထဲမှာ ကလေးတွေမြင်ဖူးနေတဲ့ စာအုပ်တွေ သာမကဘဲ တခြားစာအုပ်ပေါင်းစုံကိုပါ စိတ်ကြိုက်ရွေးချယ်ဖတ်ရှုလို့ရနိုင်အောင် စီစဉ်ထားတယ်။ ဒါ့အပြင် ကာတွန်းပညာရှင်တွေကလည်း ကယ်ရီကေချာလို့ခေါ်တဲ့ ကာတွန်းရုပ်ပြောင်ရေးဆွဲတာ၊ မျက်လှည့်ပွဲ၊ ရုပ်သေးပြပွဲတွေလည်း ထည့်သွင်းထားပါတယ်။ လူဝင်ပြီး ဓာတ်ပုံရိုက်လို့ရတဲ့ ကာတွန်းရုပ်ပုံ၊ ဂျိုကာရုပ်၊ လူဝံရုပ်နဲ့တွဲပြီး ဓာတ်ပုံရိုက်ကူးတာတွေလည်း စီစဉ်ထားတယ်။ ည ၈ နာရီအထိဆိုတော့ ရောင်စုံမီးတွေ ထွန်းညှိထားပြီး ကလေးတွေ အလှဓာတ်ပုံတွေကို ပျော်ပျော်ရွှင်ရွှင် ရိုက်ကူးလို့ရတယ်။ ပရိုဂျက်တာတွေ အသုံးပြုပြီး စာကြည့်တိုက်နဲ့ ပတ်သက်တဲ့ ကလေးတွေ စိတ်ဝင်စားစရာ စာအုပ်တွေကို ပြသထားမယ်။ ပုံပြင်ပြောပြိုင်ပွဲဆိုရင်လည်း ကလေးတွေကို ချက်ချင်းဆုပေးတဲ့အစီအစဉ် တွေပါဝင်သလို သိပ္ပံခေတ်သစ်ပညာရပ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေလည်း ပြသထားပါမယ်။

ကျောင်းမှာရှိတဲ့ အခန်းတွေကိုလည်း စာဖတ်ခန်းတွေ



ကလေးစာပေပွဲတော်ကျင်းပမည့် အထက(၆) ဗိုလ်တထောင်

အဖြစ် ဒီပွဲတော်မှာ ဖွင့်လှစ်ထားမယ်။ အကျိုးကျေးဇူးအနေနဲ့ ကလေးစာပေပွဲတော်ကို ကလေးတွေ လာရောက်တယ်ဆိုရင် စိတ်တွေ ပျော်ရွှင်သွားစေရမယ်။ Happy World ကစားကွင်းလည်း ဖွင့်ပေးထားမယ်။ ပွဲတော်အတွင်း ကလေးတွေ ကစားနည်းတွေကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် စိတ်ကူးဉာဏ်တွေ ရင့်သန်လာစေမယ်။ အားကစားနဲ့ ပတ်သက်ပြီးတော့လည်း ဘောလုံးကစားနည်း၊ ထုပ်ဆီးတိုးကစားနည်းတွေ ထည့်သွင်းထားတာကြောင့် ကျန်းမာကြံ့ခိုင်စေတဲ့အကျိုးကျေးဇူးတွေ ခံစားရရှိနိုင်မှာ ဖြစ်တယ်။

ကြိုတင်ပြင်ဆင်ထားမှုကတော့ ဒီကျောင်းက ရှေးဟောင်းအဆောက်အအုံဖြစ်တာကြောင့် ဆေးသုတ်တာတွေအပြင် မွမ်းမံပြင်ဆင်တာတွေကိုပါ အချိန်မီပြီးစီးဖို့ ဆောင်ရွက်နေပါတယ်။

ဖျော်ဖြေတင်ဆက်မှုအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ ကျောင်းအားလုံးက ကလေးတွေ ပါဝင်နိုင်အောင် စီစဉ်ထားပါတယ်။

မသန်စွမ်းကလေးတွေအတွက် ပုံပြော၊ ကျပန်းစကားပြော၊ ကဗျာရွတ်စတဲ့ အစီအစဉ်တွေလည်း ထည့်သွင်းထားတဲ့အတွက် သူတို့လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြား ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ ညပိုင်းမှာ ငြိမ်းချမ်းရေးဂီတပွဲတော်က အဆိုတော်တွေအပြင် ဒီကျောင်းက ကိုယ်ပိုင်ဆိုင်းဝိုင်းနဲ့ ဖျော်ဖြေတင်ဆက်မှုတွေ ပါဝင်သလို ကျောင်းသားဟောင်းအဆိုတော်ကြီးတွေနဲ့ လူငယ်ကျောင်းသားဟောင်းအဆိုတော်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ ပါဝင်မှာဖြစ်ပါတယ်။

ရန်ကုန်မှာ ကလေးစာပေပွဲတော်ကို ပထမဆုံးအကြိမ် ကျင်းပတာဖြစ်တဲ့အတွက် ဒီလိုစာပေပွဲတော်တွေကို နှစ်စဉ်ကျင်းပပေးသွားမယ်ဆိုရင် ကလေးတွေအတွက် ပျော်ရွှင်မှုတွေ ရရှိမှာဖြစ်သလို ကျောင်းအားလုံးလည်း ပေါင်းစည်းပြီးသားဖြစ်မှာ ဖြစ်ပါတယ်။ ကလေးမိဘတွေ၊ ပြည်သူလူထုတွေ အားလုံး လာရောက်ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ**
**ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်**

ကျွန်တော်က ကလေးစာပေပွဲတော် ကျင်းပရေးကော်မတီမှာ ပါဝင်ပါတယ်၊ ကလေးစာပေပွဲတော်ကို သာယာလှပစေဖို့နဲ့ အမြင်တင့်တယ်စေဖို့ အဆောက်အအုံကအစ မွမ်းမံပြင်ဆင်တာတွေ ဆောင်ရွက်နေပါတယ်။

ဒီခေတ်မှာ ကလေးတွေက စာဖတ်မှုအားနည်းသွားကြသလို စာအုပ်အပေါ် အာရုံစိုက်မှုလည်း အားနည်းတယ်၊ ကျွန်တော်တို့ခေတ်ကတော့ ကလေးတွေရဲ့ကြားမှာ ဘယ်စာအုပ်က ဖတ်သင့်တယ်၊ ဘယ်စာအုပ်က ကောင်းတယ်ဆိုတဲ့ သတင်းပေးပြောပြတဲ့ အလေ့အထရှိခဲ့တယ်၊ ဒီနေ့အချိန် အခါမှာတော့ ဒါမျိုးတွေသိပ်မကြားမိတော့ဘူး။ ဒီလိုစာပေပွဲတော်ကျင်းပပေးခြင်းအားဖြင့် ကလေးတွေ အာရုံစူးစိုက်မှုတွေ၊ အလေ့အထကောင်းတွေ၊ အပြုအမူကောင်းတွေ တိုးပွားလာပါမယ်။

ကလေးစာပေပွဲတော်ဆိုတာ ကလေးတွေတင် မဟုတ်ပါဘူး။ လူကြီးတွေလည်း ပါဝင်ဆင်နွှဲသင့်တယ်။ ဒါမှ မိမိရဲ့ ကလေးတွေကို ဘယ်လိုပျိုးထောင်ရမယ်။ စာပေဝါသနာပါအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အကြံကောင်းတွေ၊ အတွေးအခေါ်ကောင်းတွေ ရသွားမယ်ဆိုရင် နောင်မျိုးဆက်တွေက စာပေအပေါ်မှာ မွေ့လျော်ပြီး စာပေကို ချစ်မြတ်နိုးလာမယ်။ စာပေချစ်မြတ်နိုးတယ်ဆိုရင်ပဲ နောက်ဆက်တွဲအနေနဲ့ နိုင်ငံချစ်မြတ်နိုးစိတ်ကို စာပေက ရှာလို့ရတယ်။ နိုင်ငံရဲ့သမိုင်းကြောင်း ဗဟုသုတတွေ၊ ပြည်တွင်း၊ ကမ္ဘာနဲ့ ပတ်သက်တဲ့ အကြောင်းအရာ ဗဟုသုတတွေကို စာပေက ရှာလို့ရတယ်။ စာဖတ်ခြင်းအလေ့အထကို ကလေးတွေ ရသွားမယ်ဆိုရင် အခြားအကြောင်း အရာတွေမှာ အာရုံစူးစိုက်မှု နည်းသွားမယ်။

နောင်ခေါင်းဆောင်ဖြစ်လာမယ့် ကလေးတွေအတွက် ဒီစာပေပွဲတော်တွေက ရင်းနှီးမြှုပ်နှံတာပါ။ ကလေးတွေအတွက် ဖျော်ဖြေပွဲ၊ ပျော်ပွဲရွှင်ပွဲတွေလည်း ပါတယ်။ Happy World ကနေ Water Boom ရေဂါလန် တစ်သိန်းဆံ့တဲ့ ရေနဲ့ရေလွှာလျှောစီး ပျော်ပွဲ ရွှင်ပွဲတွေလည်း ပါဝင်မယ်။ ဘောလုံးပွဲဆိုရင် တိုင်းအဆင့် ယူ-၁၃ နဲ့ ယူ-၁၄ သက်ငယ်ပွဲတွေပါတယ်။ ထုပ်ဆီးတိုး အပါအဝင် အခြားပျော်ပွဲရွှင်ပွဲတွေလည်းပါမယ်။ အထက (၆) ဗိုလ်တထောင်ရဲ့ ဆိုင်းဝိုင်းကလည်း ဖျော်ဖြေတင်ဆက်မှာဖြစ်သလို ကျောက်ဆည်ဆင်အကလည်း ပါဝင်မယ်။ စိန့်ပေါလ် ကျောင်းသားဟောင်းတွေဖြစ်တဲ့ အနုပညာလောကက အဆိုတော်တွေလည်း ဒီပွဲမှာ ပါဝင်ဖျော်ဖြေဖို့စီစဉ်ထားတယ်။ ဒီပွဲက ဖျော်ဖြေမှုရော၊ ဗဟုသုတရော ပါဝင်တာကြောင့် ပျော်ရွှင်စွာ လာရောက်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးသန္တာချစ်**
**မြို့နယ်ပညာရေးမှူး၊ ဗိုလ်တထောင်မြို့နယ်**

ကလေးစာပေပွဲတော် ကျင်းပမယ်ဆိုကတည်းက ဌာနဆိုင်ရာတွေအနေနဲ့ နေရာရွေးချယ်အခန်းပြင်ဆင်မှု၊ သန့်ရှင်းမှုတွေကို ကူညီဆောင်ရွက်ပါတယ်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားဟောင်းများအဖွဲ့ကလည်း ဒီပွဲမှာ ပါဝင်ကူညီကြတယ်။ ငွေကြေးလိုအပ်ချက်တွေကို တိုင်းဒေသကြီးက စီစဉ် ဆောင်ရွက်ပေးပါတယ်။ ကျောင်းအတွင်းက အောင်ဆန်းခန်းမ၊ အောင်ကျော်ခန်းမစတဲ့ သက်ဆိုင်ရာ အခန်းအသီးသီးကို ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ ကလေးစာပေပွဲတော် ကျင်းပခြင်းအားဖြင့် ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ စာပေလေ့လာမှုစိတ်ဓာတ်တွေ၊ တီထွင်ဖန်တီးမှုစွမ်းရည်တွေ တိုးတက်လာစေမှာ ဖြစ်တယ်။ စာဖတ်တဲ့ အလေ့အထကနေ ဗဟုသုတတွေတိုးပွားစေတဲ့အတွက် နောင်နိုင်ငံ့အနာဂတ်မှာ ပိုမိုအကျိုးရှိမှာ ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းဝေ**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းပညာရေးမှူးရုံး**

ကလေးတွေရဲ့ကဗျာရွတ်ဆိုပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲတွေမှာ တာဝန်ယူကြီးကြပ်ပေးရမှာ ဖြစ်ပါတယ်။ ကလေးစာပေပွဲတော်ကို လာရောက်ဆင်နွှဲကြဖို့အတွက် မြန်မာ့ရုပ်မြင်သံကြားနဲ့ သတင်းစာထဲမှာပါ ဖိတ်ခေါ်ထားပါတယ်။ ရန်ကုန်တိုင်းပညာရေးမှူးရုံးမှာလည်း ရန်ကုန်တိုင်းဒေသကြီး အတွင်းက ကျောင်းတွေကို ဒီပွဲတော်မှာ ပြိုင်ပွဲတွေယှဉ်ပြိုင်ဖို့ ဖိတ်ခေါ် ထားပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ကျောင်းတွေ၊ ကိုယ်ပိုင်ကျောင်းတွေအပြင် အင်တာနေရှင်နယ် ကျောင်းအသီးသီးက ကလေးတွေကိုလည်း ဒီပွဲတော်ကို လာရောက်ဆင်နွှဲဖို့ ဖိတ်ခေါ်ထားပါတယ်။

ကလေးစာပေပွဲတော်ကျင်းပခြင်းဖြင့် ကလေးတွေနဲ့ ဆရာဆရာမတွေအကြား ရင်းနှီးမှုပိုလာစေမယ့်အပြင် ကလေးတွေလည်း စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို သိရှိရုံမက စာပေကိုလည်း ပိုစိတ်ဝင်စားလာစေမယ်လို့ ထင်ပါတယ်။ ပွဲတော်ကို လာရောက်ဆင်နွှဲခြင်းဖြင့် စိတ်ကျေနပ်ပျော်ရွှင်မှုတွေနဲ့ ဉာဏ်ရည် ဉာဏ်သွေးတွေပါ တိုးတက်လာစေမယ်လို့ထင်ပါတယ်။

**ဦးခင်မောင်ဦး**
**အတွင်းရေးမှူး၊ စိန့်ပေါလ်ကျောင်းသားဟောင်းများအသင်း**

ကလေးစာပေပွဲတော်မှာ စိန့်ပေါလ်ကျောင်းသားဟောင်းများအသင်းက ပြခန်းတစ်ခုအနေနဲ့ ပါဝင်ပြသမှာဖြစ်ပါတယ်။ စိန့်ပေါလ်ကျောင်းကို ၁၈၈၀ ပြည့်နှစ်က စတင်ခဲ့တာကြောင့် အခုအချိန်ဆိုရင် နှစ်ပေါင်း ၁၃၇ နှစ် တိုင်ခဲ့ပါပြီ။ ဒီကျောင်းမှာ တာဝန်ယူ ထမ်းဆောင်ခဲ့တဲ့ ဆရာကြီးတွေ၊ ကျောင်းသားဟောင်းတွေကနေ ယနေ့မျိုးဆက်သစ်တွေအထိ နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန်တွေ ထမ်းဆောင်ခဲ့ကြတဲ့ ထူးချွန်တဲ့သူတွေ ဒီကျောင်းက ပေါ်ထွန်းခဲ့တယ်။ ဒါတွေကို မျိုးဆက်သစ်ကလေးတွေ အားကျအတုယူစေဖို့အတွက် ပြခန်းတစ်ခုအနေနဲ့ ပါဝင်ပြသသွား မှာဖြစ်ပါတယ်။ စိန့်ပေါလ်ကျောင်းသားဟောင်းများအသင်းကို ၁၉၆၀ ခုနှစ်က တည်ထောင်ခဲ့ပြီး ကျောင်းရဲ့ လိုအပ်ချက်တွေမှန်သမျှ အသင်းအနေနဲ့ ပံ့ပိုးပေးလျက်ရှိပါတယ်။ ။

# စာပေညီလာခံ ၂၀၁၇ ကျင်းပခဲ့ရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

စာပေညီလာခံ ၂၀၁၇ အောင်မြင်ခမ်းနားစွာ ကျင်းပခဲ့ရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ညီလာခံကျင်းပရေးကော်မတီက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ညီလာခံကျင်းပရာတွင် လှုံ့ဆော်ရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သူ အနုပညာဒါရိုက်တာ ဦးမြင့်မောင်ကျော်က အမှတ်တရစကား ပြောကြားသည်။

ထို့နောက် ညီလာခံကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာပေအဖွဲ့အစည်း ၁၁ ဖွဲ့အား ကိုယ်စားပြုသည့် အလံများကို နောင်မျိုးဆက်သစ်စာပေ အနုပညာရှင်များသို့ လက်ဆင့်ကမ်းနိုင်ရန်အတွက် အနုပညာဒါရိုက်တာ ဦးမြင့်မောင်ကျော်က ညီလာခံ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဆရာမျိုးမြင့်ညိမ်းထံ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် ညီလာခံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စာပေအဖွဲ့အစည်း ၁၁ ဖွဲ့တို့မှ ကိုယ်စားပြုလူငယ်များက ညီလာခံနှင့် ပတ်သက်၍ အတွေ့အကြုံများကို ပြောကြားသည်။

ဆက်လက်၍ စာပေညီလာခံ ၂၀၁၇ အောင်မြင်ခမ်းနားစွာ ကျင်းပခဲ့ရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ စာပေညီလာခံကျင်းပရေး ကော်မတီဝင်များ၊ ညီလာခံကျင်းပရာတွင် ပါဝင်ခဲ့ကြသူများ၊ စာပေအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ (Myanmar Convention Center – MCC) ခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# စိုက်ပျိုးသီးနှံများတွင်ကျရောက်လေ့ရှိသော ဖျက်ပိုးများအား ဘက်စုံနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း သင်တန်းဖွင့်

**ရေတာရှည် ဒီဇင်ဘာ ၃၁**

ကျေးလက်ဒေသနေ တောင်သူများ၏ လယ်ယာကဏ္ဍစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းစီမံကိန်း(ADSP)နေပြည်တော်(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာန(ခွဲ)နှင့် ရေတာရှည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဆွာချောင်းဆည်ရေ သောက်ဧရိယာရှိ တောင်သူများကို ဖျက်ပိုးများ ဘက်စုံနည်းစနစ်များဖြင့် ကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ သုံးရက်ကြာသင်တန်းဖွင့်လှစ်ပို့ချပေးကြောင်း သိရသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစန်းလွင်နှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာကျင်ကျင်ဝင်းနှင့် တာဝန် ရှိသူများ၊ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့မှ တောင်သူသင်တန်းသား ၄၅ ဦးတက်ရောက်ခဲ့ကြသည်။

တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေးနှင့် သီးနှံအလိုက်ကြုံတွေ့ရလေ့ရှိသော ဖျက်ပိုးများနှင့် ကြွက်အန္တရာယ်တို့ကို ဘက်စုံနည်းလမ်းများဖြင့် ကာကွယ်နှိမ်နင်းနိုင်ရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ပြီး တက်ရောက်သည့် တောင်သူများမှ တစ်ဆင့် အခြားသော တောင်သူများကို အသိပညာဆင့်ပွားဖြန့်ဝေနိုင်ရန်လည်း ဖြစ်သည်။ သုံးရက်ကြာဖွင့်လှစ်သည့် သင်တန်း၌ စပါး၊ ပဲသီးနှံမျိုးစုံ တို့တွင် ကျရောက်နိုင်သော ပိုးမွှားရောဂါ၊ ကြွက်နှင့် ပေါင်းမြက်တို့အား ကာကွယ်နှိမ်နင်းရန် အဓိက သင်ကြားပို့ချခဲ့ခြင်း ဖြစ်ကြောင်း သင်တန်း ဦးဆောင်သူ ဒေါက်တာ ဒေါ်မို့မို့အေးက ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**



# ဟိုင်းကြီးကျွန်း၌ သက်ကြီးရွယ်အိုများအား အခမဲ့မျက်စိစမ်းသပ်

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ် - ၃ ရပ်ကွက်ရှိ မဟာစန္ဒာရုံဘုန်းတော်ကြီးကျောင်း၌ အထွေထွေဆေးကုသမှု ဆရာဝန် ဒေါက်တာလွမ်းဝေ ဦးဆောင်သော အဖွဲ့သည် သက်ကြီးရွယ်အိုများအား အခမဲ့ မျက်စိစမ်းသပ်မှုများကို ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်လျက်ရှိရာ ဒေသအတွင်းရှိ သက်ကြီးရွယ်အိုများအား မျက်စိစမ်းသပ်မှုများနှင့် လိုအပ်သည့် လူနာများအား မျက်မှန်များ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မျက်စိစမ်းသပ်ရန်အတွက် အမည်စာရင်းပေးထားသူ ဦးရေမှာ တစ်ရာကျော်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များကို တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်ပေးခြင်းများကို အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒေသအတွင်းမှာရှိတဲ့ အသက်အရွယ်ကြီးပြီး သွားလာရေး အခက်အခဲရှိတဲ့ အဘိုးအဘွားတွေကို ဦးစားပေးပြီး ပြုလုပ်ပေးသွားမှာပါ” ဟု ဒေါက်တာလွမ်းဝေက ပြောသည်။

အထွေထွေဆေးကုသမှု ဆရာဝန် ဒေါက်တာလွမ်းဝေ ဦးဆောင်သော အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက်၌ မျက်စိကုသမှုများ ဆောင်ရွက်ပြီးပါက ညောင်တုန်းမြို့သို့ ပြန်လည် ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ရခိုင်ပြည်နယ်သတင်း

# မောင်တောဒေသ ငါးစားသုံးမှုဖူလုံရေးအတွက် ကျေးရွာငါးကန်များ ထပ်မံတူးဖော်ပေးမည်

**မောင်တော ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် မောင်တောဒေသ ငါးစားသုံးမှုဖူလုံရေးအတွက် တိုင်းရင်းသားကျေးရွာများ၌ ကျေးရွာပိုင် ငါးကန်များ ဆက်လက် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ် ကျေးရွာငါးကန်များကို လာရောက်ကြည့်ရှုစစ်ဆေးစဉ် ညွှန်ကြားရေးမှူးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

“ရခိုင်ပြည်နယ် မောင်တောဒေသ တိုင်းရင်းသားကျေးရွာတွေ အားလုံးမှာ ပြည်နယ်အစီအစဉ်နဲ့ ငါးကန်တွေ တူးပေးဖို့ ဆောင်ရွက်နေပါတယ်။ စုစုပေါင်း ကျေးရွာ ၈၂ ရွာအတွက် တွက်ချက်တင်ပြထားပါတယ်။ လောလောဆယ် ကျေးရွာ ငါးရွာအတွက် တူးပေးပြီးသွားပါပြီ။ မောရဝတီ၊ ရွှေဇဟို၊ ခရေမြိုင်၊ ဖားဝပ်ချောင်းနဲ့ အောင်ဇေယျကျေးရွာတွေပဲ ဖြစ်ပါတယ်။ ကျေးရွာတစ်ရွာ တစ်ဧကနှုန်းနဲ့ တူးဖော်ပေးခဲ့တာ ဖြစ်ပါတယ်။



ဦးခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပြည်နယ်အစိုးရကို ရန်ပုံငွေတောင်းခံပြီး ရရှိတဲ့ဘတ်ဂျက်အပေါ် မူတည်ကာ ငါးကန်တွေကို ဆက်လက်တူးပေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ ငါးသားပေါက်တွေကိုလည်း မြို့သူကြီး ငါးသားဖောက်စခန်းက ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်” ဦးခင်မောင်မော်က ပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသသည် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သော ဒေသဖြစ်သော်လည်း ရေချို ငါးပုစွန်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သင့်ကြောင်း၊ ယခုနှစ်အတွင်း တိုင်းရင်းသားကျေးရွာ ၈၂ ရွာရှိသည့် အနက် တစ်ဝက်ခန့်ဖြစ်စေ၊ သုံးပုံ နှစ်ပုံဖြစ်စေ ငါးကန်များ တူးဖော်ပေးမှု ပြီးနိုင်ကြောင်း၊ သဘာဝအလျောက် ချောင်းပိတ်၊ မြောင်းပိတ် ငါးကန်များပါ တွဲဖက် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်နှစ်သုံးနှစ်အတွင်း မောင်တောဒေသ ငါးစားသုံးမှု ဖူလုံမည့်အပြင် ပြည်ပပါတင်ပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော်လည်း ဒေသနေ ရေလုပ်သားများနှင့် ကျေးလက်နေသူများ အနေဖြင့် ဘင်္ဂါလီပင်လယ်အော်၊ နတ်မြစ်တို့နှင့် နီးကပ်စွာ တည်ရှိနေမှုကြောင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို စိတ်ဝင်စားနေကြသည်။

“ကျွန်တော်တို့ဒေသဟာ ဘင်္ဂလား ပင်လယ်အော်နဲ့ ကပ်နေတဲ့ ဒေသပါ။ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်တဲ့ ဒေသပါ။ ဒါပေမယ့် ပင်လယ်ပြင်မှာ အန္တရာယ်ပြုနေတာတွေ ရှိနေတဲ့အတွက် မသွားရဲကြပါဘူး။ လုံခြုံရေးကို ထိထိရောက်ရောက် လုပ်ပေးနိုင်မယ်ဆိုရင်တော့ ခုချိန်မှာ ငါးတွေက ပေါတယ်။ ဒီဒေသက ကျောက်ပုစွန်လည်း ပေါတယ်။ ခုချိန်မှာတော့ နယ်မြေလုံခြုံမှုအရ ငါးဖမ်းဖို့ခက်ပါတယ်။ ရေရှည်မှာတော့ ငါးမွေးမြူရေးကန်တွေ တူးပေးထားတာက ကျေးရွာငါးစားသုံးမှုအတွက် တကယ်အကျိုးရှိမှာဖြစ်ပါတယ်”ဟု ရွှေဇဟိုကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ကိုတင်အောင်က ပြောသည်။



ရွှေဇဟိုတိုင်းရင်းသားကျေးရွာ၌ တူးဖော်ထားသည့် ကျေးရွာပိုင်ငါးကန်ကို တွေ့ရစဉ်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရွှေဇဟို၊ ခရေမြိုင် ကျေးရွာငါးကန်များ တူးဖော်ပြီးစီးမှုအနေအထားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့ပေါ်ရှိ ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ဝန်ထမ်းမိသားစုများအတွက် ငါးနီတူခြောက်နှင့် ကုလားပဲတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်း-မြင့်မောင်၊ဇေယျာ**

**ဓာတ်ပုံ -နေဝင်းထွန်း**

# ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာမှု အဆင်ပြေမည့် အနည်းဆုံးအခကြေးငွေ

ခင်ရတနာ

**ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်နေကြသော အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက် လည်းကောင်း၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက် လည်းကောင်း ရည်ရွယ်ကာ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် အနည်းဆုံးအခကြေးငွေဥပဒေကို ပြဋ္ဌာန်းထားခဲ့သည်။**

### နှုန်းထားတစ်ရပ်ဖြစ်စေရေး

မကြာမီအချိန်အတွင်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်တစ်ရပ် ထွက်ပေါ်လာရေးအတွက် အစိုးရ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များက ကြိုးပမ်းဆောင်ရွက်နေကြသည်။ အလုပ်သမားထုတစ်ရပ်လုံး၏ စားဝတ်နေရေးအတွက် အဆင်ပြေစေမည့် အနည်းဆုံးအခကြေးငွေဖြစ်ရေးနှင့် အလုပ်ရှင်များအနေဖြင့်လည်း အဆင်ပြေစွာ ပေးအပ်နိုင်မည့် နှုန်းထားတစ်ရပ်ဖြစ်စေရေးအတွက် ကဏ္ဍအသီးသီးမှ အပြင်းအထန် ဆွေးနွေးနေကြပြီဖြစ်ရာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် တက်ရောက်လာကြသည့် ကော်မတီဝင်များက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြပြီး အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားကို တစ်ရက်လျှင် ငွေကျပ် ၄၈၀၀ သတ်မှတ်ခဲ့ပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အကျုံးဝင် သတ်မှတ်ပေးနိုင်ရေး ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါဆုံးဖြတ်ချက်ကို ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်နိုင်ပြီး ယင်းသို့ သတ်မှတ်ခြင်းကို အလုပ်သမားအချို့နှင့် အလုပ်ရှင်အချို့ကလည်း ကန့်ကွက်ရန်အတွက် ပြောဆိုနေသံများကိုလည်း ကြားသိရသည်။

### ဝင်ငွေအဖြစ်သတ်မှတ်နိုင်

အခကြေးငွေဆိုသည်မှာလည်း အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းတစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သောအခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုလိုပြီး ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခ၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တ ကောင်းမွန်သဖြင့် အလုပ်ရှင်မှအပိုပေးသည့် ဆုကြေးငွေများသည် လည်းကောင်း၊ ဝင်ငွေအဖြစ်သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များလည်း ပါဝင်သည်။ သို့သော် ခရီးစရိတ်၊ လုပ်သက်ဆုငွေ၊ ပင်စင်လစာ၊ လူမှုဖူလုံရေးခံစားခွင့်၊ နေထိုင်ခ၊ ဆေးကုသစရိတ်၊ လုပ်ထုတ်နစ်နာကြေးစသည်တို့နှင့် မသက်ဆိုင်သည့် ငွေကြေးဝင်ငွေတစ်ခုလည်း ဖြစ်သည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန်အတွက် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးရသည်။

အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အခြေခံသင့်သည့်အချက်များနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ကာ သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အထိ ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းခြင်း၊ တင်ပြခြင်းတို့ကို ပြုလုပ်ပေးကြသူများလည်း ဖြစ်သည်။

### အနည်းဆုံး အခကြေးငွေ သတ်မှတ်

အနည်းဆုံးအခကြေးငွေကို အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုလိုအပ်ချက်များ၊ လက်ရှိလုပ်ခလစာများ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ၊ စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ၊ လိုက်လျောညီထွေဖြစ်မည့် လူနေမှုဘဝအဆင့်အတန်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေး လိုအပ်ချက်များနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ၊ နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ အလုပ်၏သဘော သဘာဝများ၊ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသော အခြားအချက်များ စသည်တို့အခြေခံကာ အနည်းဆုံးအခကြေးငွေကို သတ်မှတ်ရခြင်း ဖြစ်သည်။

အလုပ်ရှင်အနေဖြင့် သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် လျှော့နည်း၍ အလုပ်သမားများကို အခကြေးငွေပေးခြင်း မပြုလုပ်ရဘဲ၊ အနည်းဆုံးအခကြေးငွေထက်ပို၍ ပေးရမည် ဖြစ်သည်။ ထို့ပြင် ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများကို အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့်ပေးရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံးအခကြေးငွေပေးရာတွင် ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစုဆန္ဒအရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်စျေးနှုန်းဖြင့် သတ်မှတ်ထားသော ပစ္စည်းများတွဲဖက်၍ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ပေးရမည်ဖြစ်သည်။

ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအနေဖြင့် သတ်မှတ်ထားပြီးသည့် အနည်းဆုံးအခကြေးငွေကို အလုပ်သမားထံ ပေးရန်ပျက်ကွက်ခြင်း၊ အလုပ်သမားရထိုက်သည့် အနည်းဆုံးအခကြေးငွေနှင့် ခံစားခွင့်များအောက် လျှော့နည်းခြင်း၊ မမှန်မကန် စာရင်းသွင်းခြင်း၊ လိမ်လည်အစီရင်ခံခြင်း၊ သက်ဆိုင်ရာဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံတင်ပြရန် ပျက်ကွက်ခြင်းတို့ဖြစ်ပါက ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ရာရောက်ပြီး ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ်တစ်နှစ်ဖြစ်စေ၊ ငွေကျပ် ငါးသိန်းထက် မပိုသည့် ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။



ဒီဇင်ဘာ ၂၉ ရက်က အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပစဉ်။

### အတိအလင်း ပြဋ္ဌာန်းထား

ထို့ပြင် အနည်းဆုံး အခကြေးငွေ အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းနှင့် အလုပ်သမားများအား အနည်းဆုံးအခကြေးငွေ နှုန်းထားများအနက် မိမိ၏ အလုပ်သမားများနှင့် သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများနှင့် စပ်လျဉ်း၍ အသိပေးကြော်ငြာရန် ပျက်ကွက်ပါက ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပုဒ်မ ၂၄ ပါ တားမြစ်ချက်ဖောက်ဖျက်မှုအဖြစ် အလုပ်ရှင်များအား ပြစ်ဒဏ် ပေးအပ်နိုင်ပါသည်။ တရားရုံးသည် ပုဒ်မ ၂၃ နှင့် ၂၅ တို့အရ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ အလုပ်ရှင်က ပေးဆောင်ရန်ပျက်ကွက်သည့် အခကြေးငွေကို ငွေဒဏ်အဖြစ် ချမှတ်ကာ အလုပ်သမားအား ပေးရမည်ဟု ဥပဒေတွင် အတိ အလင်း ပြဋ္ဌာန်းထားပါသည်။

အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ချိန်တွင် အလုပ်သမားကိုယ်စားလှယ်များက အနည်းဆုံးအခကြေးငွေကို ငွေကျပ် ၅၆၀၀ မှ ငွေကျပ် ၆၆၀၀ ရရှိရေးအတွက် တောင်းဆိုထားကြပြီး အလုပ်ရှင်ကိုယ်စားလှယ်များကမူ ငွေကျပ် ၄၀၀၀ နှုန်းကို လက်ရှိစီးပွားရေးအနေအထားအရ စဉ်းစားဆုံးဖြတ်ပေးရန် တင်ပြတောင်းဆိုထားခဲ့သည်။

အလုပ်သမားအဖွဲ့အစည်းများမှ တင်ပြခဲ့သည့် အနည်းဆုံးအခကြေးငွေနှုန်းထား ငွေကျပ် ၅၆၀၀ သတ်မှတ်ပါက တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ၊ အသေးစားလုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများအတွက် အခက်အခဲရှိနိုင်ကြောင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်အားခကို ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အမိန့်ကြော်ငြာစာဖြင့် တစ်နေ့ ရှစ်နာရီအတွက် ငွေကျပ် ၃၆၀၀ နှုန်းကို ခွင့်ပြုထားခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနက် အခြေခံ ရုံးအကူဝန်ထမ်း၏ လစာမှာ ငွေကျပ် ၁၂၀၀၀၀ သတ်မှတ်ထား၍ တစ်နေ့လုပ်အားခမှာ ငွေကျပ် ၄၀၀၀ ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ လက်ရှိ အနည်းဆုံးအခကြေးငွေများကို ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ အနည်းဆုံးအခကြေးငွေကို တစ်နာရီလျှင် ငွေကျပ် ၆၀၀ ဖြင့် ရှစ်နာရီအတွက် ငွေကျပ် ၄၈၀၀ နှုန်း သတ်မှတ်ပါက လက်ရှိနိုင်ငံ့ဝန်ထမ်း အခြေခံရုံးအကူဝန်ထမ်းလစာမှာ တစ်နာရီလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ရှစ်နာရီအတွက် ငွေကျပ် ၄၀၀၀ နှုန်း ရှိသည့် လစာငွေကျပ် ၁၂၀၀၀၀ ထက်တိုးမြှင့်ပေးရမည့် အနေအထား ဖြစ်နေကြောင်း၊ အနည်းဆုံးအခကြေးငွေကို မြင့်မားစွာ သတ်မှတ်ခြင်းဖြင့် ကုန်စျေးနှုန်းများ မြင့်မားလာနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာ၍ ဝန်ထမ်းများ လျှော့ချလာနိုင်ခြင်း၊ ပိတ်သိမ်းနိုင်ခြင်းများလည်း ဖြစ်လာနိုင်ကြောင်း၊ ယင်းတို့ကြောင့် အလုပ်လက်မဲ့များ တိုးပွားလာနိုင်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကိုလည်း အဟန့်အတားဖြစ်စေနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

### ရပိုင်ခွင့်နှင့် တာဝန်သိမှုများ

အနည်းဆုံးအခကြေးငွေ နည်းပါးပါကလည်း အလုပ်သမားများနှင့် မိသားစုဝင်များအတွက် စားဝတ်နေရေးအခက်အခဲဖြစ်ပေါ်စေနိုင်ပြီး အလုပ်သမားနှင့် အလုပ်ရှင်အကြား အငြင်းပွားမှု ပိုမိုဖြစ်ပွားနိုင်ခြင်း၊ ကုန်ထုတ်စွမ်းအားကျဆင်းစေနိုင်ခြင်း၊ လုပ်ငန်းခွင် အေးချမ်းသာယာခြင်းကို ထိခိုက်စေခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ အလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် မိမိတို့၏ ရပိုင်ခွင့်နှင့် တာဝန်သိမှုများ ဆက်စပ်မှုကို ဂရုပြုရန် လိုအပ်ပါသည်။

ထို့ပြင် စျေးကွက်စီးပွားရေးအခြေအနေနှင့် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးကို အလေးထားစဉ်းစားပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် သင့်တော်မည့် နှုန်းထားတစ်ခုအတည်ပြုနိုင်မှသာ နိုင်ငံတစ်ဝန်းတွင်ရှိသည့် လုပ်သားစွမ်းအားရှင်တို့၏ ဘဝအဆင့်အတန်း မြင့်မားလာနိုင်ပြီး နိုင်ငံ့စီးပွားရေးလည်း တောင့်တင်းလာမည်ဖြစ်ခြင်းကြောင့် နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းအဖြေရှာကာ အသင့်တော်ဆုံး အနည်းဆုံးအခကြေးငွေ တစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် မျှော်လင့်မိပါကြောင်း။ ။

# မွေးမြူဆေးကုဆရာဝန်များ၊ မွေးမြူရေး ပညာရှင်များ စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက တက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ယခုနှစ်အတွက် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများက ပါမောက္ခချုပ် ရှေ့မှောက်၌ ကတိသစ္စာပြုကြကာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာမာမာဝင်းက ဘွဲ့ရရှိသူများအား တစ်ဦးချင်း ဘွဲ့လက်မှတ်များ အပ်နှင်းပြီး ပါမောက္ခချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ထူးချွန်ဆုရ ဆရာ ဆရာမများဖြစ်သည့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာရဲထွဋ်အောင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာလှိုင်လှိုင်မြင့်နှင့် ကထိက ဒေါက်တာ မင်းအောင်တို့ကို လည်းကောင်း၊ တန်းစဉ်အလိုက် အမှတ်အများဆုံးရရှိသည့် မသဲစုငြိမ်း၊ မေမီထွေးနှင့် မပြုံးမာလွင်တို့ကို လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)သည် ၁၉၅၇ ခုနှစ်ကစတင် တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကာလအတွင်း ယခုနှစ်ဘွဲ့ရရှိသူများအပါအဝင် မွေးမြူဆေးကု ပညာရှင် စုစုပေါင်း ၅၂၂၅ ဦးကို မွေးထုတ် ပေးနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်အထိ BVSc ဘွဲ့ရ ၅၂၂၅ ဦး၊ Mphil ဘွဲ့ရ ၂၁ ဦး၊ MVM ဘွဲ့ရ ကိုးဦး၊ MVSc ဘွဲ့ရ ၂၆၈ ဦး၊ Ph.D ဘွဲ့ရ ၁၇ ဦးအပြင် Dip-L.I.S ဘွဲ့ရ ၂၂၀ နှင့် Dip L.P.A ဘွဲ့ရ ၄၄၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ပြီး ယခုအထိ မွေးမြူဆေးကုဆရာဝန်များ၊ မွေးမြူရေးပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။



ယနေ့ကျင်းပသော ဘွဲ့နှင်းသဘင် အခမ်းအနား၌ Ph.D ဘွဲ့ရရှိသော ကိုစိုးမင်းသိန်းက “မွေးမြူရေး ဆေးပညာနှင့်ပတ်သက်လို့ ကျွန်တော်တို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့အခါမှာ မွေးမြူရေး ဆေးပညာရပ်တွေဟာ ပိုပြီးတော့ လိုအပ်တယ်၊ မွေးမြူရေးဆေးပညာတွေနဲ့ ပတ်သက်ပြီး နည်းပညာ လိုအပ်ချက်တွေ ဖြည့်ဆည်းပြီးတော့ သုတေသနလုပ်ငန်းတွေလုပ်ဖို့ ပိုပြီးလိုအပ်တယ်ဆိုတာ သိလာပါတယ်၊ ကျွန်တော် ၂၀၁၀ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ MSc ဆက်တက်ခဲ့တယ်၊ အဲဒီနောက်မှာ ၂၀၁၂ ခုနှစ်ကနေ အခု ၂၀၁၇ ခုနှစ်မှာ Ph.D ဘွဲ့ကို ရရှိခဲ့တာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ ပညာသင်ကြားတဲ့ အလုပ်တင်မဟုတ်ဘဲနဲ့ ဒီပညာရပ်တွေကို အခြေခံပြီး နိုင်ငံတကာက အဖွဲ့အစည်းတွေ၊ NGO တွေနဲ့ ပူးပေါင်းပြီးတော့ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ယနေ့ကျင်းပသော ဘွဲ့နှင်းသဘင် အခမ်းအနားတွင် Ph.D ဘွဲ့ ရရှိသူ ခြောက်ဦး၊ BVSc ဘွဲ့ရရှိသူ ၁၉၈ ဦး၊ MVM ဘွဲ့ရရှိသူ ကိုးဦးနှင့် MVSc ဘွဲ့ရရှိသူ ၇၉ ဦးတို့အား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် BVSc ဘွဲ့ရရှိသူများအတွက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီက ကြီးမှူး၍ (၁၈) ကြိမ်မြောက် တိရစ္ဆာန်ဆေးကုဆရာဝန် လက်မှတ် အပ်နှင်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ - သီဟစည်သူ**

# မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အများပြည်သူများ လာရောက်လေ့လာ အပန်းဖြေနိုင်ရန် စီမံဆောင်ရွက်ထားရှိ



**နေပြည်တော် ဒီဇင်ဘာ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ညနေပိုင်းက မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ ရောက်ရှိခဲ့ရာ ဘေးမဲ့တော ပညာပေးပြခန်းအတွင်း လာရောက် အပန်းဖြေသူများ လေ့လာကြည့်ရှုနိုင်ရန် ရေဝပ်ဒေသများနှင့် စပ်လျဉ်း၍ ပညာပေးပြသထားမှုများအား ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ရှင်းလင်းတင်ပြသည်။

**နှစ်စဉ်တိုးတက်**

ထို့နောက် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အများပြည်သူလာရောက် အပန်းဖြေနိုင်ရန်ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး(**ယာပုံ**) ဘေးမဲ့တောအတွင်းသို့ ဧည့်သည်ဝင်ရောက်မှု နှစ်စဉ်တိုးတက်လာသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ဘေးမဲ့တောအတွင်း ငှက်ကြည့်လေ့လာသူများအပြင် လာရောက်အပန်းဖြေသူများအတွက်ပါ ဆွဲဆောင်မှုရှိရန်လိုအပ်ကြောင်း၊ ဆောင်းခိုငှက်များနှင့် ဌာနေရေပျော်ငှက်များအတွက် ကောင်းမွန်သည့် ဂေဟစနစ်များ လိုအပ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကြောင့် အဆိုပါဂေဟစနစ်များ ပျက်စီးယိုယွင်းသွားခြင်း မရှိစေရေး ဇုန်များခွဲခြား၍ စီမံအုပ်ချုပ်ခြင်းအား ဒေသခံပြည်သူများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဘေးမဲ့တောအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်ပျက်စီးစေမည့် ပြင်ပမှမျိုးစိတ်သစ်များ ဝင်ရောက်လာမှုနှင့် စပ်လျဉ်း၍ အထူးဂရုပြု ဆွေးနွေးမှာကြားသည်။

**တာဝန်ယူဆောင်ရွက်**

ဆက်လက်၍ မိုးယွန်းကြီးအင်းဘေးမဲ့တောအတွင်း ဧည့်သည်များ တည်းခိုအပန်းဖြေခြင်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော ရွှေပြည်အေးကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းပိုင် သန်လျင် ခဲမဖြူသန့်စင်စက်ရုံသို့ရောက်ရှိစစ်ဆေးခဲ့ရာ ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမအတွင်း စက်ရုံမှူးက ခဲမဖြူသန့်စင်ဆောင်ရွက်နိုင်မှုများနှင့် စက်ရုံမြေနေရာဝင်းအတွင်း မြေအသုံးချမှုများအား ဦးစွာရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ခဲမဖြူသန့်စင်ရန်အတွက် အရည်အသွေးပြည့်ဝသည့်ကုန်ကြမ်းများရရှိမှု၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံအကြီးစားပြုပြင်ရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အချက်များအား ပြန်လည် ဆွေးနွေးမှာကြားသည်။

**ကွင်းဆင်းစစ်ဆေး**

ထို့နောက် ခဲမဖြူသန့်စင်နေမှုများအားလည်းကောင်း၊ သန့်စင်ပြီး ခဲမဖြူများ သိုလှောင်ထားရှိမှုများအား လည်းကောင်း၊ စက်ရုံပိုင်မြေဧရိယာအတွင်း မြေအသုံးချမှုများအား လည်းကောင်း ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျော်ဖုံးမှ*

Happy New Year လို့ သံပြိုင်အော်ဟစ် ဆုတောင်းလိုက်ရတာ နောင်နှစ်အတွက် အားအင်အသစ်တွေ တိုးလာသလိုပါပဲ”ဟု နှစ်သစ်ကူးပွဲသို့ ပါဝင်ဆင်နွှဲသူ ကိုမျိုးဝင်းက ပြောသည်။

အဆိုပါ New Year Count Down ပွဲသို့ မန္တလေးမြို့နယ်ရှိ ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ လာရောက်၍ နှစ်သစ်အတွက် သံပြိုင်ဆုတောင်းခြင်းများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ကာ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

◆ *ကျော်ဖုံးမှ*

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် လာမည့်ရာသီမှစ၍ ကလပ်အသင်းများတွင် အာဆီယံကစားသမားတစ်ဦး ထည့်သွင်းကစားရမည်ဟု သတ်မှတ်ခဲ့သောကြောင့် မြန်မာကစားသမားများ ပြည်ပထွက် ကစားခွင့်ရရန် အခွင့်အရေးများရှိလာခဲ့ပြီး ဇော်မင်းထွန်းသည် လာမည့်ရာသီတွင် ထိုင်းကလပ်အသင်းများ၌ သွားရောက်ကစားသည့် ခြောက်ဦးမြောက် မြန်မာကစားသမားဖြစ်လာသလို ထိုင်းနိုင်ငံ၏ အမြင့်ဆုံးလိဂ်ဖြစ်သော ထိုင်းလိဂ်-၁ တွင် ကစားခွင့်ရမည့် တတိယမြောက် မြန်မာကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

**သွားရောက်ကစား**

ဇော်မင်းထွန်း မတိုင်မီက အောင်သူက Police Tero အသင်း၊ ကျော်ကိုကိုက ချင်းရိုင်ယူနိုက်တက်အသင်း၊ ကောင်းဆက်နိုင်က ဆာမတ်ဆာခွန်အသင်း၊ ကျော်ဖြိုးဝေက ဖူးခက်စီးတီးအသင်း၊ ဝင်းလှိုင်ဦးက ရနောင်းအသင်းတွင် သွားရောက်ကစားမည်ဖြစ်သည်။



ဇော်မင်းထွန်း

**ပြောင်းရွှေ့ခဲ့**

ဇော်မင်းထွန်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို မကွေးအသင်းတွင် စတင်ခဲ့ပြီး ၂၀၁၃ ရာသီတွင် ရတနာပုံအသင်းသို့ ရောက်ရှိခဲ့ကာ ရန်ကုန်အသင်းသို့ ၂၀၁၅ ရာသီတွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

---

# မန္တလာအိုးပင်းဖလား ဖိတ်ခေါ်အဆင့်မြင့် အမျိုးသားဘတ်စကက်ဘော ဗိုလ်လုပွဲယှဉ်ပြိုင် စစ်ကိုင်းလူငယ်နှင့် Great One မန္တလေးတို့ ဗိုလ်စွဲ

**မန္တလေး ဒီဇင်ဘာ ၃၁**

ဒုတိယအကြိမ် မန္တလာအိုးပင်းဖလား ဖိတ်ခေါ် အဆင့်မြင့် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၁ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ အသက် ၂၃ နှစ်အောက် ဗိုလ်လုပွဲပြိုင်ပွဲတွင် စစ်ကိုင်းအသင်းက Mi Su Su အသင်းကို ၈၄ မှတ်၊ ၇၁ မှတ်ဖြင့် နိုင်ပြီး အလွတ်တန်းအဆင့်မြင့် ဗိုလ်လုပွဲတွင် Great One မန္တလေးအသင်းက Fox အသင်းကို ၆၇ မှတ်၊ ၅၃ မှတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရ ဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ အသက် ၂၃ နှစ်အောက် ပြိုင်ပွဲတွင် တတိယဆုရ ကရင်ပြည်နယ်မှ ရတနာစံတော်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုငွေကျပ် ငါးသိန်း၊ အကောင်းဆုံးဆုရ အားကစားသမား ဇာနည်ထွန်းတို့ကို ကောင်းဆုအောင် ဘတ်စကက်ဘောကလပ်ဥက္ကဋ္ဌ ဦးဝေယံအောင်နှင့် ဥက္ကဋ္ဌက လည်းကောင်း၊ ဒုတိယဆုရ Mi Su Su အသင်းအား တစ်ဦးချင်းဆုများကို ဘတ်စကက်ဘော ဆပ်ကော်မတီဒုဥက္ကဋ္ဌက လည်းကောင်း၊ ပထမဆုရ စစ်ကိုင်းအသင်းအား ကောင်းဆုအောင် ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးစံထွေးက တစ်ဦးချင်းဆုများနှင့် ဆုငွေကျပ် ၁၀ သိန်း ချီးမြှင့်ကြသည်။

ထို့နောက် အလွတ်တန်းပြိုင်ပွဲတွင် တတိယဆုရ တောင်ကြီးအသင်းအား ဆုတံဆိပ်များနှင့်ဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ Fox အသင်းအား မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက တစ်ဦးချင်းဆုများနှင့် ဆုငွေကျပ် ခုနစ်သိန်းကို ပေးအပ်ပြီး အလွတ်တန်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ Great One အသင်းမှ ချင်းတကို ဆုငွေနှင့် ထူးချွန်ဆု၊ ဘတ်စကက်ဘောပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသည့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒိုင်လူကြီးများအား ဂုဏ်ပြုငွေကျပ် သုံးသိန်း၊ ၂၀၁၈ ခုနှစ် တတိယအကြိမ် မန္တလာအိုးပင်းဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက် ကျင်းပနိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ ၂၀၁၇ ခုနှစ် ၂၃ နှစ်အောက်နှင့် အလွတ်တန်းပြိုင်ပွဲတို့တွင် ပထမဆုရအသင်းတို့အား ငွေကျပ် သုံးသိန်း၊ ဒုတိယဆုရအသင်းတို့အား ငွေကျပ်နှစ်သိန်း၊ တတိယဆုရအသင်းတို့အား ငွေကျပ်တစ်သိန်းတို့ကို MSI မှ ဦးအောင်မြင့်ကပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အလွတ်တန်းပြိုင်ပွဲတွင် ပထမဗိုလ်စွဲသည့် Great One မန္တလေးအသင်းအား မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ ဦးစိုးသန်း(ခ)ဦးကျော်စိုးသန်းက တစ်ဦးချင်းဆုများ၊ ဆုငွေကျပ် ၁၀ သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




---

# ခရီးသည်ယာဉ်ပေါ် အံ့ဝှက်ပြုလုပ်သယ်ဆောင်လာသည့် ပိတောက်တုံးများ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ ပြီး ဒီဇင်ဘာ ၃၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၂ စီး၊ သွင်းကုန် ၁၀၄၈ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၄၅စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၁၅၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၆၀ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀ ဒသမ ၉၁၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၃၀ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၁ မိုင် ၇ ဖာလုံ၊ ပန်ဖတ်ကျေးရွာအနီး၌ ယာဉ်အမှတ် 9B/---- ရွှေရောမင်း Express မော်တော်ယာဉ်တစ်စီးအား ယာဉ်မောင်းမတွေ့ရဘဲ မသင်္ကာဖွယ်ရာ ရပ်တန့်ထားသည်ကို တွေ့ရှိ၍စစ်ဆေးခဲ့ရာ ယာဉ်ပေါ်ရှိ ခရီးသည်ထိုင်ခုံများ အောက်တွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲရွှေသစ် အတုံး ၉၀၊ ၃ ဒသမ ၀၂၀၄ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၀၆၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# အနာဂတ်အလင်းရောင် ဓမ္မစကူးလ်မှ ကြီးမှူး၍ တတိယအကြိမ် ဓမ္မသဘင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သာသနပါလဓမ္မရိပ်သာ(မြိတ်)ကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် အနာဂတ် အလင်းရောင် ဓမ္မစကူးလ်မှ ကြီးမှူးကာ တတိယအကြိမ်မြောက် ဓမ္မသဘင်အား ဇန်နဝါရီ ၄ ရက်မှ ၇ ရက်အထိ လေးညတိုင်တိုင် တရားအလှူ ပေးလှူမည်ဖြစ်ကြောင်း သိရသည်။

ဓမ္မသဘင်တရားအလှူပေးအခမ်းအနားတွင် သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာအရှင်ဉာဏိန္ဒ၊ ဝေဆရာတော်အရှင်သုမင်္ဂလ ဂုဏ်တော်ပဋ္ဌာန်းသားရဟန်း၊ ကိုရီးယားဆရာတော်မနာပါဒယီ အရှင်ဝိစိတ္တ၊ အနာဂတ်အလင်းရောင်ဆရာတော် အရှင်ဝါသေဋ္ဌတို့က ဇန်နဝါရီ ၄ ရက် ည ၇ နာရီခွဲမှ စတင်ကာ ညစဉ် ဟောကြားမည်ဖြစ်ကြောင်းနှင့် တရားဓမ္မသဘင်သို့လာရောက်မည့် ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိ ၉ ရပ်ကွက်ရှိ ဒေသခံများအတွက် ရပ်ကွက်ဓမ္မာရုံများတွင်လည်းကောင်း၊ အစိုးရဝန်ကြီးရုံးများမှ သဇင်ဆောင်နှင့် သပြေဆောင်တို့တွင် နေထိုင်ကြသော ဝန်ထမ်းများအတွက် အဆိုပါအဆောင်များသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် ကြိုပို့ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

---

# လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ရန်ကုန်မြို့လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ စုစုပေါင်း ၃၀၀ ကျော် သန်လျင်၌ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး(၁၉)ကြိမ်မြောက် ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီက သန်လျင်မြို့နယ် စတားစီးတီး (ကြယ်စင်အိမ်ရာ ဝင်ပေါက်အရှေ့)မှ စတင်ကာ စုစုပေါင်း ၃၀၀ ကျော်ပါဝင်၍ သန်လျင်မြို့တွင်းသို့ လှည့်လည်ကာ စုပေါင်း စက်ဘီးစီးနင်းခဲ့ကြကြောင်း သိရသည်။

လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့မှ ကျင်းပကာ စုစုပေါင်း ၃၀၀ ကျော်တို့သည် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့မလမ်း၊ လမ်းမတော်လမ်း၊ ပဲခူးစုလမ်း၊ ကျိုက်ခေါက် ဘုရားလမ်းမ၊ ကျိုက်ခေါက်ဘုရားလက်ယာတစ်ပတ် လှည့်လည်ကာ



မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက် ဘုရားလမ်း၊ ဒေါင်းမင်းပန်းခြံသို့ စုပေါင်း စက်ဘီးစီးနင်းခဲ့ကြသည်။

ရန်ကုန်မြို့ လူထုစုပေါင်း စက်ဘီး စီးနင်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီ ခြိုးခြံချွေတာရေး၊ လေထုညစ်ညမ်းမှု စုပေါင်းလျှော့ချရေးနှင့် ယာဉ်ကြောကျပ်တည်းမှု ပူးပေါင်းလျှော့ချရေး ရည်ရွယ်ချက်တို့ဖြင့် စုပေါင်းပြုလုပ်ရခြင်းဖြစ်ပြီး လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင် လေးခရိုင်အတွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ တစ်လလျှင် တစ်ခရိုင် လူထုစုပေါင်း စက်ဘီးစီးနင်းခြင်းဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- တိုက်စစ်မှူး ကာဗာနီသည် အသင်းဖော် နေမာနှင့် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖို့ အစီအစဉ်များမရှိကြောင်းနှင့် ချန်ပီယံလိဂ်ဖလားရယူချင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ကာဗာနီ (၃၀နှစ်) သည် ၂၀၁၃ ခုနှစ်တွင် နာပိုလီအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာပြီး အသင်းအတွက် ၂၂၄ ပွဲတွင် ၁၅၅ အထိ သွင်းယူပေးထားနိုင်ပြီး အီဗရာဟီမိုဗစ် စံချိန်တင်ထားခဲ့သော ၁၅၆ ဂိုးကိုလိုက်မီရန် တစ်ဂိုးသာလိုတော့ကြောင်းလည်း သိရသည်။
- ဘာစီလိုနာအသင်းသည် လာမည့်အပတ်တွင် ကော်တင်ဟိုကို ပေါင်သန်း ၁၃၀ ဖြင့် ကမ်းလှမ်းမည်ဖြစ်ပြီး ချဉ်းကပ်နိုင်မည်ဟုလည်း ၎င်းကလပ်က ယုံကြည်နေကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ဝက်စ်ဟမ်းအသင်းသည် ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း ဒေ့ါမွန်အသင်းမှ အင်ဒရီရှာရယ် (၂၇နှစ်) ကို စိတ်ဝင်စားလျက်ရှိနေကြောင်း ဂျာမန်အခြေစိုက် သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- မိုနာကို ကွင်းလယ်ကစားသမား သောမက်စ်လီမာ (၂၂နှစ်) သည် ဇန်နဝါရီတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ယူကေအခြေစိုက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- မန်ယူတိုက်စစ်မှူး လူကာကူသည် စနေနေ့ညက ဆောက်သမ်ပတန်အသင်းကို ဂိုးမရှိသရေကျခဲ့သောပွဲစဉ်တွင် ဆောက်သမ်ပတန်နောက်တန်းကစားသမား ဝက်စ်လေဟိုဒ်နှင့် ခေါင်းချင်းဆိုင်တိုက်မိပြီး ဒဏ်ရာရရှိခဲ့သောကြောင့် ပွဲစဉ်နှစ်ပွဲလွဲချော်နိုင်ခြေရှိကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။

**ဇော်ဇော်**

❊ ကျောဖုံးမှ

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ယခင်နှစ်များက အလွတ်တန်းနှင့် လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယ ငွေကျပ် ၁၂ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်တွင် ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀ နှင့် တတိယဆု ငွေကျပ် ၁၅ သိန်းဖြစ်၍ ဒီဇင်ဘာ ၃၀ ရက်အထိ ပြိုင်ပွဲဝင်ရန် လျှောက်လွှာဝယ်ယူသူ ၁၂၀၀ ခန့် ရှိကြောင်း သိရသည်။

"ဒီနှစ်ထူးခြားချက်က ပြိုင်ပွဲဝင်ဆုရသူတွေကိုပေးမယ့် ဆုကြေးက အရင်နှစ်ထက် နှစ်ဆလောက်ပိုပေးမှာဖြစ်သလို ဆုဖလားလည်းပေးအပ်မှာပါ၊ ဒါ့အပြင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများအတွက် အိုင်ဖုန်း၊ အိုင်ပက်တို့လို အဖိုးတန် လက်ဆောင်တွေလည်း ချီးမြှင့်ဖို့ စီစဉ်ထားပြီး လက်ရှိမှာ လမ်းတံတားဌာနက ပြေးလမ်းကြောင်းတစ်လျှောက် ပြင်ဆင်မှုတွေ လုပ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်ပြိုင်ပွဲတွင် ကျား၊ မ အလွတ်တန်းအတွက် ပထမ ငွေကျပ် သိန်း ၃၀၊ ဒုတိယ ငွေကျပ် သိန်း ၂၀၊ တတိယ ငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း၊ ပဉ္စမဆု ငွေကျပ် ရှစ်သိန်း၊ ဆဋ္ဌမဆု ငွေကျပ် ခြောက်သိန်း၊ သတ္တမဆု ငွေကျပ် လေးသိန်း၊ အဋ္ဌမဆု ငွေကျပ် သုံးသိန်းခွဲ၊ နဝမဆု ငွေကျပ် သုံးသိန်း၊ ဒသမဆု ငွေကျပ် နှစ်သိန်းခွဲနှင့်နှစ်သိမ့်ဆု ၁-မှ ၅ အထိ တစ်သိန်းစီဖြင့် လည်းကောင်း၊ ကျား၊ မ လူသစ်တန်းတွင် ပထမ ငွေကျပ် သိန်း ၃၀၊ ဒုတိယ ငွေကျပ် သိန်း ၂၀၊ တတိယ ငွေကျပ် ၁၅ သိန်း၊ စတုတ္ထ ငွေကျပ် ၁၂ သိန်း၊ ပဉ္စမ ငွေကျပ် ၁၁ သိန်း၊ ဆဋ္ဌမ ငွေကျပ် ၁၀ သိန်း၊ သတ္တမ ငွေကျပ် ကိုးသိန်း၊ အဋ္ဌမ ငွေကျပ် ရှစ်သိန်း၊ နဝမ ငွေကျပ် ခုနစ်သိန်း၊ ဒသမ ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆု ၁-မှ ၅ အထိ တစ်ဦးလျှင် တစ်သိန်း ခွဲစီ၊ ၆ မှ ၁၀ အထိ တစ်ဦးလျှင် တစ်သိန်းစီ၊ ၁၁ မှ ၁၅ အထိ တစ်ဦးလျှင် ငွေကျပ် ရှစ်သောင်းစီနှင့် ၁၆မှ ၂၀ အထိ ငွေကျပ် ခြောက်သောင်းစီဖြင့် လည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။

"ပထမနဲ့ဒုတိယဆုကြေးမှာ ၁၀ သိန်း ကွာခြားမှုဖြစ်နေတာက တစ်ယောက်နဲ့ တစ်ယောက်ညှိပြီး ပြေးတာမျိုးမဟုတ်ဘဲ အကြိတ်အနယ်ကြိုးစားပြီး ဝင်ရောက်ယှဉ်ပြိုင်စေချင်လို့ တိုးမြှင့်ပေးထားတာပါ၊ အလယ်တန်းအဆင့်ပြိုင်ပွဲမှာ အသက်ကန့်သတ်ချက်မရှိဘဲ အလယ်တန်းပညာသင်နေတဲ့ သူဆိုရင်ရပါပြီ၊ နိုင်ငံခြားသားများဝင်ရောက် ယှဉ်ပြိုင်ချင်ရင်တော့ အလွတ်တန်းမှာ ပြိုင်လို့ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် အသက် ၆၀ ပြည့်ပြီးသူများနှင့် ၎င်းအထက် ပြိုင်ပွဲဝင်ကြမည့် သက်ကြီးတန်းတွင် ပထမပန်းဝင်သူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် သတ်မှတ်အချိန်အတွင်း ပန်းဝင်လာသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ အလယ်တန်းဆင့် ပြိုင်ပွဲတွင် ပထမပန်းဝင်လာသူ ကျားသုံးဦးနှင့် မ သုံးဦးတို့အား ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8378 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/5897 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6329 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၆၃၈၇၅ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိလှိုင်နှင်း ၈/ရနခ(နိုင်)၁၅၃၃၉၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/8540 Suzuki Carry DA 63T P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်သိန်း ၁၂/သကတ(နိုင်)၀၇၈၂၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/8994 Mitsubishi Pajero V78W S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဦး ၁၂/သဃက(နိုင်)၀၈၃၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

၁။ ဦးအောင်သူရ နှင့် ဦးသိန်းဝင်း
၂။ ဒေါ်ဖြိုးပပ
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ်(၉၇)နေ ဦးသိန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ၁၅ရက် (၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

အဲမွန်သန့်
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

### "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၆)လမ်း၊ အမှတ်(၄၆)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဦးအောင်နိုင်ဝင်း၊ (၁၂/သကတ(နိုင်) ၁၅၉၁၆၁) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၁၁၈/က)၊ (တစ်နည်းအားဖြင့်ဆိုလျှင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၂)လမ်း အနောက်၊ အမှတ်(၁၁၁၈/က)၊ ဒေါ်သိန်း (၁၂/သကတ(နိုင်)၀၅၁၀၂၆) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်၊ အကျယ် (၂၀ပေ×၆၀ပေ)ရှိသည့်အနက် (၁၀ပေ×၆၀ပေ)(ခေါင်းရင်းဘက်အခြမ်း)မြေနှင့်မြေပေါ်ရှိအဆောက်အဦးအား စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်လာသူဟု အဆိုပြုသူဒေါ်ခင်မျိုးအေး (၁၂/ဥကတ(နိုင်)၀၀၂၁၂၆) ကိုင်ဆောင်သူမှ တရားဝင်ရောင်းချခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံ၍ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်နိုင်ဝင်းမှ သဘောရိုးဖြင့် ယုံကြည်သည့်အတွက် ဝယ်ယူရန် စရံငွေ တစ်စိတ်တစ်ဒေသ အားပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်မည်သူရှိပါကမည်သူမဆို၍ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက် မည်သူမရှိပါက ဥပဒေနှင့်အညီတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးအောင်နိုင်ဝင်း
(၁၂/သကတ(နိုင်) ၁၅၉၁၆၁)

**U Zaw Myint (Law Firm)**

| ဒေါ်ကေခိုင်ယု | ဒေါ်အေးငြိမ့်ငြိမ့်ကို | ဒေါ်စောယုနိုင် | ဒေါ်သဲသဲဦး |
|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) |
| စဉ်-၁၂၈၈၈ | စဉ်-၃၉၂၆၁ | စဉ်-၄၄၀၈၅ | စဉ်-၄၈၄၇၃ |

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အခန်း(၃)၊ သုမနလမ်းနှင့်မြို့တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတ မြို့နယ်တရားရုံးအနီး၊ ဖုန်း-၀၉-၄၂၀၀၈၁၅၁၂၊ ၀၉-၇၃၃၁၆၇၈၇၅

# အီရန်၌ အစိုးရဆန့်ကျင်သည့်ဆန္ဒပြမှုများကို နှိမ်နင်းမှုများအတွင်း အသေအပျောက်အချို့ရှိနေ

**တီဟီရန် ဒီဇင်ဘာ ၃၁**

အီရန်၌ အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။ မြို့တော်တီဟီရန်ရှိ နေရာအနှံ့အပြားတွင် ဆန္ဒပြသူများနှင့် ရဲများ ရှန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဖော်ပြခဲ့သည်။

ဆန္ဒပြဆန့်ကျင်မှုများသည် ပြီးခဲ့သည့်ကြာသပတေးနေ့က မက်ရှ်ဟက် အရှေ့မြောက်ပိုင်းမြို့၌ စတင်ခဲ့ပြီး ဆန္ဒပြသူများသည် အလုပ်လက်မဲ့ပမာဏမြင့်တက်လာမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို မကျေနပ်ကြောင်းဖော်ပြခဲ့ကြသည်။

တီဟီရန်တက္ကသိုလ်၌ ဆန္ဒပြသူများသည် စနေနေ့တွင် ကြွေးကြော်သံများဖြင့် အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီအား ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဒိုရပ်အနောက်ပိုင်းမြို့မှ ရရှိသည့် သတင်းအရ ဆန္ဒဖော်ထုတ်သူတစ်ဦးကို ဆန္ဒပြသည့်နေရာမှ ခေါ်ထုတ်သွားခဲ့ကြောင်း သိရသည်။ သတင်းမီဒီယာအချို့က ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် ဆန္ဒပြသူနှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သတင်းဖော်ပြခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီး အဗ္ဗဒိုလ်ရီဇာ ရာမနီ ဖာဇလီသည် တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် လူထုစုဝေးမှုများတွင် မပါဝင်ကြရန် ဒေသမီဒီယာမှတစ်ဆင့် ပြည်သူများအား တိုက်တွန်းခဲ့သည်။ အစိုးရသည် မကြာသေးမီက ဆန္ဒပြသူ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

**ဆင်ဟွာ**




# မြောက်ကိုရီးယားသို့ ရေနံထောက်ပံ့သည်ဟု သံသယရှိသည့် ဒုတိယမြောက်သင်္ဘောတစ်စင်းကို တောင်ကိုရီးယား ထပ်မံသိမ်းဆည်း

**ဆိုးလ် ဒီဇင်ဘာ ၃၁**

နိုင်ငံတကာ၏အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်ကာ မြောက်ကိုရီးယားသို့ ရေနံထွက်ကုန်များကို တင်ပို့သည်ဟု သံသယရှိသည့် ပနားမားအလံလွှင့်ထူထားသော သင်္ဘောတစ်စင်းကို တောင်ကိုရီးယားအာဏာပိုင်များက သိမ်းဆည်းလိုက်ကြောင်း အကောက်ခွန်အာဏာပိုင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသိမ်းဆည်းမှုသည် ရက်အနည်းငယ်အတွင်း တောင်ကိုရီးယားက ထုတ်ဖော်ပြောကြားခဲ့သည့် ဒုတိယမြောက် သိမ်းဆည်းမှုဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယားနှင့်ဒုံးကျည်စမ်းသပ်မှုများကိုလုပ်ဆောင်ခဲ့ပြီးနောက် မြောက်ကိုရီးယားထံသို့ အဓိက ရေနံထောက်ပံ့နေမှုများကို ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် ကုလသမဂ္ဂကအရေးယူပိတ်ဆို့မှုများကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ချိန်တွင် တောင်ကိုရီးယားက ထိုသို့ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

KOTI သင်္ဘောကို Pyeongtaek -Dangjin ဆိပ်ကမ်း၌ သိမ်းဆည်းခဲ့ကြောင်း အာဏာပိုင်များက ရိုက်တာသို့ ပြောကြားခဲ့သည်။ ယင်းဆိပ်ကမ်းသည် အင်ချွမ်းတောင်ပိုင်းရှိ အနောက်ဘက်ကမ်းရိုးတန်းပေါ်တွင် တည်ရှိသည်။

ဆိပ်ကမ်းသို့ သင်္ဘောရောက်ရှိလာချိန်သည် ဒီဇင်ဘာ ၁၉ ရက်ကဖြစ်သည်ဟု ခန့်မှန်းရကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ သင်္ဘောသည် ရေနံတန်ချိန်ပေါင်း ၅၁၀၀ ကို တင်ဆောင်နိုင်ကြောင်း သိရသည်။ **ရိုက်တာ**

# အီရန်၏ပြည်တွင်းရေး၌ အမေရိကန်၏ဝင်ရောက်စွက်ဖက်မှုကို အီရန်ပြစ်တင်ရှုတ်ချ

**တီဟီရန် ဒီဇင်ဘာ ၃၁**

အီရန်နိုင်ငံခြားရေးဝန်ကြီးသည် စနေနေ့တွင် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံ၏ ပြည်တွင်းရေးတွင် ကြားဝင်စွက်ဖက်နေမှုကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

စနေနေ့ကထုတ်ပြန်ခဲ့သည့်ဖော်ပြချက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဘာရမ်ကွာဆာမီကပြောကြားသည်မှာ အီရန်မြို့ကြီးအချို့တို့တွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် ဆန္ဒဖော်ထုတ်မှုများအတွက် အမေရိကန်သမ္မတနှင့် ၎င်း၏အားပေးကူညီခဲ့မှုများသည် မဆီမဆိုင်ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်ပြီး အခွင့်အရေးယူရာရောက်ပြီး မရိုးသားသောအပြုအမူများပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့က လောင်စာဆီနှင့် ပေါင်မုန့်ကဲ့သို့သော အခြေခံလူသုံးကုန်ပစ္စည်းအချို့တို့ကို ကုန်ဈေးနှုန်းမြှင့်တင်ရန် အစိုးရအဖွဲ့၏ဖြစ်နိုင်ဖွယ်ကြိုးပမ်းမှုနှင့်ပတ်သက်၍ အီရန်ရှိမြို့ကြီးအချို့တို့တွင် ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။

ဘာသာရေးမြို့များဖြစ်သည့် မက်ရှ်ဟက်နှင့် ကွမ်မြို့များသာမက အစ္စဖာဟန်နှင့် ကွက်ဇ်ဗင်တို့တွင် ပြည်သူများသည် လမ်းမပေါ်တက်ကာ သမ္မတဟာဆန်ရိုဟာနီ၏ အုပ်ချုပ်မှုအောက်တွင် ညံ့ဖျင်းသည့် စီးပွားရေးစီမံခန့်ခွဲမှုကို ဆန္ဒပြခဲ့ကြသည်။

**ဆင်ဟွာ**

# နှစ်သစ်ကူးတွင်ဖြစ်ပွားနိုင်သည့် အကြမ်းဖက်အန္တရာယ်ကို မြို့ကြီးများ၌ သတိပေးနှိုးဆော်

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

ပြီးခဲ့သည့် နှစ်ကူးချိန်တွင် အမေရိကန်နှင့် ဥရောပတို့၌ များစွာသောအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်ဖြစ်ရာ အနောက်နိုင်ငံများရှိ အဓိကမြို့ကြီးများ၌ နှစ်သစ်ကူးတွင်ဖြစ်ပွားနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို စိုးရိမ်ရသည့်အတွက် လုံခြုံရေးဆိုင်ရာတင်းကျပ်ထားကြောင်း သိရသည်။

နှစ်သစ်ကူးတွင် အထိမ်းအမှတ်ပွဲတော်များဆင်ယင်ကျင်းပမည့်နေရာများ၌ လုံခြုံရေးအတွက်အကြီးအကျယ် ဆောင်ရွက်နေကြောင်း သိရသည်။ လန်ဒန်မြို့၌လည်း နှစ်သစ်ကူးမီးရှူးမီးပန်းများ ပစ်လွှတ်ရန်အတွက် လုံခြုံရေးမြှင့်တင်ထားသည်။

ဗြိတိန်၌ ပြီးခဲ့သည့်မေလအတွင်းက ကပွဲရုံအနီးတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး စက်တင်ဘာလအတွင်းက မြေအောက်ရထားဘူတာရုံတွင် ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့က အခမ်းအနားကျင်းပမည့်နေရာများတွင် လုံခြုံရေးအရ အကာအရံများလုပ်ဆောင်ခဲ့ပြီး ယင်းနေရာတွင် ရဟတ်ယာဉ်တစ်စင်းပျံဝဲခဲ့သည်။ နေရာတိုင်းတွင် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများက စက္ကန့်မလပ်သတိထား စောင့်ကြည့်လျက်ရှိကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်တစ်ဦးက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နှစ်သစ်ကူးပွဲတော်မတိုင်မီ ဆစ်ဒနီမြစ်ထဲသို့ ရေယာဉ်ပျံတစ်စင်း ပျက်ကျ၍ ခြောက်ဦးသေဆုံး

**ဆစ်ဒနီ ဒီဇင်ဘာ ၃၁**


ဆစ်ဒနီ၌ ရေယာဉ်ပျံတစ်စင်း တနင်္ဂနွေနေ့ကပျက်ကျခဲ့ရာ လူခြောက်ဦးသေဆုံးသွားကြောင်း သိရသည်။ဆိပ်ကမ်း၌ ဆစ်ဒနီမြို့၏ နှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပမှု မတိုင်မီတွင် ရှုမျှော်ခင်းကြည့်သည့် ရေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က ရေယာဉ်ပျံပျက်ကျရသည့်အကြောင်းရင်းကို မသိရှိရသေးကြောင်း၊ ခရီးသည်ငါးဦးတို့၏ကိုယ်ရေးအချက်အလက်များနှင့်ပတ်သက်၍လည်း မသိရှိရသေးကြောင်း၊ သို့သော် ၎င်းတို့သည် ရေလမ်းကြောင်းတစ်ခုပေါ်ရှိလှေများထဲမှ မျက်မြင်သက်သေအချို့နှင့် စကားပြောဆိုနေခဲ့ကြောင်း ပြောကြားခဲ့သည်။ ခြောက်ဦးမြောက်သေဆုံးသူမှာ ပိုင်းလော့ဖြစ်သည်။

ဩစတြေးလျသတင်းမီဒီယာများက သေဆုံးသူများအနက်လေးဦးသည် ဗြိတိန်နိုင်ငံသား ခရီးသည်များဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း ရဲတပ်ဖွဲ့ကချက်ချင်းအတည်ပြုခြင်း မရှိသေးပေ။ လန်ဒန်ရှိ နိုင်ငံခြားရုံးအဖွဲ့က ၎င်း၏အာဏာပိုင်များသည် ဆစ်ဒနီရှိဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်နေကြောင်း ပြောကြားခဲ့သည်။ ကောင်စစ်ဝန်ရုံးနှင့်သက်ဆိုင်သည့် အကူအညီပေးအပ်ရန် အဆင်သင့်ရှိနေကြောင်း နိုင်ငံခြားရုံးအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယင်းရေယာဉ်ကို မြို့တွင်းရှိ အဓိကခရီးသွားအော်ပရေတာတစ်ခုဖြစ်သည့် ဆစ်ဒနီရေယာဉ်ပျံက လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ရေယာဉ်ပျံသည် လူငါးဦးပါသည့် အုပ်စုကို ဆစ်ဒနီမြောက်ပိုင်းရှိ ရေပင်လယ် စားသောက်ဆိုင်တစ်ခုမှ ရို့စ်ပင်လယ်အော်အတွင်းရှိ ဆစ်ဒနီ ရေယာဉ်ပျံရုံးချုပ်သို့ ပြန်လည်ပို့ဆောင်ပေးနေစဉ်တွင် ပျက်ကျသွားခဲ့ပြီး ချက်ချင်းနစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဖြေကြားခဲ့သည်။

**ရိုက်တာ**




ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ရေထဲသို့ဆင်းရန် ပြင်ဆင်နေစဉ်။

## နိုင်ငံတကာ သတင်းတိုတွာ

### ကိုလံဘီယာနိုင်ငံတွင် လူအုပ်အတွင်း လက်ပစ်ဗုံးပေါက်ကွဲ

ဘိုဂိုတာ ဒီဇင်ဘာ ၃၁

ကိုလံဘီယာနိုင်ငံမြောက်ပိုင်း နိုက်ကလပ်တစ်ခုတွင် လစ်ပစ်ဗုံးတစ်လုံး ဖောက်ခွဲခဲ့သဖြင့် လူ ၃၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။ လက်ပစ်ဗုံးကို လူအုပ်ကြားထဲ ပစ်သွင်းခဲ့သဖြင့် ထိုသို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ပစ်ဗုံးပေါက်ကွဲသည့် နေရာသည် အန်တီယိုကွီယာဒေသ ကော်ဆာဆီယာ စည်ပင်သာယာရေးနယ်မြေရှိ ဘိုရာဘိုရာ နိုက်ကလပ်အတွင်း ဒီဇင်ဘာ ၂၉ ရက်က ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း ကော်ဆာဆီယာမြို့တော်ဝန် အော်စကာ အနီဘယ်လ်ဆူရာရက်က ပြောခဲ့သည်။ ဒေသခံရဲတပ်ဖွဲ့က လက်ပစ်ဗုံးပစ်သွင်းသူဟု သံသယရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အတည်ပြုပြောကြားခဲ့သည်။ လက်ပစ်ဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောခဲ့သည်။ **ဆင်ဟွာ**

### ရဲတပ်ဖွဲ့ဝင်တစ်ဦးကို စစ်သွေးကြွများ ပစ်သတ်

ကိုင်ရို ဒီဇင်ဘာ ၃၁

အီဂျစ်မြောက်ပိုင်းတွင် စစ်သွေးကြွများက ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လူနှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အခြားသူများကို ဒဏ်ရာရအောင် လုပ်ဆောင်ခဲ့ကြောင်း လုံခြုံရေးသတင်း ရင်းမြစ်များအရ သိရသည်။

ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် အယ်လ်အာရစ်မြို့ကမ်းမြောင်တစ်နေရာတွင် လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးကို စစ်သွေးကြွများက ပစ်သတ်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ချိန်တွင် အဆိုပါ စစ်သွေးကြွများမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့် မှတ်ချက်ပြုပြောဆိုခြင်းမျှ မရှိသေးပေ။ **ရိုက်တာ**

### ကယ်လီဖိုးနီးယားပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံး

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်ပိုင်းရှိ လောင်းဘိချ်မြို့တွင် ဒီဇင်ဘာ ၂၉ ရက်က သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ နှစ်ဦးခန့် သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူများမှာ သေနတ်ပစ်သူနှင့် သေနတ်ပစ်ခံရသူတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ သေနတ်ပစ်ခတ်မှု သတင်းပေးချက်ရသည်နှင့် တစ်ပြိုင်နက်တည်း ရဲတပ်ဖွဲ့သည် အခင်းဖြစ်ရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားသည့် အကြောင်းရင်းကို သက်ဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဥရောပ၏ နောက်ထပ် အချက်အချာကျသော ရွေးကောက်ပွဲတစ်ခုဖြစ်သည့် အီတလီရွေးကောက်ပွဲ

**ခြူးစန္ဒီနွေး**



အီတလီဝန်ကြီးချုပ် ပါလိုဂျန်တယ်လိုနီ ရောမမြို့၌ ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်ပြောကြားစဉ်။

ဥရောပရဲ့ နောက်ထပ် အချက်အချာကျတဲ့ ရွေးကောက်ပွဲတစ်ခုဟာ မကြာခင်မှာဘဲ စတင်တော့မှာ ဖြစ်ပါတယ်။ အဲဒါကတော့ အီတလီနိုင်ငံရဲ့ ရွေးကောက်ပွဲပဲဖြစ်တယ်။ ငါးနှစ်မှာ တစ်ကြိမ်သာပြုလုပ်တဲ့ အီတလီ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုကာလကို ကြာသပတေးနေ့ကနေ စတင်လိုက်ပြီဖြစ်တယ်။ မတ်လ ၄ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲအတွက် စတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါပြီ။ အီတလီသမ္မတကလည်း ပါလီမန်ကို ဖွင့်ပေးလိုက်ပါတယ်။ ကသောင်းကနင်းနိုင်တဲ့ အီတလီနိုင်ငံရေးမှာ သမ္မတ ဆာဂျီရိုမက်တယ်ရဲလ်လားရဲ့ လှုပ်ရှားမှုတွေက ထင်ပေါ်လာပြီပဲဖြစ်တယ်။ ဥရောပတစ်လွှားမှာ အခြားသောနိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ ဝရုန်းသုန်းကားနဲ့ပဲ ပြီးဆုံးသွားခဲ့ကြပြီး နိုင်ငံရေးမြင်ကွင်းကို ပြန်လည်ပုံဖော်ဖို့ ဆက်လက်ဆောင်ရွက်နေတဲ့ အချိန်လည်းဖြစ်တယ်။

အီတလီနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ်မှာ နောက်ဆုံးကျင်းပခဲ့တာဖြစ်လို့ အခုဆိုရင် ငါးနှစ်သက်တမ်းပြည့်တော့မှာပဲဖြစ်တယ်။ ဒါကြောင့် အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပရတော့မှာပဲဖြစ်တယ်။ ဗဟိုလက်ဝဲ ဒီမိုကရက်တစ်ပါတီ ဦးဆောင်တဲ့ အစိုးရဟာ ဝန်ကြီးချုပ် ဆဲလ်ဗီယို ဘာလူစ့်ကွန်နီ ပြီးနောက် ယာယီတာဝန်ထမ်းဆောင်ခဲ့တဲ့ နည်းပညာရှင်တစ်ဦးဖြစ်တဲ့ မာရီယို မွန်တီရဲ့အစိုးရအဖွဲ့ကို အောင်နိုင်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ဖြစ်တဲ့ ဆဲလ်ဗီယို ဘာလူစ့်ကွန်နီဟာ အီတလီနိုင်ငံဟာ အကြွေးနွံထဲ ရောက်နေတဲ့ အချိန်မှာ၊ ပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ အချိန်မှာ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဥရောပမှာသာမက အီတလီနိုင်ငံရဲ့ နိုင်ငံရေးလောကမှာပါ အပြောင်းအလဲတွေ အများကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ ရှေးရိုးအစဉ်အလာ ဗဟိုလက်ဝဲယိမ်းပါတီတွေဟာ ဆက်လက်ပြီး သြဇာကျဆင်းလာခဲ့တယ်။ ဂျာမနီ၊ ပြင်သစ်နဲ့ အီတလီတို့မှာ လက်ယာစွန်းရောက်ပါတီတွေက နေရာရလာတယ်။

အီတလီအစိုးရအနေနဲ့ကတော့ ဒီမိုကရက်တစ်ပါတီဦးဆောင်တဲ့ အစိုးရဟာ သူ့ရဲ့ငါးနှစ်သက်တမ်းတာဝန်ကို အပြည့်အဝ တာဝန်ထမ်းဆောင်ဖို့ စီမံခဲ့တယ်။ ငါးနှစ်တာကာလအတွင်းမှာ ချောချောမွေ့မွေ့ ဖြတ်ကျော်ခဲ့ရတာတော့ မဟုတ်ပါဘူး။ ဝန်ကြီးချုပ်သုံးယောက်တိတိ ပြောင်းခဲ့ရပါတယ်။ အဲဒီအထဲမှာ လက်ရှိဝန်ကြီးချုပ် ပါလိုဂျန်တယ်လိုနီလည်း အပါအဝင်ပါပဲ။ လက်ရှိဝန်ကြီးချုပ်ဟာ အရင်က နိုင်ငံခြားရေးဝန်ကြီးဟောင်းလည်း ဖြစ်တယ်။ သူဟာ မက်တီယိုရန်ဇီနောက် တာဝန်ဆက်ခံခဲ့တဲ့လူလည်းဖြစ်တယ်။ မက်တီယိုရန်ဇီဟာ အီတလီနိုင်ငံရဲ့ နိုင်ငံရေးမတည်ငြိမ်မှုကို အဆုံးသတ်ပေးနိုင်မယ်လို့ သူမျှော်လင့်ထားခဲ့တဲ့အတိုင်းပဲ ဖွဲ့စည်းပုံကို ပြင်ဆင်ဖို့ ကြိုးစားဖို့ရာ လူထုဆန္ဒခံယူပွဲကျင်းပဖို့ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ မအောင်မမြင်ဖြစ်ပြီး နုတ်ထွက်သွားခဲ့ရသူလည်း ဖြစ်တယ်။

လပေါင်းများစွာကြာတဲ့အခါ အာဏာရပါတီမှာ အားအင်ချို့တဲ့မှုတွေ ပေါ်ပေါက်လာတယ်။ အကြောင်းကတော့ ဥပဒေပြုအမတ်သုံးရာကျော်ဟာ ဒီမိုကရက်တစ်ပါတီကနေ နုတ်ထွက်သွားခဲ့ကြတယ်။ ဒါကြောင့် ပါလီမန်အတွင်းမှာ လှုပ်လှုပ်ခတ်ခတ်တွေ ဖြစ်ပေါ်ခဲ့တယ်။ နှစ်ကုန်ခါနီး ပြုလုပ်လေ့ရှိတဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ မစ္စတာ ဂျန်တယ်လိုနီဟာ သူ့အနေနဲ့ ဒီရာထူးသက်တမ်းကို တာဝန်ယူရာမှာ ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတယ်လို့ ဝန်ခံပြောကြားခဲ့ပါတယ်။ မတ်လအတွင်းမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ် ရာမှာတော့ ဘယ်အဖွဲ့အစည်းရဲ့ လွှမ်းမိုးမှုမှ မခံရစေဖို့လည်း မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် သတင်းအမှားတွေ၊ ထင်ယောင်ထင်မှားဖြစ်မှုတွေကြောင့်လည်း ရွေးကောက်ပွဲကို အနှောင့်အယှက်မဖြစ်စေဖို့ လိုတယ်လို့ ပြောပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေကို ကြည့်မယ်ဆိုရင် လူမှုကွန်ရက်ကနေ တစ်ဆင့် ဝါဒဖြန့်မှုတွေ၊ သတင်းအမှားတွေ၊ ဖြန့်ဝေမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အထင်ရှားဆုံး သာဓကကို ပြပါဆိုရင်တော့ အမေရိကန်ရွေးကောက်ပွဲကိုပဲ ပြရမှာဖြစ်တယ်။ အမေရိကန်ရွေးကောက်ပွဲကာလမှာ သတင်းအမှားတွေရဲ့ ရိုက်ခတ်မှုကို အများဆုံးခံခဲ့ရပါတယ်။ ဒါကြောင့် အခုအခါမှာတော့ အမေရိကန် အပါအဝင် အခြားနိုင်ငံတွေမှာ မျှော်လင့်မထားဘဲ အင်တာနက်ကနေတစ်ဆင့် ဝါဒဖြန့်မှုတွေကို သတိထားနေရပါတယ်။

မကြာခင်မှာ ကျင်းပတော့မယ့် အီတလီနိုင်ငံရဲ့ ရွေးကောက်ပွဲဟာဆိုရင် ဥရောပရဲ့ အရေးကြီးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် နောက်ထပ်စမ်းသပ်မှုတစ်ခုပါပဲ။ ပြင်ပကနေ ဝင်ရောက်စွက်ဖက်လာမယ့် အတုအယောင်သတင်းတွေ၊ အဖျက်အမှောင့်တွေကို တိုက်ထုတ်ကျော်လွှားနိုင်မှာလားဆိုတဲ့ စမ်းသပ်မှုတစ်ရပ်လည်း ဖြစ်တယ်။ ရွေးကောက်ပွဲကြီး ကျင်းပဖို့ကတော့ အချိန်နှစ်လကျော် လိုပါသေးတယ်။ လက်ယာစွန်းရောက်ပါတီကတော့ လူထုအကြို မဲဆန္ဒတွေကို ကောက်ယူနေပါပြီ။ ၁၉၄၆ ခုနှစ်က စရေတွက်ရင် အီတလီနိုင်ငံရဲ့ ၂၈ ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်တဲ့ မစ္စတာ ဂျန်တယ်လိုနီက သူ့အနေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကို ကောင်းကောင်းကိုင်တွယ်နိုင်ပေမယ့် အီတလီဟာ နိုင်ငံရေးအရ ကသောင်းကနင်းနိုင်မှုတွေ၊ အစိုးရအပြောင်းအလဲတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိသေးဘူးလို့ ဆိုပါတယ်။ အခုအချိန်ဟာ ကာကွယ်ဆေးထိုးတဲ့ကာလပဲ ရှိပါသေးတယ်လို့ ဟာသနှောကာ ပြောခဲ့ပါတယ်။

ဥပဒေအသစ်ပြဋ္ဌာန်းမှုတွေဟာ အငြင်းပွားနေတုန်းပဲ ရှိသေးတယ်။ လေ့လာသုံးသပ်သူ အများစုကတော့ လက်ရှိအာဏာရပါတီဟာ ထောက်ခံသူတွေကို ကတိပေးထားတဲ့ နိုင်ငံရေးတည်ငြိမ်မှုရရှိစေရပါမယ်ဆိုတဲ့ ကတိကို အကောင်အထည် မဖော်နိုင်သေးဘူးလို့ ဝေဖန်ကြပါတယ်။ ကြယ်ငါးပွင့်လှုပ်ရှားမှုအဖွဲ့လို့ခေါ်တဲ့ နိုင်ငံရေးပါတီဟာလည်း အီတလီနိုင်ငံရဲ့လူကြိုက်အများဆုံး နိုင်ငံရေးအင်အားစုတစ်ခုအဖြစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု လှုပ်ရှားမှုထဲကို ပါဝင်လာခဲ့ပါတယ်။ ဒီလှုပ်ရှားမှုကို ဦးဆောင်တဲ့သူဟာ Beppe Grillo ဖြစ်ပြီး သူဟာ အောင်မြင်ကျော်ကြားတဲ့ ဟာသနဲ့ဘလော့ဂါတစ်ဦးလည်း ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ရာထူးအတွက် သူ့ပါတီကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မယ့် သူကိုလည်း ရွေးချယ်ထားပြီးသား ဖြစ်ပါတယ်။ သူရွေးချယ်ထားတဲ့လူကတော့ အသက် ၃၁ နှစ်အရွယ် Luigi Di Maio ဖြစ်ပြီး သူဟာ အီတလီအောက်လွှတ်တော်မှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်တယ်။ ဒါပေမယ့် အဲဒီပါတီဟာ ရှေးရိုးစဉ်လာ ပါတီတွေနဲ့ ညွန့်ပေါင်းမဖွဲ့ဘူးလို့တော့ ပြောကြားထားတာ ရှိပါတယ်။ အဲဒီရပ်တည်ချက်ကို မပြောင်းလဲဘူးဆိုရင်တော့ ရွေးကောက်ပွဲမှာ အာဏာရလာဖို့ အခွင့်အရေးအနည်းငယ်ပဲရှိတော့မှာပါ။ ဘာလို့လဲဆိုရင် အခုမဲပေးမှုစနစ်အသစ်အရ ညွန့်ပေါင်းအဖွဲ့တွေ၊ အသစ်တည်ထောင်စပြုတဲ့ ပါတီတွေကို အခွင့်အရေး ပိုပေးထားပါတယ်။ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဘာလူစ့်ကွန်နီဟာလည်း နောက်တစ်ကြိမ် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်ဖို့ ကြိုးစားနေပြီး ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီရဲ့လုပ်ဆောင်မှုတွေကြောင့်ဆိုရင် သူဟာ နောက်တစ်ကြိမ် တာဝန်ထမ်းဆောင်နိုင်ဖို့ အခွင့်အရေးရှိလာနိုင်ပါတယ်။ သူဟာ ရုပ်မြင်သံကြားက ရှိုးပွဲတွေ၊ လူမှုကွန်ရက် ဝက်ဘ်ဆိုက်တွေမှာ အခွန်တွေ ဖြတ်တောက်ဖို့နဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒတွေကို ပြင်ဆင်မွမ်းမံမယ်လို့ ကတိပြုထားပါတယ်။

လက်ရှိဝန်ကြီးချုပ် ဂျန်တယ်လိုနီတော့ သူ့အစိုးရသက်တမ်းတစ်လျှောက် လုပ်ဆောင်ခဲ့တာတွေကို သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ သူ့ရဲ့ အစိုးရအဖွဲ့ဟာ အဓိကအခွန်ငွေတွေကို တိုးမြှင့်ခြင်းမရှိဘဲ ဘတ်ဂျက်ရေးဆွဲနိုင်ဖို့ ဥပဒေပြု အမတ်တွေကို လမ်းတည့်ပေးနိုင်ခဲ့ပြီး အီတလီရဲ့ စီးပွားရေးကို နာလန်ထူအောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ အီတလီကမ်းခြေတွေကို ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကိုလည်း လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောခဲ့ပါတယ်။ လူဝင်မှုပြဿနာဟာလည်း ရွေးကောက်ပွဲကာလရဲ့ ဆုံးဖြတ်ရခက်တဲ့ ပြဿနာတစ်ခုပါပဲ။ လက်ရှိဝန်ကြီးချုပ် ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ နိုင်ငံခြားမိဘနှစ်ပါးက အီတလီနိုင်ငံမှာ မွေးဖွားထားတဲ့ ကလေးငယ်ပေါင်း ၈၀၀၀၀၀ ကို နိုင်ငံသားအဖြစ် ခံယူခွင့်ရဖို့ ဆောင်ရွက်ခဲ့တယ်။ အီတလီနိုင်ငံမှာဆိုရင် နိုင်ငံခြားမိဘနှစ်ဦးက မွေးဖွားထားတဲ့ ကလေးဟာ ဒီနိုင်ငံမှာပဲ မွေးဖွားစဉ်ကစလို့ တောက်လျှောက်နေထိုင်ခဲ့မယ်ဆိုရင် အသက် ၁၈ နှစ်ပြည့်ရင် နိုင်ငံသားအဖြစ် လျှောက်ထားလို့ ရပါတယ်။

ဒါပေမယ့်လည်း မစ္စတာ ဂျန်တယ်လိုနီဟာ နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ပြောင်းလဲဖို့ရာ လုံလောက်တဲ့ လွှတ်တော်အမတ်တွေကို စည်းရုံးနိုင်ခဲ့ခြင်း မရှိပါဘူး။ လက်ရှိ ပြည်သူတွေရဲ့ ဆန္ဒကို ကောက်ခံကြည့်ရာမှာတော့ မစ္စတာ ဂျန်တယ်လိုနီဟာ အီတလီမှာ လူကြိုက်များတဲ့ နိုင်ငံရေးသမားဆိုတာကို ဖော်ပြနေပါတယ်။ ဒါပေမယ့်လည်း သူဟာ နောက်တစ်ကြိမ်ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်ရာထူးအတွက် အရွေးခံရတဲ့လူ ဖြစ်လာဖို့ရာကတော့ မသေချာပါဘူး။ ဘာလို့လဲဆိုရင် သူဟာ မစ္စတာ ရန်ဇီလောက် နိုင်ငံရေးမှာ သြဇာတိက္ကမ မကြီးမားလို့ပါပဲ။

ပြောင်းလဲမှုအသစ်တွေနဲ့ ကြုံတွေ့နေရတဲ့ ဥရောပရွေးကောက်ပွဲတွေမှာ အီတလီဟာလည်း နောက်ထပ်တစ်နိုင်ငံ ဖြစ်လာတော့မှာလား ဆိုတာကတော့ မတ်လအတွင်းမှာ ပြုလုပ်တော့မယ့် အထွေထွေရွေးကောက်ပွဲကို ဆက်လက်စောင့်ကြည့်ရမှာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေကို ကြည့်မယ်ဆိုရင် လူမှုကွန်ရက်ကနေတစ်ဆင့် ဝါဒဖြန့်မှုတွေ၊ သတင်းအမှားတွေ၊ ဖြန့်ဝေမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အထင်ရှားဆုံး သာဓကကို ပြပါဆိုရင်တော့ အမေရိကန်ရွေးကောက်ပွဲကိုပဲ ပြရမှာဖြစ်တယ်။ အမေရိကန်ရွေးကောက်ပွဲကာလမှာ သတင်းအမှားတွေရဲ့ ရိုက်ခတ်မှုကို အများဆုံးခံခဲ့ရ”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ကက) နိုင်ငံတော်အတွင်း ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို ကမ်းလှမ်းခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်မီ စီမံအုပ်ချုပ်သော အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြင့်အတည်ပြုထားသည့် အကြောင်းကော်ပိုရေးရှင်း၏ အနည်းဆုံး ဒါရိုက်တာ နှစ်ဦးတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြပြီး ဖြစ်ရမည်။

(ခခ) အဆိုပါ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မိတ္တူ၏ မျက်နှာဖုံးစာမျက်နှာအပေါ်တွင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ထိုသို့ပေးပို့တင်ပြပြီးဖြစ်ကြောင်း ဖော်ပြပြီးဖြစ်ရမည်။

(ဂဂ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ရက်စွဲတပ်ထားပြီး ဖြစ်ရမည်။ ၎င်းအပြင်

(ဃဃ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) ကို ဤအခန်းပါပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားရမည်။ သို့မဟုတ်

(၂) ဤအခန်းပါပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားသော ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) မပါရှိဘဲ နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်း၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်စောင်ကို နိုင်ငံတော်အတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေခြင်း၊ သို့ရာတွင် လျှောက်လွှာပုံစံသည် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ အာမခံသဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုနိုင်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကို သဘောရိုးဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခြင်း တစ်ရပ်ရပ်နှင့် ပတ်သက်၍ ထုတ်ဝေခဲ့ကြောင်းပေါ်ပေါက်ခဲ့လျှင် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

( ခ ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးက အခြားပုဂ္ဂိုလ်တစ်ဦးဦး၏အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ကို ကော်ပိုရေးရှင်းတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ဒီဘင်ချာ ပိုင်ဆိုင်ထားသူများထံသို့ ပေးပို့ခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် အထက်တွင် ဖော်ပြပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းအားဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

( ဂ ) ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ အဓိပ္ပာယ်ဖော်ပြချက်အတွင်း ကုမ္ပဏီတစ်ခုဖြစ်သည်ဟု သတ်မှတ်သကဲ့သို့ နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသောကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းသည့် စာရွက်စာတမ်းတစ်ရပ်ရပ်အား ပုဒ်မ ၂၁၂ အရ ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤပုဒ်မပါ ကိစ္စရပ်များအတွက်လည်း အဆိုပါ စာရွက်စာတမ်းကို ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် ပုံမှန်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သို့မဟုတ် ပုံမှန်စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နေသော ဦးစီးဆောင်ရွက်သူအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ်အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်စေရန် သို့မဟုတ် ရောင်းချရန်အတွက်ပြုလုပ်သည့် ကမ်းလှမ်းချက်တစ်ရပ်ကို ဤပုဒ်မပါ ကိစ္စရပ်များအလို့ငှာ အများပြည်သူသို့ ကမ်းလှမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

( င ) ပုဒ်မ ၂၂၃ မှ ပုဒ်မ ၂၂၇ အထိ ဖော်ပြပါရှိသော ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus)၊ "အစုရှယ်ယာများ"၊ "ဒီဘင်ချာများ" နှင့် "ငွေချေးသက်သေခံ လက်မှတ်များ" ၏ အဓိပ္ပာယ်ဖော်ပြချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်း၍ သုံးစွဲသည့်အခါ အလားတူ အဓိပ္ပာယ်သက်ရောက်စေရမည်။

၂၂၄။ မည်သူမဆို ပုဒ်မ ၂၂၃ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သိလျက်ဖြင့် အများပြည်သူသို့ ကမ်းလှမ်းမှုပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်းပြုခဲ့လျှင်၊ သို့မဟုတ် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေခဲ့လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

**ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိရမည့် အချက်အလက်များ**

၂၂၅။ (က) ပုဒ်မ ၂၂၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ) နှင့် (ဂဂ) တို့တွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဤအခန်းပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင်-

(၁) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များပါရှိစေရမည် -

(ကက) ကော်ပိုရေးရှင်း၏ လုပ်ငန်းရည်ရွယ်ချက်များ၊

( ခခ ) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအား သတ်မှတ်ဖော်ပြသည့် စာရွက်စာတမ်း၊

( ဂဂ ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဥပဒေ ပြဋ္ဌာန်းချက်များ၊

(ဃဃ) အဆိုပါ စာရွက်စာတမ်း၊ ဥပဒေထုတ်ပြန်မှုများ သို့မဟုတ် ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ယင်းတို့၏မိတ္တူများ၊ ယင်းတို့အား နိုင်ငံခြားဘာသာတစ်ခုခုဖြင့် ရေးသားထားလျှင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်ထားသည့် မူရင်းမိတ္တူမှန်တို့ကို စစ်ဆေးကြည့်ရှုနိုင်မည့် နိုင်ငံတော်အတွင်းရှိ လိပ်စာ၊

( ငင ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက်၊ နိုင်ငံနှင့်

( စစ ) ကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခု ရှိမရှိ၊ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ပကော်ပိုရေးရှင်း တစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်း ရှိမရှိနှင့် အကယ်၍ရှိခဲ့ပါက နိုင်ငံတော်အတွင်းရှိ အဓိက ရုံးခန်းလိပ်စာ။

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၂၀၅၊ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ပါရှိသော ကိစ္စရပ်များနှင့် အဆိုပါပုဒ်မတွင် ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ တွင် ပါရှိသည့်အတိုင်း ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါရည်ညွှန်းဖော်ပြချက်တစ်ရပ်သည် ကော်ပိုရေးရှင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးကို ဤအခန်းတွင် ပါရှိသည့်သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့်သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အကြောင်းကြားမှုကို ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

( ဂ ) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့်အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာမရှိစေရ-

(၁) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း သို့မဟုတ်

(၃) တရားရုံး၏ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းသည် အရေးကြီးသောကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အမှု၏အကြောင်းအရာများအားလုံးကို ထည့်သွင်း စဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ သို့ရာတွင် ပုဒ်မ ၂၀၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၆) တွင်ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုသည့်ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့်အချက်များကိုသိရှိသည်ဟု သက်သေထင်ရှားမပေါ်ပေါက်လျှင် ဖော်ပြပါ လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့်စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေတစ်ရပ်ရပ်သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျှော့နည်းစေခြင်း မရှိစေရ။

**အစုရှယ်ယာများကို ရောင်းချရန်အတွက် ပြုလုပ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ**

၂၂၆။ (က) နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားသက်သေခံလက်မှတ်များကို အများပြည်သူက ငွေကြေးထည့်ဝင်စေရန်အတွက်ဖြစ်စေ၊ ဝယ်ယူစေရန်အတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးမှ အိမ်တိုင်ရာရောက် သွားရောက် ကမ်းလှမ်းခြင်းမပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃ ခုနှစ်၊ လ ရက်**

**(၂၀ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော 'ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ' ဆိုသည့်စကားရပ်ကို **'ဒဏ်ကြေးငွေ အနည်းဆုံး ကျပ်ငါးသောင်းမှအများဆုံးကျပ်ငါးသိန်း'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂တွင် ပါရှိသော 'ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်' ဆိုသည့် စကားရပ်ကို **'အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၃တွင်ပါရှိသော 'ထောင်ဒဏ် ၃နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရ မည်' ဆိုသည့် စကားရပ်ကို **'သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်သိန်း၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၃ ၏နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-**

'၃၃-က။ ဤ**ဥပဒေပုဒ်မ ၃၂နှင့် ၃၃တို့ပါ ပြစ်မှုတစ်ရပ်ရပ်**ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။'

၆။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၄တွင် ပါရှိသော 'ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်' ဆိုသည့်စကားရပ်ကို **'တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၅တွင်ပါရှိသော 'ထောင်ဒဏ် ၆ လအထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်' ဆိုသည့်စကားရပ်ကို **'ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၆တွင်ပါရှိသော 'ထောင်ဒဏ် ၆လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်' ဆိုသည့် စကားရပ်ကို **'တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**'၃၆-က။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-**

**(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးနှင့်အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကိုအရေးမယူဘဲ ထိမ်ချန်ခြင်း။**

**(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်း။'**

# မန္တလေးဈေးကွက်သို့ ပဲစင်းငုံအသစ်များဝင်ရောက်သော်လည်း အရောင်းအဝယ်ပါး

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးဈေးကွက်အတွင်းသို့ ယခုနှစ်အတွက် ပဲစင်းငုံအသစ်များ ဝင်ရောက်လာပြီဖြစ်သော်လည်း အရောင်းအဝယ်ပါးနေသေးကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံမှ ဦးစိုးဝင်းမြင့်က ပြောသည်။

ယခုလက်ရှိ ဈေးကွက်ထဲတွင် ပဲစင်းငုံအသစ် သုံးတင်းတစ်အိတ်လျှင် ရောင်းဈေးကျပ် ၄၂၀၀၀ ရှိပြီး ဝယ်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ဈေးရှိသည်။ ထို့အတူ ပဲစင်းငုံအဟောင်းတစ်အိတ်လျှင် ကျပ် ၃၅၅၀၀ ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေပြီး ကုန်လှောင်မည့်ကုန်သည်များသာ အဝယ်ရှိနေသေးသဖြင့် အရောင်းအဝယ်ပါးနေသေးကြောင်း ဦးစိုးဝင်းမြင့်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ ကျောက်ပန်းတောင်း၊ မကွေး၊ တံတားဦးဘက်မှ ပဲစင်းငုံအသစ်များ ဝင်ရောက်လျက်ရှိပြီး အရည်အသွေးကောင်း၍ အထွက်နှုန်း အသင့်အတင့်ရှိသော်လည်း ဈေးမကောင်းသဖြင့် တောင်သူများအနေဖြင့် တွက်ခြေမကိုက်ဘဲ အရှုံးနှင့်သာ ရင်ဆိုင်နေရကြောင်း သိရသည်။ ပဲစင်းငုံတစ်ဧကအတွက် စိုက်ပျိုးချိန်မှစ၍ ထွန်ငှားခ၊ ပေါင်းသင်ခ၊ ရိတ်သိမ်းခ အပါအဝင် တစ်ဧကကုန်ကျစရိတ်မှာ ကျပ်ငါးသောင်းမှ ခြောက်သောင်းခန့် ရှိခဲ့သော်လည်း ပဲဈေးမကောင်းသည့်အတွက် တောင်သူများ အကျပ်ရိုက်နေရကြောင်း မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်မှ ပဲစိုက်တောင်သူ ဦးဇော်က ပြောသည်။

"ပဲစင်းငုံတစ်ဧက စိုက်မယ်ဆိုရင် ထွန်ငှားခတင် သုံးသောင်းကျော်၊ ခုတ်ခနဲ့ ပဲစင်းငုံရိုက်ခက လူည်းတစ်စီးဆိုရင် ငွေကျပ်ငါးထောင်နှုန်းနဲ့ ကျပ်သုံးသောင်းလောက် ကုန်ပါတယ်၊ စုစုပေါင်း ငါးသောင်းကျော် ခြောက်သောင်းလောက် ကုန်တာပေါ့၊ ဒီနှစ်မှာ ပဲစင်းငုံက အပင်တွေလည်းသေတယ်၊ ပဲကကောင်းမှ တစ်ဧကကို တင်း ၂၀ ကျော်လောက် ထွက်တယ်၊ လူတိုင်း တစ်ဧကလောက်စိုက်မှ သုံးပုံတစ်ပုံလောက်ပဲ ရိတ်သိမ်းရတယ်၊ တစ်ဧကမှ လေးငါးတင်းလောက်ပဲ ထွက်တယ်၊ ဒီနှစ်လည်း ပဲစိုက်တဲ့သူတွေအကုန်လုံး တွက်ခြေမကိုက်ကြဘူး၊ အခုလည်း ဝယ်မယ့်သူ မရှိသေးဘူး၊ နောက်နှစ်အတွက် မျိုးလိုချင်လို့သာ ပြန်ပြီးရိတ်သိမ်းကြရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်အတွင်း ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းများကို အိန္ဒိယနိုင်ငံက ဝယ်ယူရန် ကန့်သတ်လိုက်ခြင်းကြောင့် ယခုနှစ် ပြည်တွင်းပဲဈေးကွက်အတွင်း ရိုက်ခတ်မှုများစွာရှိခဲ့သည့်အတွက် အရောင်းအဝယ်ပါးနေခြင်းလည်းဖြစ်ကာ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းအတွင်း အဆိုပါကန့်သတ်ချက်များ ရုပ်သိမ်းရေးအတွက် တောင်သူများနှင့် ကုန်သည်အသိုင်းအဝိုင်းကပါ မျှော်လင့်နေကြသလို အိန္ဒိယနိုင်ငံဈေးကွက်သာမက အခြားနိုင်ငံခြားပို့ကုန် လမ်းကြောင်းသစ်များ ပေါ်ထွက်လာစေရေးကိုလည်း မျှော်လင့်နေကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေများ စတင်လွှတ်ပေးလျက်ရှိ

**ရေတာရှည် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ နွေစပါး ဧကနှစ်သောင်းကျော်အတွက် ဇန်နဝါရီ ၁ ရက်နေ့တွင် ရေပေးဝေရန်နှင့် တောင်သူများအား ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်အသိပေးထားခဲ့သော်လည်း ဧကတစ်သောင်းကျော် ရေပေးဝေနိုင်သည့် DY-2 ရေပေးမြောင်းကို ပြုပြင်မှုများ ပြီးစီးသွားပြီဖြစ်၍ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစ၍ ရေပေးဝေမှုများ စတင်ဆောင်ရွက်ခဲ့သည်။



"ဒီမြောင်းမကြီးက ရေသောက်ဧကလည်း များတယ်၊ အဆင့်မြှင့်တင်ဆောင်ရွက်မှုတွေ အချိန်မီပြီးစီးသွားတော့ တောင်သူတွေ အချိန်မီစိုက်ပျိုးနိုင်အောင် ကြိုလွှတ်ပေးတာပါ၊ ကျန်တဲ့မြောင်းတွေအားလုံး သတ်မှတ်ရက်ဖြစ်တဲ့ ဇန်နဝါရီ ၁ ရက်မှာ ရေစတင်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိုက်ပျိုးရေရယူကြမည့် တောင်သူများအနေဖြင့်လည်း ရေသွယ်မြောင်းများ၌ အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းခြင်း၊ ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းအပြင် လယ်ချင်းစပ်စိုက်ပျိုးကြမည့် စပါးမျိုးများအတွက် ပေါင်းစပ် ညှိနှိုင်းကြခြင်းတို့ကိုလည်း ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ရေတာရှည်မြို့နယ်အတွင်း နွေစပါးအနေဖြင့် ထိုင်းကောက်၊ ရတနာတိုး၊ ဆင်းသုခ(၂)၊ သုခ(၂)၊ ဗျော့ထွန်း၊ ပြည်တော်ပြန် စပါးမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး ကုန်ထုတ်လမ်းအခက်အခဲနှင့် စက်အဝင်လမ်းများ ပိတ်ဆို့မှု မရှိစေရန်အတွက် သက်တမ်းအလိုက် စပါးမျိုးများကို တောင်သူအချင်းချင်း ညှိနှိုင်း၍ စိုက်ပျိုးကြရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး ပဲ၊ နှမ်းဈေးကွက် သုံးသပ်ချက်

၂၀၁၇ ခုနှစ်သည် ပဲနှင့် နှမ်းကို ရောင်းဝယ်ကြသည့် ကုန်သည်များအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည့် နှစ်တစ်နှစ်ဖြစ်ပြီး အထူးသဖြင့် ပဲတီစိမ်းနှင့် ပဲစင်းငုံဈေးကွက်တွင် တောင်သူများရော အရောင်းအဝယ်သမားများအတွက်ပါ အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း မန္တလေး ပဲနှမ်းကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

မြန်မာနိုင်ငံမှ ပဲတီစိမ်းနှင့် ပဲစင်းငုံကို အဓိကတင်ပို့နေရသည့် အိန္ဒိယနိုင်ငံက ကန့်သတ်ကုန်စည်အဖြစ် ဩဂုတ်လအတွင်းက သတ်မှတ်လိုက်ခြင်းကြောင့် ပဲလောကအတွင်း ဂယက်ရိုက်ခတ်ခဲ့ပြီး ယခုအချိန်အထိ အရောင်းအဝယ်ပါးနေသေးကြောင်း သိရသည်။ ထိုသို့ဖြစ်ပေါ်ခဲ့မှုကြောင့် တောင်သူများနှင့် အရောင်းအဝယ်သမားများအပေါ် များစွာနစ်နာစေခဲ့ပြီး အစိုးရအနေနှင့်လည်း ပြည်တွင်းပဲဈေးကွက်အပေါ် သတိထားမိလာကာ ပဲစားပွဲတော်များ ကျင်းပခြင်းကဲ့သို့ ဦးဆောင်ပံ့ပိုးမှုမျိုး ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် တောင်သူများအား အခြားအစားထိုးသီးနှံ စိုက်ပျိုးရန် လှုံ့ဆော်ခဲ့ကြောင်းလည်း သိရသည်။

သို့သော် တောင်သူများမှာ ပဲစိုက်ပျိုးထားပြီးချိန်တွင် နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးရန် မျိုးဖိုး အခက်အခဲများကြောင့် ထပ်မံစိုက်ပျိုးနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံရှိ ကုန်သည်များအနေဖြင့် တစ်နိုင်ငံတည်းရှိဈေးကွက်တစ်ခုအပေါ် မှီခိုနေရခြင်းထက် အခြားနိုင်ငံဈေးကွက်များသို့ပါ ချိတ်ဆက်ရန်လိုအပ်ကြောင်း ဆင်ခြင်သုံးသပ်နိုင်စေခဲ့သည့် အကျိုးအမြတ်ကိုသာ ရခဲ့ကြောင်း၊ အဓိကအားဖြင့် သီးနှံထွက်ကုန်များကို သွင်းကုန်အဖြစ် ဝယ်ယူမည့် နိုင်ငံများ၏ ကိုယ်ကျိုးစီးပွားကာကွယ်သည့်ဒဏ်ကို မြန်မာနိုင်ငံအနေဖြင့် ကြားညှပ်ခံခဲ့ရသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း မန္တလေးမြို့ရှိ ပွဲရုံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိုးဝင်းမြင့်က ပြောသည်။

နိုင်ငံခြားပို့ကုန်တစ်ခုဖြစ်သည့် ကုလားပဲမှာလည်း ယခုလက်ရှိမန္တလေးဈေးကွက်တွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၈၅၀၀၀ မှ ၉၀၀၀၀ အထိ ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေသော်လည်း စိုက်ပျိုးရန် မျိုးဝယ်သည့်အချိန်နှင့် လှောင်ကုန်အဖြစ် ဝယ်ယူသည့်အချိန်က တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ကျော် ဝယ်ယူခဲ့ရသည့်အတွက် အရှုံးပေါ်နေကြောင်း သိရသည်။

အရှုံးထဲမှအမြတ်အနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း ပြည်ပပို့ကုန်ပဲများ ဈေးနိမ့်ခဲ့သော်လည်း ပြည်တွင်းစားသုံးမှုများသည့် ပဲကြီး၊ ပဲလွန်း၊ စားတော်၊ မြေထောက်ပဲ၊ ပဲနီအစရှိသည့် ပဲများမှာ မကြုံစဖူး ဈေးတက်ခဲ့သည့်နှစ်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ်နှင့် နှစ်စပိုင်းက ဈေးနိမ့်ခဲ့သော်လည်း လက်ရှိအချိန်တွင် ဈေးကွက်အတွင်း ပဲကြီးတစ်အိတ်လျှင် ကျပ်နှစ်သိန်းနှုန်း၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ၁၆၀၀၀၀ နှုန်း၊ ပဲနီတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ တစ်သိန်းနှုန်းနှင့် မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ တစ်သိန်းနှုန်းအထိ ဈေးတက်ခဲ့သည့်အတွက် မကြုံစဖူး ဈေးတက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစိုးဝင်းမြင့်က ဆက်ပြောသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့သည့် ပဲ၊ နှမ်းနှင့် ဆန်ဈေးကွက်တွင်လည်း ကုန်သည်များ၏ ဘဏ်အကောင့်များကို တရုတ်ဘက်က ပိတ်သိမ်းခဲ့သည့်အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း၊ ပဲ၊ နှမ်းနှင့် ဆန်များ တင်ပို့ရန်အတွက် မြန်မာနိုင်ငံတွင် အခွန်ဆောင်ပြီးဖြစ်သော်လည်း တရုတ်နိုင်ငံဥပဒေအရ မှောင်ခိုအဖြစ် သတ်မှတ်ပြီး ဆန်များတင်သွင်းခြင်းကို ကန့်သတ်ခဲ့ခြင်းကြောင့် ပြည်တွင်းမှ ပဲ၊ နှမ်းနှင့် ဆန်ကုန်သည်များအတွက် အခက်အခဲများစွာကြုံတွေ့ခဲ့သည့် နှစ်တစ်နှစ်ဟု ဆိုရမည်ဖြစ်ကြောင်း မန္တလေးမှ ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# နေပြည်တော်တွင် ဝါကောက်ရန် လုပ်သားရှားပါးမှု ကြုံတွေ့နေရ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဝါကောက်ရာသီတွင် သီးနှံဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေသော်လည်း ဝါကောက်ရန် အလုပ်သမားရှားပါးနေ၍ တောင်သူများ အခက်ကြုံနေရကြောင်း ဒေသခံ ဝါစိုက်တောင်သူများက ပြောကြားသည်။

ဝါကောက်အလုပ်သမား ရှားပါးနေ၍ ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ လယ်ယာလုပ်သားများကို ခေါ်ယူ၍ ဝါကောက်လုပ်ငန်း ဆောင်ရွက်နေကြရခြင်းကြောင့် အလုပ်သမားစရိတ်ကြီးမြင့်ကာ ကုန်ကျစရိတ်များလည်း ပိုများနေကြောင်း နေပြည်တော် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာမှ ဝါစိုက်တောင်သူ ဦးရွှေညိုက ပြောသည်။

"ပဲခူးနဲ့ ရောဝတီဘက်က အလုပ်သမားတွေ ခေါ်ခိုင်းနေရတယ်၊ ဝါက အရင်နှစ်ထက်ဖြစ်ထွန်းတော့ လုပ်သားက ဒီဘက်မှာ ခေါ်ရတာမလွယ်တော့ဘူး၊ ရွာမှာရှိတဲ့ လယ်ယာလုပ်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အကုန်လုံးနီးပါးက ထိုင်း၊ မလေးရှားနဲ့ ကိုရီးယားဘက်ကို အလုပ်လုပ်ဖို့ သွားနေကြသလို နောက်ထပ်လည်း သွားဖို့လုပ်နေကြတော့ သူတို့တွေကို နေ့စားပေးခေါ်ခိုင်းလို့ မရတော့ဘူး၊ နေ့စားအနေနဲ့ တစ်မနက်ကို အရင်နှစ်က ကျပ် ၁၅၀၀ ပေးရတယ်၊ ဒီနှစ်တော့ ကျပ် ၂၅၀၀ ပေးတာတောင် မရတော့ဘူး၊ ဒါကြောင့် တခြားက လုပ်နိုင်မယ့်သူတွေကို ထမင်းကျွေး နေ့စားခတစ်နေကုန် ၄၈၀၀ ကျပ်နဲ့ ပေးငှားနေရတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၉၀၀ မှ ကျပ် ၁၄၀၀ ကြားရှိပြီး အရည်အသွေးကောင်းပါက ကျပ် ၁၆၀၀ အထိ ဈေးပေါက်နေကြောင်း၊ ဝါကုန်သည်များက စိုက်ခင်းအထိလာရောက်၍ ဈေးဖြတ်ဝယ်ယူမှုများရှိနေကြောင်း သိရသည်။

"ဝါသီးနှံက တခြားသီးနှံနဲ့ မတူဘူး၊ အလုပ်သမားလည်း ပိုငှားရသလို ကောက်ချိန်မှာ မကောက်ဖြစ်ရင်လည်း ဝါတွေမှိုတက်တာ ကြုံရတယ်၊ ဒီလိုအချိန်ရောက်တိုင်း လယ်ယာလုပ်သားရှားပါးတာ ကြုံရပေမယ့် ဒီနှစ်တော့ အမျိုးသမီးတွေပါ ထိုင်းဘက်သွားတာများတော့ လုပ်သားပိုရှားလာတယ်"ဟု တပ်ကုန်းမြို့နယ်မှ ဝါစိုက်တောင်သူ ဦးစိုးလှိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် ဝါကို နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးပြီး ငွေချည်-၆ ဝါကို တပ်ကုန်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နှင့် ဝက်ထီးကန် ဒေသများ၌ အများဆုံး စိုက်ပျိုးကြကာ တရုတ်နိုင်ငံဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိသည်။ တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ထွက်ရှိလာသည့် ဝါများကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနှင့် ဝါစေ့အဖြစ် ကြိတ်ခွဲရာမှ ရရှိသည့် ဝါဂွမ်းကို ဖိစက်နှင့်ဖိပြီး စနစ်တကျထုပ်ပိုးကာ မန္တလေးရှိစက်ရုံများနှင့် ပြည်ပဝယ်လက်များထံသို့ တင်ပို့ရောင်းချကြကြောင်း ဝါကြိတ်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

**ဇာလင်းသူ(AMIA)**

# ဝဉကို ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဈေးကောင်းပေး၍ ဝယ်နေသော်လည်း လိုသလောက် မတင်ပို့နိုင်

ဝဉကို ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဈေးကောင်းပေး၍ ဝယ်ယူလိုသော်လည်း အရည်အသွေးပိုင်း အားနည်းနေ၍ လိုသလောက် တင်ပို့နိုင်ခြင်းမရှိဖြစ်နေကြောင်း ဝဉကုန်သည်များက ပြောသည်။

"ဂျပန်နိုင်ငံက အခြောက်ခံထားတဲ့ဝဉကို ပိုကြိုက်တယ်၊ အရည်အသွေးပိုင်းမှာလည်း သေချာစစ်ဆေးတယ်၊ ဒါပေမယ့် တရုတ်ထက် ဈေးပိုပေးတယ်၊ အရည်အသွေးစစ်တဲ့အခါကျတော့ စိုက်တောင်သူတွေက မိရိုးဖလာအတိုင်းပဲ သိုလှောင်သိမ်းဆည်းတာဆိုတော့ အရည်အသွေးပိုင်းမှာ နည်းနည်းတော့ စကားပြောနေတာပေ့ါ၊ ဒါကြောင့်လည်း လိုသလောက်မရောင်းနိုင်တာပါ၊ တရုတ်ကတော့ အကုန်ဝယ်တယ်"ဟု မန္တလေးမြို့မှ ဇလပ်မြေ ဝဉပွဲရုံပိုင်ရှင် ဦးစိုင်းကျော်မြင့်က ပြောသည်။

လက်ရှိအချိန်တွင် ဝဉ တင်ပို့မှုအတွက် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့အား ဂျပန်က မက်ထရစ်တန် ၂၄၀ အထိ အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း၊ ခွင့်ပြုတန်ချိန် ခွဲတမ်းကျော်သွားပါက တစ်ကီလိုလျှင် ၂၉ ဒေါ်လာ အခွန်ကောက်ခံကြောင်း၊ ထိုလေးနိုင်ငံထဲတွင် မြန်မာနိုင်ငံက ဝဉအထွက်နှုန်းများခြင်းကြောင့် ဈေးကွက်တိုးချဲ့ရန် အလားအလာရှိနေကြောင်း သိရသည်။

ဝယ်လိုအားများသည့် ဂျပန်နိုင်ငံသို့ ၂၀၁၂ ခုနှစ်တွင် စတင်တင်ပို့ခဲ့ရာ ထိုအချိန်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုနှစ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၂၅၀၀ ခန့်အထိ ရရှိနေကြောင်း သိရသည်။ ဝဉကို ဂျပန်နိုင်ငံတွင် အမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ဖိလစ်ပိုင်နိုင်ငံတွင် ပေါင်မုန့်၊ အရက်၊ ဝိုင်ချက်လုပ်ခြင်း၊ တရုတ်နိုင်ငံတွင် အစားအစာ၊ ခေါက်ဆွဲ၊ အသားတုနှင့် မုန့်များပြုလုပ်ခြင်းတို့တွင် ထည့်သွင်းအသုံးပြုပြီး ကိုလက်စထရောကျဆေး၊ အဆီကျဆေးများ ဖော်စပ်ရာတွင်လည်း ဆေးဝါးအဖြစ် အသုံးပြုကြောင်း သိရသည်။

အများဆုံးဝယ်ယူသည့် ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်ပြီး ဝဉအရည်အသွေးကို စစ်ဆေးကြည့်ရှုခဲ့ရာ မြန်မာနိုင်ငံမှ ဝဉသည် အင်ဒိုနီးရှားနိုင်ငံမှဝယ်ယူသော ဝဉများထက် အရည်အသွေးကောင်းမွန်ကြောင်း သိရှိသွားသဖြင့် ယနေ့တိုင် ရသလောက်ဝယ်ယူနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နေသော ဝဉအမျိုးအစားမှာ သုံးမျိုးရှိပြီး အနီ၊ အဝါနှင့် အဖြူရောင်တို့ဖြစ်ကာ အနီရောင်မှာ ပထမတန်းစား၊ အဝါရောင်မှာ ဒုတိယတန်းစား၊ အဖြူရောင်မှာ တတိယတန်းစားတို့ဖြစ်ကြောင်း သိရသည်။

ဝဉပင်များသည် မြန်မာနိုင်ငံအတွင်း အချို့ဒေသများတွင် အလေ့ကျ ပေါက်ရောက်လေ့ရှိပြီး တောင်သူများက စိုက်ပျိုးရာတွင် မြောင်းပေါင်တင်၍ စိုက်ပျိုးကြကြောင်း၊ နှစ်စဉ် မေလတွင် စိုက်ပျိုးပြီး တစ်ဧကလျှင် ပိဿာချိန် ၇၅၀၀ မှ တစ်သောင်းနီးပါးအထိ ထွက်ရှိကြောင်း၊ ပဲခူး၊ သာယာဝတီ၊ မော်လမြိုင်၊ မြစ်ကြီးနား၊ ကသာဒေသ၊ စစ်တောင်းမြစ်ဝှမ်းဒေသ၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ပြင်ဦးလွင်၊ မြန်မာနိုင်ငံအောက်ပိုင်း ဒေသအများအပြားတွင် ဝဉများကို စိုက်ပျိုးပြီး အပင်မျိုးစိတ်ပေါင်း ၂၀ ကျော်ရှိကြောင်း သိရသည်။

**မြတ်သူ(AMIA)**

# တစ်ပတ်အတွင်း လယ်ယာထွက်ကုန် ဈေးနှုန်းများ

(၂၀၁၇ ဒီဇင်ဘာ ၂၅ မှ ၂၉ ရက်အထိ)

**မတ်ပဲ (FAQ/RC)**

မတ်ပဲကတော့ ဒီဇင်ဘာလဆန်းပိုင်းကနေစပြီး ဈေးတက်လာခဲ့တာ လက်ရှိမှာ တစ်တန်ကို ကျပ်ခြောက်သိန်းကျော်အထိ ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်းမှာ ဒေသ ဝယ်လက်တွေကြောင့် ဈေးမြင့်တက်လာပြီး အိန္ဒိယနိုင်ငံကလည်း အဝယ်များလာတဲ့အတွက် ဈေးတက်လာတာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ မတ်ပဲအသစ်တွေလည်း ဝင်ရောက်လာပြီး ဈေးကောင်းနေတာကိုလည်း တွေ့ရပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲက တစ်တင်းကို ၂၀၀၀၀ နီးပါးအထိ ဈေးပြန်မြင့်တက်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၂၀၀၀၀ အထိ ဈေးရရှိခဲ့ပြီး ပြီးခဲ့တဲ့ အပတ်ထက် တစ်တင်းကို ကျပ် ၂၀၀၀ လောက် ဈေးတက်ခဲ့ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၂၀၀၀၀ ကျော်အထိ ဈေးရရှိနေပါတယ်။

ပြည်တွင်းဈေးကွက်မှာသာမက အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲက ဈေးတက်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်ကန့်သတ်ခဲ့တာကို လာမယ့် ဘဏ္ဍာနှစ်ကုန်အတွင်း ဖြေလျှော့မယ့် သတင်းတွေကြောင့် ကုန်သည်တွေက ပြန်လည် ဝယ်ယူလာကြတဲ့အတွက် ဈေးတက်လာခဲ့တာလို့လည်း သိရပါတယ်။

**ပဲစင်းငုံနီ(RC)**

ပဲစင်းငုံနီကလည်း ဒီတစ်ပတ်မှာ မတ်ပဲနည်းတူ ဈေးတက်လာခဲ့ပါတယ်။ မတ်ပဲလောက် ဈေးအတက်အကျမမြန်ပေမယ့် လက်ရှိမှာ တစ်တန်ကို ကျပ်လေးသိန်းကျော်အထိ ဈေးတက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က ရန်ကုန်ကုန်စည်ဒိုင်မှာ ဈေးတက်ခဲ့ပေမယ့် နယ်ဈေးတွေ ကျဆင်းခဲ့ရာက ဒီတစ်ပတ်မှာတော့ နယ်ကုန်စည်ဒိုင်တွေမှာပါ ဈေးတက်ခဲ့ပါတယ်။ ရန်ကုန်မှာတော့ ဝယ်လက်က နေ့စဉ်ဝယ်ယူမှုတွေ ရှိနေတဲ့အတွက် ဈေးဆက်တိုက်တက်နေသလို အိန္ဒိယနိုင်ငံမှာလည်း မြန်မာပဲစင်းငုံက အဝယ်သွက်လာပြီး ဈေးတက်လာပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲစင်းငုံတစ်တင်းကို ကျပ် ၁၃၀၀၀ နဲ့ တစ်တင်းကို ၁၀၀၀ ကျော် ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၂၇၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ ကျော် ဈေးမြင့်တက်ခဲ့ပါတယ်။ မန္တလေး ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၂၀၀၀ ကျော်၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ၁၂၅၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ၁၃၃၀၀ နဲ့ တစ်တင်းကို ကျပ် ၁၀၀၀ နီးပါး ဈေးမြင့်တက်ခဲ့ပါတယ်။

**ကုလားပဲလုံး ဈေးပြန်တက်**

ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းခဲ့ပြီး လအတော်ကြာ အကျဈေးနဲ့ရှိနေတဲ့ ကုလားပဲက ဒီတစ်ပတ်မှာတော့ ဈေးပြန်တက်လာခဲ့ပါတယ်။ ပြည်တွင်းဝယ်လိုအား အနည်းငယ်ရှိခဲ့တဲ့အတွက် ဈေးတက်ခဲ့တာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ကုလားပဲကို သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့တဲ့အတွက် ဈေးတက်လာခဲ့ပါတယ်။ အချိန်တော်တော်ကြာ သွင်းကုန်ခွန်နဲ့ပတ်သက်ပြီး အဆုံးအဖြတ်မပေးတဲ့အတွက် အိန္ဒိယမှာတော့ ကုလားပဲက အကျဈေးနဲ့ ရပ်တန့်နေခဲ့ပါတယ်။

**ကုလားပဲလုံးဝါ**

ကုလားပဲလုံးဝါ(ကြီး)ကတော့ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၆၀၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ၂၄၇၀၀ ၊ ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ၂၈၀၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၁၀၀၀ ရှိနေပြီး ပြီးခဲ့တဲ့အပတ်ထက် တစ်တင်းမှာ ကျပ် ၁၀၀၀ နီးပါး ဈေးမြင့်တက်လာခဲ့ပါတယ်။

**ကုလားပဲလုံးဖြူ**

ကုလားပဲလုံးဖြူ(ကြီး)ကတော့ ဈေးကွက်အတွင်း ဈေးကျဆင်းခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၁၀၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ၂၆၆၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၃၀၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၂၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ နီးပါး ဈေးကျဆင်းခဲ့တာဖြစ်ပါတယ်။

**ကြက်သွန်နီဈေးတက်**

ကြက်သွန်နီကတော့ ဒီတစ်ပတ်မှာ ထပ်ပြီး ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က ရန်ကုန်ကုန်စည်ဒိုင်မှာ ဆိပ်ဖြူကြက်သွန်နီက ဈေးမြင့်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မြစ်သားကြက်သွန်နီက အမြင့်ဆုံးဈေးကို ရောက်ရှိနေပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာ ကြက်သွန်နီက ဈေးမြင့်ပေမယ့် ရန်ကုန်ကုန်စည်ဒိုင်မှာတော့ ဈေးကျဆင်းနေခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား ကြက်သွန်နီတွေ တစ်ပိဿာကို ကျပ် ၁၈၀၀ ကနေ ၃၀၅၀ အထိ ဈေးရပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ကျပ် ၁၇၅၀ ကနေ ၂၇၀၀ ခန့်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ကြက်သွန်နီက ပခုက္ကူကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၁၆၀၀ ကနေ ၂၂၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၂၀၀ ကျော် ဈေးမြင့်တက်ခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ၁၈၀၀ ကနေ ၂၂၅၀ ခန့်ရှိပြီး ကျပ် ၁၀၀ လောက် ဈေးမြင့်တက်ခဲ့ပါတယ်။



**နှမ်းရောင်စုံအချို့ဈေးကျဆင်း**

ပြည်တွင်းဝယ်လိုအား နည်းသွားတဲ့အတွက် ဒီတစ်ပတ်ထဲမှာ နှမ်းရောင်စုံထဲက နှမ်းအချို့ကတော့ ဈေးကျဆင်းသွားပါတယ်။

**နှမ်းနက်**

နှမ်းနက်က ပြီးခဲ့တဲ့ အပတ်တုန်းက မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၆၂၅၀ ပေါက်ဈေးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်တင်းကို ၃၆၀၀၀ ပေါက်ဈေးရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၃၀၀၀ ပေါက်ဈေးရှိခဲ့ပြီး တစ်တင်းကို ၁၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။

**နှမ်းညို**

နှမ်းညိုကတော့ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၃၀၀၀ ပေါက်ဈေးရှိပြီး မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၃၇၅၀ ပေါက်ဈေးရှိပါတယ်။ တစ်တင်းမှာ ကျပ် ၅၀၀ ကနေ ၇၀၀ အတွင်း ဈေးကျဆင်းသွားခဲ့ပါတယ်။

**နှမ်းနီ**

နှမ်းနီကတော့ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၄၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ကျပ် ၂၅၀ ဈေးကျဆင်း သွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၂၆၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။

**နှမ်းဖြူ**

နှမ်းအချို့ဈေးကျဆင်းပေမယ့် နှမ်းဖြူကတော့ ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တင်းကို ကျပ် ၂၀၀၀ နီးပါး ဈေးတက်လာခဲ့ပြီး တစ်တင်းကို ကျပ် ၄၀၇၅၀ ပေါက်ဈေးရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၄၁၀၀၀ အထိ ဈေးရရှိခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

---

# မျက်စိဝေဒနာရှင်များ မျှော်လင့်လျက်ရှိသည့် ဒုတိယအကြိမ် အခမဲ့မျက်စိကုသပေးမည့် အစီအစဉ်




**မကွေး ဒီဇင်ဘာ ၃၁**

မကွေးမြို့နယ် ရပ်နီးရပ်ဝေးနှင့် မြို့ပေါ်ရှိ မျက်စိဝေဒနာရှင်များ မျှော်လင့်လျက်ရှိသည့် အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းကို သီတဂူမျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြအောင် ဦးစီး၍ မကွေးမြို့မဟာဝိသုတာရာမတိုက်နှင့် လေးထပ်ကျောင်းဝန်းအတွင်းရှိ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံတော်ကြီး၌ ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် အခမဲ့ ခွဲစိတ်ကြည့်ရှုကုသပေးရေးကို အောင်မြင်စွာပြုလုပ်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို မဟာဝိသုတာရာမတိုက် သိမ်တော်၌ ဒီဇင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက် နာယကဆရာတော် ဦးသာသနက အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ဆေးရုံတော်ကြီး ရေရှည်တည်တံ့ရေးနှင့် လူနာများ အဆင်ပြေစွာကုသနိုင်ရေးတို့နှင့်ပတ်သက်၍ ကော်မတီများဖွဲ့စည်းထားသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးမြို့မြို့မိမြို့ဖများနှင့် လူမှုရေးပရဟိတအသင်း အဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

"ပြီးခဲ့တဲ့ ဧပြီ ၃ ရက်ကနေ ၇ ရက်အထိ ဆေးရုံတော်ကြီးမှာ ပထမအကြိမ် အခမဲ့ မျက်စိခွဲစိတ်ကုသပေးခဲ့ပါတယ်၊ ဒုတိယအကြိမ်ကုသပေးဖို့ ဆရာတော်ရဲ့ကျန်းမာရေး အခြေအနေကြောင့် အချိန်နောက်ကျခဲ့ရပါတယ်၊ အနယ်နယ်အရပ်ရပ်က မျက်စိဝေဒနာရှင်တွေက ခဏခဏ ဖုန်းတွေဆက်ပြီး ကုသပေးမယ့်ရက်ကို မေးကြလို့ အခုဒုတိယအကြိမ်ကို အမြန်ဆုံး ပြန်လည်ကုသပေးနိုင်ဖို့ စီစဉ်ခဲ့တာပါ၊ ပထမအကြိမ်မှာ လိုအပ်ချက်တွေ၊ အဆင်မပြေတာတွေရှိခဲ့တဲ့အတွက် အခုဒုတိယအကြိမ်မှာ အရင်က အားနည်းချက် အားသာချက်တွေကို နှိုင်းယှဉ်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ မကွေးမြို့ပေါ်ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတွေနဲ့ ပရဟိတအသင်းအဖွဲ့တွေက ကျရာတာဝန်တွေကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြဖို့အတွက် အစည်းအဝေး ပြုလုပ်တာပါ"ဟု ဆရာတော်ဦးသာသနက မိန့်ကြားသည်။

"အခုလို မျက်စိဆေးရုံကို ဒေသခံတွေ မျှော်လင့်နေတာကြာပါပြီ၊ အရင်ကဆို မျက်စိဝေဒနာရှင်တွေက ဆေးခန်းတွေမှာ သွားရောက်ပြသဖို့ ဘုတ်ကင်ပေးတဲ့နေရာမှာ တန်းစီရတယ်၊ အဲဒါလည်း တစ်ရက်တည်းနဲ့မရဘူး၊ ဆေးကုသဖို့ကို ညအိပ် စောင့်ခဲ့ရတာ၊ အခုလို မျက်စိဆေးရုံဆောက်လိုက်တဲ့အတွက် အင်မတန်ကောင်းပါတယ်၊ မကွေးတိုင်းမှာက မျက်စိဝေဒနာရှင် များတယ်ပြောရမယ်၊ အရင်က မျက်စိဝေဒနာခံစားရတဲ့သူတွေ ခက်ခက်ခဲခဲ ကုသခဲ့ကြရတာကနေ ခုလိုမျက်စိဆေးရုံဖွင့်တဲ့အတွက် ဒေသခံတွေအတွက်တော့ ဝမ်းသာစရာပါ၊ ကျွမ်းကျင်တဲ့ မျက်စိခွဲစိတ်ဆရာဝန်ကြီးတွေကိုယ်တိုင် လာရောက်ကုသပေးမယ်ဆိုတော့ ပိုပြီးဝမ်းသာရပါတယ်"ဟု မကွေးမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

မကွေးမြို့ မဟာဝိသုတာရာမတိုက်နှင့် လေးထပ်ကျောင်းဝန်းအတွင်းရှိ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံတော်ကြီးတွင် ဧပြီလအတွင်း ပထမအကြိမ် ကုသပေးစဉ်က မျက်စိဝေဒနာရှင် ၃၂၀၀ ကျော်ကို မျက်စိစမ်းသပ်ကုသပေးခဲ့ပြီး ၃၂၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဆေးရုံတစ်ရုံဖြစ်ဖို့ဆိုတာ အလွန်ခက်ခဲပါတယ်၊ ဆရာတော့်အနေနဲ့ ဆေးရုံကို မကြာခင်မှာပဲ ကော်မတီဖွဲ့ပြီး လွှဲဖို့လုပ်ထားပါတယ်၊ ကော်မတီဖွဲ့တဲ့နေရာမှာလည်း သက်ဆိုင်ရာဌာနတွေနဲ့ မြို့ပေါ်က ပရဟိတအဖွဲ့တွေ ပူးပေါင်းပြီး ဖွဲ့စည်းသွားမယ်၊ ဒါကြောင့်မို့လို့ ဆေးရုံတော်ကြီးမှာ တာဝန်ယူကြမယ့် ဒေသခံတွေအနေနဲ့ ဆေးရုံတော်ကြီး ရေရှည်တည်တံ့ဖို့နဲ့ လာရောက်ကုသတဲ့ ဝေဒနာရှင်တွေ အဆင်ပြေစေဖို့ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်၊ တစ်နေ့ကို လူနာ ၅၀၀ စမ်းသပ်ကုသပေးသွားမှာပါ၊ ငါးရက်ပြည့်လို့ လူနာကျန်နေတယ်ဆိုလည်း အခြေအနေကြည့်ပြီး ရက်ထပ်တိုးပြီး ကုသပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးရာတွင် သီတဂူမျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြအောင်ဦးစီး၍ ဆရာဝန်များ၊ သူနာပြုများ၊ မကွေးမြို့၊ မင်းဘူးမြို့၊ ချောက်မြို့ရှိ မျက်စိအထူးကုဆရာဝန်များ၊ မျက်ခမ်းစပ်ရောဂါ အထူးကုဆရာဝန်များ၊ တိုင်းပြည်သူ့ဆေးရုံကြီး၊ တိုင်းသင်ကြားရေးဆေးရုံကြီးနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့မှ ဆရာဝန်များနှင့် သူနာပြုများက စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ ပြည်သူများအနေဖြင့် ကုသမှုခံယူရန် ဆေးရုံတော်ကြီးတွင် လာရောက် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကာ လူကိုယ်တိုင် မလာရောက်နိုင်ပါက ဖုန်း-၀၉-၂၅၇၄၇၉၃၃၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ လာရောက်ကုသမည့် မျက်စိဝေဒနာရှင်များတွင် ခွဲစိတ်မည့်လူနာနှင့် လူနာစောင့် တစ်ယောက်အတွက် နေစရာနှင့် စားစရာများကို ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- ဇေမိုး**

---

# ကော့သောင်းနယ်စပ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများလိုအပ်နေ

**ကော့သောင်း ဒီဇင်ဘာ ၃၁**

ကော့သောင်းနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရ၏ ပံ့ပိုးမှုများနှင့် ကြိုတင်ခွန်ကောက်ခံမှုကို ဖြေလျှော့ပေးရန်တို့ လိုအပ်နေကြောင်း ဒေသခံလုပ်ငန်းရှင်များက ပြောကြားသည်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးအတွက် ငါးအအေးခန်းစက်ရုံ၊ ရော်ဘာကုန်ချောစက်ရုံ၊ ဆီအုန်းကုန်ချောစက်ရုံများ တိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်စေရေးအတွက် ထုတ်လုပ်မှုစရိတ်တွင် အကြီးဆုံးစရိတ်ဖြစ်သည့် လျှပ်စစ်ဓာတ်အားခကို လျှော့ချပေးရန်နှင့် ကြိုတင်ခွန်ကောက်ခံမှုတွင် ဖြေလျှော့မှုပေးသည့် အနေဖြင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များအား ကြိုတင်ခွန် နှစ်ရာခိုင်နှုန်း ကောက်ခံပြီးနောက် ယင်းကြိုတင်ခွန်ကို Final Assessment အဖြစ် အပြီးသတ် ကောက်ခံစေရန် လိုအပ်နေကြောင်း ကော့သောင်းနယ်စပ်ကုန်သည်အသင်း စာရင်းစစ် ဦးခင်မောင်ကြီးက ပြောသည်။

"အစိုးရရဲ့ပံ့ပိုးမှုတွေ လိုအပ်ပါတယ်၊ ဒါ့အပြင် ကော့သောင်းနယ်စပ်ကနေ စိုက်ပျိုးရေးပစ္စည်းတွေ၊ စက်မှုကုန်ကြမ်းတင်သွင်းတာတွေအတွက် One Stop Service ကို သက်ဆိုင်ရာဌာနတွေက လာရောက်တဲ့ဖက်ဖွင့်လှစ်ပြီးတော့ ထောက်ခံချက် ထုတ်ပေးဖို့တွေ လိုအပ်တယ်၊ ဒါမှလည်း ကုန်သွယ်ရေး တိုးတက်မြန်ဆန်လာစေမှာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဇာလင်းသူ(AMIA)**

---

# ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြ

**ရေကြည် ဒီဇင်ဘာ ၃၁**

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ရေကြည်မြို့နယ် ရေကြည်စိုက်ကွင်းက စီစဉ်ကျင်းပသော ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းရန် ဥကပ်ပါးနဂျီများလွှတ်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ ရှင်းလင်းဟောပြော လက်တွေ့ကွင်းသရုပ်ပြပွဲကို ရေကြည်မြို့နယ် ရေနံ့သာကျေးရွာအုပ်စုရှိ မြို့နယ်စိုက်ကွင်းရုံးဝင်းအတွင်း၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် ရေကြည်စိုက်ကွင်းမှူး ဦးစီးအရာရှိ ဦးနေမျိုး၊ ဒုတိယစိုက်ကွင်းမှူး ဦးစီးအရာရှိဦးရဲမြင့်နှင့် ရေကြည်နှင့် ငါးသိုင်းချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇီဝနည်းစနစ်များဖြင့် အပင်ပိုးမွှားကာကွယ်ခြင်း နည်းလမ်းကောင်းများကို တက်ရောက်လာသော ဒေသခံတောင်သူများအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် အဆိုပါစိုက်ကွင်းရုံးဝင်းအတွင်းရှိ မတ်ပဲ(မျိုးစေ့ထုတ်စိုက်ကွင်း)ထဲသို့ ဥကပ်ပါးနဂျီများ ပို့လွှတ်၍ ဇီဝနည်းဖြင့် အပင်ပိုးမွှားကျရောက်မှု ကာကွယ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သရုပ်ပြပွဲသို့လာရောက်သော ဒေသခံတောင်သူများ ပူးပေါင်း၍ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရေကြည်စိုက်ကွင်းမှူး ဦးနေမျိုးက ဇီဝနည်းဖြင့် အပင်ပိုးမွှားကာကွယ်ခြင်းဖြင့် စိုက်ဧက တစ်ဧကလျှင် ကုန်ကျစရိတ် ကျပ် ၂၀၀၀ ခန့်သာ ကုန်ကျခြင်းကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ဓာတုဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ မရှိသဖြင့် စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ သီးနှံအပေါ် ဓာတုဘေးထွက်ဆိုးကျိုး သက်ရောက်မှုမရှိသဖြင့် သီးနှံအထွက်တိုး၍ ဈေးကောင်းရရှိစေခြင်းစသည့် အကျိုးကျေးဇူးများ ရစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်မောင်ဘို (DD.SDB) ၏ ၂၀၁၈ ခုနှစ်အတွက် နှစ်သစ်ဆုတောင်း



၂၀၁၈ ခုနှစ် နှစ်သစ်ဖြစ်တဲ့အတိုင်းပဲ ကျွန်ုပ်တို့အားလုံးဟာ စိတ်သစ်ကိုယ်သစ်နဲ့ ကျေးဇူးတော်အသစ်နဲ့ ဒီနှစ်သစ်ကူးကို ကျွန်ုပ်တို့စရမယ်။ စိတ်သစ်ကိုယ်သစ်ဖြစ်နိုင်ဖို့ ရန်အတွက် အတိတ်ကိုပဲ ဆုပ်ကိုင်ပြီးနေကြမယ်ဆိုရင် အနာဂတ်မရှိနိုင်ဘူး။ အတိတ်က ဖြစ်ခဲ့တဲ့ဟာတွေ ပဋိပက္ခတွေအားလုံးဟာ ကျွန်ုပ်တို့ဟာ ခွင့်လွှတ်နိုင်ပြီးတဲ့နောက် အနာဂတ်ကို နှစ်သစ် ၂၀၁၈ ခုနှစ်မှာ လူမျိုးမရွေး ဘာသာမရွေး လေးစားနိုင်ပြီး အတူတူနေနိုင်တဲ့၊ မတူခြားနားတာထဲမှာ စည်းလုံးနိုင်တယ်။ မတူခြားနားခြင်းဟာ အန္တရာယ်မဟုတ်ဘဲနဲ့ ကျွန်ုပ်တို့အတွက် ခွန်အားဖြစ်တယ်။

ကျွန်ုပ်တို့တိုင်းပြည်မှာ တိုင်းရင်းသားပေါင်းစုံရှိပါတယ်။ ဘာသာပေါင်းစုံလည်း ရှိပါတယ်။ ဘာသာတိုင်းဟာလည်းပဲ မေတ္တာတရားဆောင်တဲ့၊ မေတ္တာတရားနဲ့ အေးချမ်းသာယာပြီး နေထိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်ုပ်တို့အားလုံးဟာ မေတ္တာတရားကိုသာ လက်ကိုင်ထားကြဖို့ အမုန်းတရား၊ အမုန်းစကားတွေကို ပယ်ရှားနိုင်ပြီးတော့ လူတိုင်းကို ကိုယ့်ရဲ့ညီအစ်ကိုမောင်နှမလိုပဲ သဘောထားနိုင်ပြီး နေသွားနိုင်ကြဖို့ရန်အတွက် ဒီနှစ်သစ်ကစလို့ အေးအေးချမ်းချမ်းနဲ့ နေနိုင်ပါစေ၊ ဘယ်သူ့ကိုပဲတွေ့တွေ့ အားလုံးဟာ ညီအစ်ကိုမောင်နှမ ဖြစ်ကြတယ်ဆိုတဲ့ မိသားစုစိတ်ဓာတ်များ ထားနိုင်ကြပါစေလို့ဆုတောင်းပါတယ်။ ။

# ၂၀၁၈ ခုနှစ် နှစ်သစ်အခါသမယအတွက် ဆုမွန်ကောင်း

**ရီရီမြင့်၊ မြတ်စန္ဒီ၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ သီသီမင်း**



နှစ်သစ်မှာ အဓိက ဦးစားပေးအနေနဲ့ မျှော်လင့်တာက ငြိမ်းချမ်းရေးပါပဲ၊ တိုင်းသူပြည်သားတွေ ငြိမ်းချမ်းဖို့၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တကယ်ပဲ ကမ္ဘာမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားပြီးတော့ ကမ္ဘာရဲ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာဦးဆောင်မှု အခန်းကဏ္ဍရရှိဖို့အတွက် ငြိမ်းချမ်းရေးက အဓိကပါပဲ၊ အဲ့ဒီအတွက် မျှော်လင့်ပါတယ်။

သိက္ခာတော်ရ ဒေါက်တာရန်ခိုပေါင် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ် )



မြန်မာတင်မက တစ်ကမ္ဘာလုံးမှာ အရေးကြီးဆုံး လိုအပ်တာကတော့ ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာ ဝပြောဖို့အတွက် အထူးဆုတောင်းပါတယ်။

ငြိမ်းချမ်းမှုပဲ သာယာဝပြောမယ်၊ တိုးတက်မယ်၊ အောင်မြင်မယ်၊ ဘယ်နိုင်ငံမဆို ကြည့်လိုက်ရင် ငြိမ်းချမ်းရေးမရှိဘူးဆိုရင် ဆက်ပြီးတိုးတက်ဖြစ်ထွန်းဖို့ အလွန်ခက်ခဲပါတယ်။

အဲဒါကြောင့် တိုးတက်သာယာဝပြောတဲ့ နိုင်ငံဖြစ်ဖို့အတွက် အထူးသဖြင့် မြန်မာနိုင်ငံမှာ ဖြစ်တည်နေတဲ့ အရာအားလုံး တကယ်ချုပ်ငြိမ်းသွားပြီး ငြိမ်းချမ်းသာယာဝပြောပြီး ၂၀၁၈ ခုနှစ်မှာ အောင်မြင်မှုများရပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ချင်ပါတယ်။

ဦးပက်ထရစ်လူနီ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ)

ပိုပြီးငြိမ်းချမ်းတဲ့မြန်မာပြည်၊ တစ်ဦးနဲ့တစ်ဦးစည်းလုံးညီညွတ်တဲ့ မြန်မာပြည်၊ ကမ္ဘာ့အလယ်မှာ ရင်ပေါင်တန်းနိုင်တဲ့ မြန်မာပြည်ကြီးဖြစ်ဖို့ ဆုတောင်းပေးပါတယ်။



ဂျွန်စောယောဟန် (လက်ထောက်ဆရာတော်၊ ကက်သလစ်အသင်းတော် -ရန်ကုန်)



၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ညီအစ်ကိုမောင်နှမတွေအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်ပါစေလို့ ဟိန္ဒူဘာသာရေးအဖွဲ့က ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒေါက်တာလှထွန်း (အကျိုးတော်ဆောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် )

လက်ရှိမြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုတွေက အတိုင်းအတာတစ်ခုနဲ့ တိုးတက်နေတာတွေ တွေ့မြင်နေရပါတယ်၊ အပစ်အခတ်ရပ်စဲရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက အချို့သော အကြောင်းတရားတွေမှာ ပါဝင်ဆောင်ရွက်နေတာလည်း ကျွန်တော်တို့ သိသာမြင်သာတဲ့ အတိုင်းအတာတစ်ခု ရောက်လာပါပြီ၊ သို့သော်လည်း လုံလောက်တဲ့ အနေအထားတစ်ခုအထိတော့ မရောက်သေးပါဘူး၊ အားလုံးသောသူတွေက လက်နက်ကိုင်တိုက်ခိုက်နေမယ့်အစား တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းတွဲပြီး ချစ်ခြင်းမေတ္တာတရားနဲ့ ရင်ထဲကရှိတဲ့ အကြောင်းတရားတွေကို ပွင့်လင်းစွာနဲ့ ဆွေးနွေးတိုင်ပင်၊ ညှိနှိုင်းကြမယ်ဆိုရင် လောကကြီးမှာ မပြေလည်နိုင်စရာ အကြောင်းမရှိဘူးလို့ ခံယူထားပါတယ်။

ဘဟာအီ သာသနာဝင်များကလည်း နိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံ့ အဖွဲ့အစည်းအသီးသီးနဲ့ တွေ့တဲ့အခါမှာ ငြိမ်းချမ်းဖို့၊ မေတ္တာတရားအားလုံးကို ထားကြဖို့ မေတ္တာတရားနဲ့ ပတ်သက်တဲ့အကြောင်းကို နားလည်သဘောပေါက် အောင်ညှိနှိုင်းပြီး ဘဟာအီများကလည်း ငြိမ်းချမ်းသာယာသောကမ္ဘာကို တည်ဆောက်ဖို့အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်၊ မိမိမှာရှိတဲ့ လက်သီးတွေ ဆုပ်ထားမယ့်အစား လက်သီးဆုပ်တာတွေဖြန့်ပြီး လက်ချင်းဆက်ကာ လက်ချင်းတွဲ အလုပ်လုပ်ကြမယ်ဆိုရင် မကြာခင်အတွင်းမှာ မြန်မာနိုင်ငံတော်ကြီးက ဖွံ့ဖြိုးတိုးတက်သာယာလှပပြီးတော့ နိုင်ငံတကာရဲ့



ဦးတင်ကြိုင် (ဘဟာအီသာသနာနိုင်ငံလုံးဆိုင်ရာအဖွဲ့ချုပ်)

အလယ်မှာ ဝင့်ဝင့်ကြွားကြွား လှုပ်နိုင်တဲ့ အောင်လံတံခွန်ကို ရရှိမယ်လို့ ဘဟာအီ သာသနာဝင်များက ဒီလိုယုံကြည်ပါတယ်၊ နိုင်ငံတော်အစိုးရရဲ့အပေါ်မှာလည်း ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အပေါ်မှာလည်း ကောင်းချီးမင်္ဂလာအဖြာဖြာ ဘုရားသခင်ရဲ့ ဆုပေးခြင်းကို ရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်းရှိသော ညီအစ်ကိုမောင်နှမတွေအားလုံး သာယာဝပြောတဲ့ လူ့ဘောင်သစ်ကြီးကို တည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ လူသားကမ္ဘာကို တည်ဆောက်နိုင်သောသူများဖြစ်ပါစေလို့ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်ကိုယ်စား မေတ္တာစကားပြောကြားရင်း အားလုံးသော ပြည်သူပြည်သားတွေ ကျန်းမာချမ်းသာကြပါစေလို့ ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာ လောကီလောကုတ္တရာ နှစ်ဖြာသော အကြောင်းတရားတွေနဲ့ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် ။

၂၀၁၈ ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူအားလုံး၊ မိသားစုအားလုံး၊ တစ်နိုင်ငံလုံး ကျန်းမာချမ်းသာ စိတ္တသုခ ကာယသုခ နှစ်ဖြာ ပြည့်စုံကြပါစေလို့ ဆုတောင်းပေးပါတယ်။

ဦးဇင်ဝိုင်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)



၂၀၁၇ ခုနှစ်ကတော့ မြန်မာနိုင်ငံမှာ အကျပ်အတည်းများတဲ့နှစ်ပေါ့။ အခက်အခဲတွေလည်း များတယ်။ အထူးသဖြင့် နိုင်ငံရေး၊ စီးပွားရေးပေါ့။ လာမယ့်နှစ်တွေမှာတော့ ဒါတွေအားလုံး ကျော်လွှားနိုင်မယ်လို့ ကျွန်တော်ထင်တယ်။

မြန်မာနိုင်ငံလည်း ၂၀၁၈ ခုနှစ်မှာ အစစအရာရာအားလုံးကို ကျော်လွှားပြီးတော့ အများမျှော်လင့်တဲ့ နိုင်ငံသစ်ပေါ့။ ရှေ့ကိုအရွေ့တစ်ခု ကောင်းကောင်းမွန်မွန် ရောက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားတွေ ဆယ်စုနှစ်တစ်ခုလောက် ကြုံတွေ့နေရတဲ့ ရာသီဥတုရဲ့ အဖျက်အဆီးကို ၂၀၁၈ ခုနှစ်မှာ ဝိုင်းဝန်းပြီးတော့ ထိရောက်တဲ့ စီမံခန့်ခွဲမှုရယ်၊ ပြည်သူ၊ အစိုးရ၊ ပညာရှင်ရယ် ဒီထက်ပိုပြီး ပူးပေါင်းဆောင်ရွက်ပြီးတော့ သဘာဝဘေးအန္တရာယ်တွေကို စိုက်ပျိုးရေးမှာရော အသက်အန္တရာယ်မှာရော လျော့ပါးအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။



မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်



၂၀၁၈ ခုနှစ်ဟာ မြန်မာ့ခရီးသွားကဏ္ဍအတွက် ရောင်နီသစ်တစ်ဖန် ပြန်လာပြီလို့ မျှော်လင့်ရပါတယ်၊ Tourism For All ဆိုတဲ့စကားအတိုင်း ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ ခရီးသွားလုပ်ငန်းကို ထူထောင်ရာမှာ Public-Private-People Partnership တို့ ပူးပေါင်းပါဝင်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ ပြည်တွင်းပြည်ပ ခရီးသွား ပြည်သူအပေါင်း ဘေးအန္တရာယ်အပေါင်း ကင်းဝေးပြီး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဦးသက်လွင်တိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း)

၂၀၁၈ ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားများ အားလုံး အယုတ်အလတ် အမြတ်မရွေး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်၊ အခြေခံလူတန်းစားများရဲ့စားဝတ်နေရေး ကျပ်တည်းနေတာတွေလည်း ကြားသိရတဲ့အတွက် အခြေခံလူတန်းစားတွေရဲ့ နေရေးထိုင်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ ကိစ္စအဝဝလည်း အဆင်ပြေ ချောမွေ့ ပြေလည်စေဖို့ ဆုတောင်းပေးပါတယ်၊ မြန်မာပြည်ရဲ့ မြောက်ဖျား၊ အနောက်ဖျားက ပဋိပက္ခတွေလည်း အမြန်ဆုံး ပြေလည်ငြိမ်းချမ်းစေဖို့ ဆုတောင်းပေးပါတယ်။

စစ်ဘေးရှောင်စခန်း တွေမှာ နေထိုင်နေကြတဲ့ ပြည်သူတွေကိုလည်း အမြန်ဆုံး ကိုယ့်နေရပ် ဌာနေမှာ အေးအေးချမ်းချမ်း ပြန်လည်နေထိုင်နိုင်ကြစေဖို့ ဆုတောင်းပေးပါတယ်၊ မြန်မာနိုင်ငံရဲ့ ပြဿနာတော်တော်များများကို ပြေလည်အေးချမ်းစေမယ့်



စာရေးဆရာမ ပုညခင်

အကြောင်းတရားတစ်ခုဖြစ်တဲ့ ကျွန်မတို့တိုင်းပြည်အတွက် အရေးကြီးဆုံး တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေးရဖို့ကိုလည်း လေးနက် လှိုက်လှဲစွာ ဆုတောင်းပေးပါတယ်။

ကျွန်မရဲ့ စာအုပ်တွေကို ဖတ်ရှုအားပေးကြတဲ့ စာဖတ်ပရိသတ်များနဲ့ တကွ စာအုပ်စာပေ ချစ်မြတ်နိုးသူများ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း မေတ္တာပို့သ ဆုတောင်းလိုက်ရပါတယ်။

၂၀၁၈ နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး၊ ခုနစ်ရက်သားသမီး ပရိသတ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။

ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ



မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးစတာတွေ အကုန်လုံး တိုးတက်လာစေချင်ပါတယ်၊ တစ်နေရာတည်းမှာ ရပ်တန့်နေတာမျိုး မဖြစ်စေချင်ဘူး၊ တဖြည်းဖြည်းနဲ့ ဖွံ့ဖြိုးတိုးတက်

ဒေါက်တာအောင်သူရ (CEO, Thura Swiss Ltd.,)



လာစေချင်တယ်။

ဒီလိုတိုးတက်ဖို့ဆိုရင် အစိုးရပိုင်းမှာသာမက စီးပွားရေးလုပ်ငန်းရှင်တွေရော ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ရပါမယ်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာပြည်ထဲကို များများ ဝင်ရောက်စေချင်တယ်၊ ပြည်တွင်းလုပ်ငန်းရှင်တွေလည်း ဗဟုသုတတွေတိုးပွားလာပြီး နိုင်ငံခြားအဖွဲ့အစည်းတွေနဲ့ လက်တွဲ ဆောင်ရွက်နိုင်တယ်၊ သူတို့ ဘယ်လိုလုပ်ကိုင်တယ်ဆိုတာလည်း သိလာမယ်၊ ဒါဆိုရင် သူများထက် နောက်ကျမကျန်ရစ်ဘဲ စီးပွားရေးပိုင်းမှာ ယှဉ်လာနိုင်မှာဖြစ်ပါတယ်။

bella
BE A STAR

# ရေစိုခံကူရှင်ပုတ်ရင်း ကားစီးမယ်



## သိန်း ၃၀၀၀ ကျော်

### ဆုမဲပေါင်း တစ်သိန်းခွဲကျော်

## SUPER STAR LUCKY DRAW ကံထူးသူများ စာရင်း

| အမျိုးအစား | အမည် | မှတ်ပုံတင်အမှတ် | ကံစမ်းမဲ ကဒ်နံပါတ် |
|---|---|---|---|
| Nissan ကား 2017 | နီနီအောင် | ၁၂/လသန(နိုင်)၀၀၂၀၆၆ | 00632383 |
| စိန်လက်စွပ် | ကေသီနိုင် | ၉/တတဥ(နိုင်)၁၀၇၉၁၄ | 00075511 |
| စိန်လက်စွပ် | ပိုးပုံ့ပုံ့ဇော် | ၁၂/ဗဟန(နိုင်)၁၀၆၂၇၈ | 00200314 |
| စိန်လက်စွပ် | လင်းသော်တာဝင်း | ၁၀/မလမ(နိုင်)၂၃၃၃၃၄ | 00128756 |
| စိန်လက်စွပ် | မအေးအေးမာ | ၁၂/ဒဂတ(နိုင်)၀၄၀၆၈၀ | 00330021 |
| စိန်လက်စွပ် | မစံပယ်ကြူကြူဝေ | ၁၃/တကန(နိုင်)၂၈၉၁၄၃ | 00315699 |
| မော်တော်ဆိုင်ကယ် | မသွယ်သွယ်ဦး | ၁၂/သလန(နိုင်)၁၃၁၀၄၈ | 00115337 |
| မော်တော်ဆိုင်ကယ် | မလှသိန်း | ၁၃/ နခတ (နိုင်) ၀၃၆၁၈၆ | 00107307 |
| မော်တော်ဆိုင်ကယ် | မဆုရတီစိုး | ၉/အမဇ(နိုင်) ၀၂၈၀၁၉ | 00639605 |
| မော်တော်ဆိုင်ကယ် | ခင်ဝင်းသန်း | ၁၀/မလမ(နိုင်) ၁၃၈၂၁၈ | 00631676 |
| မော်တော်ဆိုင်ကယ် | မစုရတီစိုး | ၉/အမဇ(နိုင်) ၀၂၈၀၁၉ | 00786215 |
| Air con | မစုမွန်စိုး | ၅/မရန(နိုင်)၂၁၈၄၆၅ | 00277732 |
| Lap top | ဝင်းသက်သက်ထွန်း | ၁၂/ကတတ(နိုင်)၀၂၂၂၃၅ | 00127615 |
| ရွှေရင်ထိုး | မဆုရတီစိုး | ၉/အမဇ(နိုင်) ၀၂၈၀၁၉ | 00563486 |
| ရွှေရင်ထိုး | ဒေါ်ချောက်လှန့် | ၁/ဗမန (နိုင်) ၀၁၄၁၄၉ | 00190043 |
| ရွှေရင်ထိုး | မျိုးမင်းသိန်း | ၉/ပကခ(နိုင်) ၀၅၂၄၃၁ | 00560328 |
| ရွှေရင်ထိုး | ကိုသိန်းထူး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00560717 |
| ရွှေရင်ထိုး | မစိမ့်စိမ့်သူ | ၅/ဆာန(နိုင်)၀၂၅၃၃၇ | 00102374 |
| I Phone Red | နီနီအောင် | ၁၂/လသန(နိုင်)၀၀၂၀၆၆ | 00634032 |
| I Phone Red | သင်းဖြူဖြူမြင့် | ၇/ကပတ(နိုင်) ၀၆၂၀၃၇ | 00019215 |
| I Phone Red | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00319017 |
| I Phone Red | မနီနီအေး | ၄/မခန(နိုင်)၁၉၄၅၂၄ | 00216474 |
| I Phone Red | မသန်းသန်းဆင့် | ၁၀/သထန(နိုင်)၁၀၅၃၇၉ | 00106012 |
| I Phone Red | ကိုသိန်းထူး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00091159 |
| I Phone Red | ကိုသိန်းထူး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00603342 |
| ရွှေဟန်းချိန်း | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00240751 |
| ရွှေဟန်းချိန်း | မဆုရတီစိုး | ၉/အမဇ(နိုင်)၀၂၈၀၁၉ | 00602635 |
| ရွှေဟန်းချိန်း | ဦးကျော်ညွန့် | ၁၂/တမန(နိုင်)၀၇၃၃၂၀ | 00349831 |
| ရွှေဟန်းချိန်း | ကိုသိန်းထူး | ၉/မနမ(နိုင်)၁၀၂၁၇၅ | 00236397 |
| ရွှေဟန်းချိန်း | မခင်မျိုးထွေး | ၉/တကန(နိုင်) ၁၈၅၇၄၁ | 00117769 |



C B BANK




# "နှစ်သစ်နှုတ်ခွန်းဆက်သဝဏ်လွှာ"

(၂၅) နှစ်တာကာလအထိ CB Bank နှင့် အတူတကွ ပူးပေါင်းလက်တွဲ ကြိုးစားနေသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ နှင့် Customer များအားလုံးကို အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ခြင်း နှင့်အတူ နှစ်သစ်ကူး အခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တို့နှင့်ပြည့်စုံ၍ စီးပွားလာဘ်လာဘများ ဒီရေအလား တိုးတက်အောင်မြင်ပြီး အတူတကွ လက်တွဲသွားနိုင်ပါရန် အစဉ်ဆန္ဒပြု ဆုမွန်ကောင်းတောင်း အပ်ပါသည်။

CB Bank
မိသားစု

YOUR DIGITAL BANK

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## JASMINE NGAPALI RESORT

**Grand Opening Ceremony of "JASMINE NGAPALI REESORT HOTEL" (30th Decenber 2017) ဖွင့်လှစ်ခြင်းအတွက်အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုးတို့၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။**

| | | | |
|---|---|---|---|
| 1. U Thaw Oo Lwin | Royal Golden Power Co.,Ltd | U Min Aung(Vice Chairman) | Bright Time Trading Co.,Ltd |
| 2. U Mg Mg | Cherryland Co.,Ltd | U Zaw Win Oo(MD) | Bright Time Trading Co.,Ltd |
| 3. U Ni Aung Khaing Myint(MD) | Silver Sky Myanmar Co.,Ltd | U Khine Oo(CEO) | Golden Green Energy Co.,Ltd |
| 4. U Htin Aung Kyaw | Golden Cougar Co.,Ltd | U Hla Htun Oo(MD) | Shwe Ni Oo Construction & Engineering Co.,Ltd |
| 5. U Aung Hla Han(MD) | Myanmar Sports Management Group Co.,ltd | U Kyaw Khin(MD) | Deco-Land Co.,Ltd |
| 6. U Min Lwin(MD) | Faith Family Co.,Ltd | U Nyi Nyi Soe(MD) | Mya Sanndaku Trading Co.,Ltd |
| 7. U Shwe Thwin(MD) | Thet Myat Noe Int'l Co.,Ltd | U Ye Htut(CEO) | Gold Cement Co.,Ltd |
| 8. U Aung Thwin Kyaw(MD) | MSL Trading Co.,Ltd | | Y.H.O Co.,Ltd |
| 9. U Maung Maung Aung(MD) | Viking Maring Products | | M.Y.Associate Co.,Ltd |
| 10. U Soe Hlaing Oo | ရွှေအာဟာရ | U Sai Tun Myint(Director) | ASPIDN Construction & Trading Co.,Ltd |
| 11. U Soe Naing(MD) | Strong Source Holding Co.,Ltd | U Soe Ngwe(Director) | Oceanfront Traders Co.,Ltd |
| 12. U Kyi Win(MD) | Zaw Myo Htet Co.,Ltd | U Khin Maung Tint | Permanent Secretary (Retired).Ministry of Industry |
| 13. U Tin Aung(Director) | Zaw Myo Htet Co.,Ltd | Kyaw Zin Latt(CEO) | Sein Ma Ma Trading Co.,Ltd |
| 14. U Win Thaw(MD) | Myanmar Leading Engineering & Constructiion Co.,Ltd | B.B.G Golfer Group | |





# နှစ်သစ်ဆုတောင်း

၂၀၁၈ ခုနှစ် နှစ်သစ်မင်္ဂလာတွင် မိဘပြည်သူအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှင့် လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြီးပြည့်စုံပါစေကြောင်း ၊ လုပ်ငန်းကိစ္စအဝဝလည်း တစ်နှစ်ထက် တစ်နှစ် တိုးတက်ပွားများပါစေကြောင်း **MPT** မှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL CALL CENTER 106 call free 24 hours everyday


PREMIER®
COFFEE
မတူညီမှုတွေကြားထဲကတူညီတာတစ်ခုနဲ့
ပျော်ရွှင်စရာနှစ်သစ်ကိုဖြတ်သန်းကြစို့...
WELCOME
2018
PREMIER
PURE COFFEE
ALL-TIME
PREMIER
Creamy
PREMIER
PURE COFFEE
2 Plus 1
PREMIER
INSTANT
COFFEEMIX
PREMIER
ESPRESSO
Darker & Richer
3 in 1


ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များ ပိုမိုအဆင်ပြေနိုင်ဖို့အတွက်
အောင်သမာဓိစိန်ရွှေရတနာဆိုင်ရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Gold Founder
ဆိုင်အမှတ်(၄)ကိုရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်(၄၈)လမ်း၊
အလယ်ဘလောက်ကUrban Asia Centre အတွင်းရှိ
Urban86 အခန်းနံပါတ်(၈)နှင့်(၉)မှာ၁.၁.၂၀၁၈ကစပြီးဖွင့်လှစ်လိုက်ပါပြီ။
ရွှေရည်ပြည့်မှန်... အာမခံသည့်.....
အောင်သမာဓိ
GOLD FOUNDER
ဖွင့်ပွဲအထိမ်းအမှတ်အနေနဲ့ဒီဆိုင်မှာ
5%
Discounts
ကို JANUARY တစ်လလုံးပေးဦးမှာနော်
SHWEDAGON PAGODA
MYANMAR
24K Gold Founder
GOLD FOUNDER
by AUNG THAMARDI
GOLD & JEWELLERY
မြန်မာနိုင်ငံရဲ့ပထမဦးဆုံး
ရွှေတိဂုံစေတီတော်ပုံတူ
ရွှေသားစစ်စစ် ပန်းချီကား
ရန်ကုန်မှာဆို တော်ဝင်စင်တာနှင့် Junction Square
Parkson တို့အပြင် အောင်သမာဓိစိန်ရွှေရတနာဆိုင်တိုင်းမှာရနိုင်ပါပြီ။
မြန်မာနိုင်ငံရဲ့ပထမဆုံး 3d ဖောင်းကြွပန်းချီကား Gold Founder by AungThamardi
Ph No.09-778899099,09778899073,09778899399


HONDA | NCX
HONDA
WAVE 100
GENUINE
100% GENUINE
295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
GL-AMMK
First, Fast & Forward
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။
(HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် စက်ပစ္စည်းတင်ဒါခေါ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စက်ပစ္စည်း**

(က) Desktop Computer (Asus Core i7, DDR4, 4GB, HDD 1 TB, 23" Dell HD Display, Graphic with UPS 1250 VA) (5 Nos)

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၁-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၃နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၅၊ နေပြည်တော်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏**
**(၁၅)ကြိမ်မြောက် အင်ဂျင်နီယာနည်းပညာ(B.Tech)ဘွဲ့အတွက်**

## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ (၁၅)ကြိမ်မြောက် အင်ဂျင်နီယာနည်းပညာဘွဲ့အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ရက်** - ၁၀-၂-၂၀၁၈ ရက်(စနေနေ့) နံနက်ပိုင်း ၈း၃၀နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပရက်** - ၁၁-၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်း ၈း၃၀နာရီ
မွန်းလွဲပိုင်း ၁၂း၃၀နာရီ

၂။ (က) ဘွဲ့နှင်းသဘင်အခမ်းအနားသို့ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သော အင်ဂျင်နီယာနည်းပညာဘွဲ့အတွက် လိုအပ်သောသင်တန်းများ၏စာမေးပွဲအောင်မြင်ပြီး အင်ဂျင်နီယာနည်းပညာဘွဲ့(B.Tech)ဘွဲ့ယူခွင့်ရှိသူများ တက်ရောက်ယူနိုင်သည်။
(ခ) အခြားသောပညာသင်နှစ်များတွင် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့ B.Tech ဘွဲ့အတွက် -၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ B.E/B.Techဘွဲ့အတွက်-၁၀၀၀(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂-၁-၂၀၁၈ ရက်မှစ၍ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)ရှိ သင်တန်းရေးရာဌာနမှ ဝယ်ယူ၍ ၁၇-၁-၂၀၁၈ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်**။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(မိတ္ထီလာ)သင်တန်းရေးရာဌာန ဖုန်း-၀၆၄-၂၃၉၀၀၊ ၀၉-၇၉၃၅၅၈၃၇၆) တွင်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာဌာန)**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)**

---

## ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
## နဝမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် B.C.Sc/B.C.Tech ဘွဲ့ သင်တန်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် D.C.Sc ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာသင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)ဘွဲ့နှင်းသဘင်ခန်းမတွင် ၁၀-၂-၂၀၁၈ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်းရိုက်ကူးထားသော ၂"×၁½"အရွယ် ဓာတ်ပုံငါးပုံနှင့် မှတ်ပုံတင်မိတ္တူ(၂)စောင်ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၈ခုနှစ် ဇန်နဝါရီ၁၀ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။ မြန်မာဝတ်စုံ (သို့မဟုတ်)အနောက်တိုင်းဝတ်စုံအပြည့် (အမျိုးသားများသာ) တစ်မျိုးမျိုးဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရမည်။

၃။ ဘွဲ့နှင်းဘသင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွင်း ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့(ယခင်နှစ်)လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များမှ ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် လျှောက်လွှာနှင့်အတူ ပူးတွဲ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ် အောင်မြင်သည့် ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၈၉၆၄၂၂၄၁၇၊ ၀၉-၇၉၇၂၀၁၃၉၇သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ ဘွဲ့တက်ရောက်ရန် အမျိုးသားဖြစ်ပါက မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်၊ အမျိုးသမီးဖြစ်ပါက မြန်မာအမျိုးသမီးဝတ်စုံအပြည့်ဖြင့် တက်ရောက်ရန်။

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ Knowledge Center (KC) ဝင်းအတွင်းတွင် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| | | |
|---|---|---|
| (က) | လျှပ်စစ်မီးသွယ်တန်းခြင်း (အပြင်လုပ်ငန်း) | 1 Lot |
| (ခ) | လျှပ်စစ်မီးတပ်ဆင်ခြင်း (အတွင်းလုပ်ငန်း) | 1 Lot |
| (ဂ) | ရေရရှိရေးလုပ်ငန်း | 1 Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၁၈ရက်မှ ၁၂-၁-၂၀၁၈ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၅-၁-၂၀၁၈ရက် ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၅၁၈သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မုံရွာ)**
**(၁၅)ကြိမ်မြောက် B.Tech ဘွဲ့အတွက်**

## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မုံရွာ)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မုံရွာ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ ရက်(စနေနေ့) နံနက် ၈း၃၀နာရီမှ ပြီးဆုံးချိန်အထိ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၄-၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီမှ ပြီးဆုံးချိန်အထိ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ယူနိုင်သည်။ (၂၀၁၇ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.Tech စာမေးပွဲအောင်မြင်သူများ)

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။
(က) တက်ရောက်ဘွဲ့ B.Tech ဘွဲ့အတွက် ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် ကျောင်းသား မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်နှင့် ကျောင်းသူလက်ရှည်ရင်စေ့အင်္ကျီဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ) အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံအောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့် အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(မုံရွာ)ရှိ ကျောင်းသားရေးရာဌာနတွင် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် စတင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၁-၁-၂၀၁၈ ရက် (ကြာသပတေးနေ့)တွင် နောက်ဆုံးထား ပြန်လည်အပ်နှံရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

**မှတ်ချက်** ။ အသေးစိတ်အချက်အလက်ကိုစုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ် (မုံရွာ) ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၉၇၆၆၉၂၂၇၄တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(မုံရွာ)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ မြေ(၁)ကွက်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၁)ကွက်တို့အား (၅)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့်လည်းကောင်း ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ မြေ(၁)ကွက်**

Lot(1) (၁) သိုရုံ ၁၉/၂၀(၂)လုံးတွဲ(၁)လုံး(၁၂၀'×၆၀'×၁၅') (သွပ်၊သွပ်၊ကွန်)၊အုပ်စု (၁)၊ နာဂလိုဏ်ဂူဝင်း၊ မရမ်းကုန်းမြို့နယ်။

Lot(2) (၂) (၈၀'×၁၀၀')ရှိမြေကွက်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ ဖန်ချက်စက်လမ်း။

(ခ) **ရှမ်းပြည်နယ်မှ သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၁)ကွက်**

Lot(3) (၁) မြေဒသမ ၅၀၆ဧကနှင့် သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး။

(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၁၈ရက်မှ၃၁-၁-၂၀၁၈ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁-၂-၂၀၁၈ရက် ၁၂း၀၀နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၂-၂၀၁၈ရက် မွန်းလွဲ ၁၃း၀၀နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ လားရှိုးမြို့

(ဆ) **Depositပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်း သတ်မှတ်ချက် ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(ဇ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်။

၂။ အဆိုပါသိုလှောင်ရုံ(၄)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၂)ကွက်၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၈၂-၂၂၀၃၀၃၉ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၇
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ရက် ညနေ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခရိုင်ကုသရေးဦးစီးဌာနမှူး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၂၀၅၀၃၄၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများဖြစ်သော တွင်းနက် ၁၀တွင်း၊ စိမ့်စမ်း၁၁ ခု၊ အခြား ၃၊ စုစုပေါင်း၂၄ ခုတို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁-၁-၂၀၁၈ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၁-၁-၂၀၁၈ရက်မှ ၁၅-၁-၂၀၁၈ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါလျှောက်လွှာဝယ်ယူသည့် ကုမ္ပဏီများအား တင်ဒါစည်းကမ်းများနှင့်ပတ်သက်၍ ၁၆-၁-၂၀၁၈ ရက် ၉း၀၀နာရီ၌ ဆောင်ရွက်မည်ဖြစ်ရာ တင်ဒါဆွဲဝယ်မည့်ကုမ္ပဏီများမှ တက်ရောက်ရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ နှင့် စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၂၆၁၉၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

---

**တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊**
**ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် မြေလမ်း ၄လမ်း၊ ကျောက်ခင်းလမ်း ၁ လမ်း၊ ကွန်ကရစ်လမ်း ၅ လမ်း၊ သံကူကွန်ကရစ်တံတား ၁၀ စင်း၊ Box Culvert (၁၂)ခု နှင့် စာသင်ကျောင်းတစ်ကျောင်း လုပ်ငန်းများအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း တင်သွင်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက် (တနင်္လာနေ့)မှ စတင်၍ ရုံးချိန်အတွင်း

**အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ

**အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၂၅၄၃၀၁၀၈

**အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၉-၂-၂၀၁၈ ရက် (သောကြာနေ့) ၉း၀၀နာရီ

**အိတ်ဖွင့်တင်ဒါ ဖွင့်မည့်နေရာ** - စက်မှုလက်မှုသင်တန်းကျောင်း၊ ထားဝယ်မြို့

**အိတ်ဖွင့်တင်ဒါ ခေါ်ယူရေးကော်မတီ**

---

## အများသိရှိစေရန်ကြော်ငြာခြင်း

ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာစည်ရိပ်သာအနီးနေ ကျွန်မ ဒေါ်ပိုးဇာဖြူ (ဘ)ဦးအောင်ငွေ ၈/ပခက(နိုင်)၁၇၄၃၆၁မှ၆-၇-၂၀၁၇ ရက်တွင် မြန်မာ့အလင်းသတင်းစာ ကြေညာပါ အကြောင်းအရာကိစ္စများသည် ကျွန်မနှင့် ဒေါ်ဝင်းဝင်းကြားရှိ အတိုးနှင့်ချေးသောငွေကို စရန်ပေးဟန်ဆောင်စာချုပ်ချုပ်ဆိုခြင်းအပေါ် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ထိုကြေညာပါပြီး နောက်ပိုင်းတွင်လည်း ဦးပိုင်အမှတ် ၁၆၊ ဧရိယာ ၀ ဒသမ ၀၅၇ဧကရှိမြေကို ကျွန်မမှ အရပ်စာချုပ်ဖြင့်သော်လည်းကောင်း၊ တရားဝင်စာချုပ်ဖြင့်သော်လည်းကောင်း မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ရောင်းကြေငွေလက်ခံရယူခြင်းမရှိဘဲ ယနေ့ထိ လက်ရှိနေထိုင်သုံးစွဲနေသူဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပိုးဇာဖြူ ၈/ပခက(နိုင်)၁၇၄၃၆၁**
**အောင်မင်္ဂလာရပ်၊ မဟာစည်ရိပ်သာအနီး၊ အမှတ်(၃)ရပ်ကွက်၊ ညောင်ဦးမြို့**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ အမှတ်(၉)နေ မင်းအေးမင်းမင်းထွန်း ၃/ကကရ(နိုင်)၁၆၃၄၂၃၏ဖခင် ဦးညဏ်ထွန်း(ခ)ဦးထွန်း ၃/ကကရ(နိုင်)၀၆၀၄၅၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညဏ်ထွန်း(ခ)ဦးထွန်း**

### ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ လှာကာကျေးရွာ အုပ်စု မြိုင်ကလေးနေ မောင်စိုးဝေဦး ၃/ဘအန(နိုင်)၂၈၅၃၃၁၏ ဖခင်အမည်မှန်မှာ ဦးရဲသိုက် ၃/ဘအန(နိုင်)၁၉၅၉၅၁ ဖြစ်ပါသည်။

**ဦးရဲသိုက်**

### အမည်ပြောင်း

ပေါင်မြို့နယ်၊ အလကပန်းကုန်း(မွန်) ကျောင်း၊ ပဥ္စမတန်း(B)မှ (ဘ)ဦးဇော်ဝမ်း ၁၀/ပမန(နိုင်)၀၇၃၇၂၀၏သမီး မချမ်းရတီဦးအား မိထောထောအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မိထောထောအောင်**

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ အလကပန်းကုန်း(မွန်) ကျောင်း သတ္တမတန်းမှ မသဇင်ဖူး၏ မိဘ အမည်မှန်မှာ ဦးဇော်ဟိန်း ၁၀/ပမန(နိုင်)၁၅၂၅၅၉နှင့် ဒေါ်တင်လှ ၁၀/ပမန(နိုင်)၁၅၀၂၅၀ဖြစ်ပါသည်။

**ဦးဇော်ဟိန်း-ဒေါ်တင်လှ**

### အမည်မှန်

ဟသ်ာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ ညောင်ကုန်းလမ်းနေ ဦးကျော်ရွှေ ၁၄/ဟသတ(နိုင်) ၀၁၁၄၉၁၏ အမည်မှန်မှာ ဦးမောင်မောင်ကျော် ဖြစ်ပါသည်။

**ဦးမောင်မောင်ကျော်**

### ဖခင်အမည်မှန်

ဟသ်ာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ ညောင်ကုန်းလမ်းနေ မသူဇာဝေ ၁၄/ဟသတ(နိုင်)၂၃၇၁၀၅၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ကျော် ဖြစ်ပါသည်။

**ဦးမောင်မောင်ကျော်**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ၊ အလက (ခွဲ) တံခွန်တိုင်ကျောင်းမှ (ဘ)ဦးအောင်မင်းဇော် ၅/ဆလက(နိုင်)၀၄၁၂၁၆၏ သား မောင်ဘုန်းပြည့်သျှံအား ယနေ့မှစ၍ မောင်မင်းမြတ်ဘုန်းစံဟုခေါ်ဆိုပါရန်။

### အမည်ပြောင်း

အထက(၄) စစ်တွေ၊ တက္ကသိုလ်ဝင်တန်း (A) မှ (ဘ) ဦးသိန်းဟန်၏သမီး မဖွေးဖွေးဟန်အား မဖြိုးသဉ္ဇာဟုအမည်ပြောင်းလဲခေါ်ပါရန်။ **မဖြိုးသဉ္ဇာ**

### အမည်ပြောင်း

ရသေ့တောင်မြို့နယ်၊ ခနောင်းကြီး ကျေးရွာနေ(ဘ)ဦးဖထော်ဦး၏ သား ဦးကုလားချေ ၁၁/ရသတ(နိုင်) ၀၁၀၄၉၄အား ဦးအောင်သိန်းဟု ပြောင်းလဲခေါ်ပါရန်။ **ဦးအောင်သိန်း**

### အမည်မှန်

မိုးညှင်းမြို့နယ်၊ နန့်မွန်း ကျေးရွာ တိုက်ကုန်းရပ်ကွက်မှ ဦးအောင်ရွှေ၏သမီး အမည်မှန်မှာ မတင်သောင်း ၁/မညန(နိုင်) ၀၇၈၆၀၉ ဖြစ်ပါသည်။

**မတင်သောင်း**

### အမည်ပြောင်း

ဦးအောင်သက်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၊ အောင်ချမ်းသာရွာ အထက(ခွဲ) သတ္တမတန်းမှ မရွှေပိုအား မဇူးဇူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဇူးဇူးအောင်**

### ပျောက်ဆုံးကြောင်း

ဦးမျိုးအောင် ၁၄/ဖပန(နိုင်) ၀၉၂၅၇၉၏ Passport No, (မမှတ်မိ)သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါကြောင်း။

### မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2l/2284၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်သန်းသန်း (ဘိုကလေး)
**အသက်(၉၂)နှစ်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ ဦးအေးမြင့်မောင်-ဒေါ်မေသက်သက်ထွန်းတို့၏ မိခင်ဖြစ်သူ ဒေါ်သန်းသန်းသည် ၃၀-၁၂-၂၀၁၇ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအုန်းမြင့်-ဒေါ်နုနုဆွေ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဦးမောင်ရွှေ(ခ)ဂုမ်တိတ်ဘင်း (ဆင်မလိုက်)
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တရုတ်စုကျေးရွာနေ (ဦးကြီးတင်-ဒေါ်မြစိန်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၁၉နေ ဒေါ်ကျင်ဟန်၏ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်စန္ဒာရွှေ(ရွှေအိုးဆန်ရောင်းဝယ်ရေး)၊ ဦးဥက္ကာ-ဒေါ်မြင့်မြင့်ဟန်၊ ဦးကျော်ဟန်-ဒေါ်ပြုံးပြုံးရွှေ၊ဦးကျော်မင်းလွင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖြူသာထွန်း(ခ)ဦးငပျောင်
**မ.ဝ.တ(စာရေးကြီး-ငြိမ်း)**
**အသက်(၆၇)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ပန်းတောပြင်ရပ်ကျေးရွာနေ (ဦးမောင်မိုးထွန်း-ဒေါ်မေယိုင်)၏သား၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ အနော်မာ(၉)လမ်း၊ အမှတ် ၇၅၆၊ ငါးလွှာနေ ဒေါ်တင်တင်မေ(ခ)ဒေါ်ပုလှမ၏ခင်ပွန်း၊ ဦးနေမင်းထွန်း-ဒေါ်ခင်မေထွန်း၊ ဒေါ်ခင်ချိုထွန်း၊ ဦးဇော်မင်းသန်း-ဒေါ်ခင်သူဇာထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၇ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးရွှေထွန်းအောင်
**အသက်(၅၈)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွှေဘန်းလမ်းနေ ဒေါ်အောင်ကျော့စိန်၏ခင်ပွန်း၊ မောင်စိုးမြတ်ထွန်း၊ မစုစန္ဒီရွှေ၊ မမြတ်ရွှေစိုးတို့၏ဖခင်သည် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) နံနက် ၄း၄၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စောနွယ်နွယ်ထွန်း(ခ)မီးချော
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ် ၁၅၆နေ ဒေါက်တာခင်မောင်ထွန်း-ဒေါ်နွယ်နွယ်လွင်တို့၏သမီး၊ ဦးထွန်းထွန်းအောင်၏အစ်မ၊ (ဦးခိုင်ထူး)၏ချစ်လှစွာသောဇနီး၊ မောင်ပြည့်ဖြိုးကျော်၊ မစုပြည့်စုံတို့၏ချစ်လှစွာသောမိခင်သည် ၃၁-၁၂-၂၀၁၇ရက် နံနက် ၆း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုစန်းဇော်ထွေး အသက်(၄၄)နှစ်
**(နိုင်/ကျဉ်းဟောင်း) (Recycle Artist)**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၈)၊ လမ်းသွယ်(၂)၊ အမှတ် ၁၂၀နေ ဦးစန်းလှိုင်-ဒေါ်အုန်းခင်တို့၏သား၊ ဦးကျော်ဦး-ဒေါ်သီတာနွယ်၊ ဦးသန်းထွန်း-ဒေါ်သီတာ၊ ဦးစိုးဝင်း-ဒေါ်ဗေဒါ၊ ဦးအေးမင်းထွန်း-ဒေါ်စန္ဒာ၊ ဦးစန်းဇော်ဦး-ဒေါ်အေးအေးတို့၏ညီ/မောင်၊ တူ၊တူမ ကိုးယောက်တို့၏ဦးလေးသည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်၍ အရိုးပြာအိုးကိုဂူသွင်းပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုချစ်ဖူးဆွေ(ကျောက်ဖြူမြို့)
**ပြင်ဖြူမော်ရပ်ကွက်**
**အသက်(၃၀)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ပြင်ဖြူမော်ရွာနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ အမှတ် ၅၂၅၊ အာသာဝတီလမ်းနေ ဦးအောင်ချစ်စိန်-ဒေါ်ခင်နုတို့၏သား၊ ဦးသန်းညွန့်ဦး၊ ဒေါ်ခင်အေး၊ ဒေါ်ခင်သန်းမြ(ထ/၁၊ မ/၃)၏တူ၊ ကိုချစ်ဆွေ(ခ)ကိုမောင်မောင်-ဒေါ်ခင်မိုး၊ ကိုခင်မောင်ဆွေ(ခ)ကိုညီညီ၊ ကိုသန်းထိုက်-မဇင်မာဆွေတို့၏ညီ/အစ်ကို၊ မောင်ကျော်ထက်ကို၊ မောင်အောင်ထက်ဟိန်း၊မဝင့်ထက်ထက်အောင်၊ မောင်ဇေယျာထက်တို့၏ဦးလေး၊ မတင်တင်သန်း၏ခင်ပွန်း၊ မောင်ထိန်လင်းအောင်(VII၊ လှိုင်သာယာ)၏ဖခင်သည် ၃၁-၁၂-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၃၃နေ [ဗိုလ်မှူးဖေအေး(လေ)-ဒေါ်လှတင်]တို့၏သမီး၊ (ဦးမြင့်ကျော်-ဒေါ်လှရွှေ)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ဝင်း)-ဒေါ်စန်းစန်းအေး၊ ဦးကိုကိုကြီး၏ညီမ၊ဦးကိုကိုအောင်-ဒေါ်တင်မိုးညွန့်၊ Mr. CHAN.TAE ZHOU-ဒေါ်စုစုအေး၊ဦးမျိုးမြင့်-ဒေါ်မိုးမိုးအေးတို့၏အစ်မ၊ မနန်းကေသီလွင် (ခေတ္တ-စင်ကာပူ)၊မောင်ပြည့်ဖြိုးသူ-မစန္ဒာလွင်တို့၏မိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးလွင်အောင်(ပြည်သူ့ကုန်တိုက်၊ ငြိမ်း)၏ဇနီးသည် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) ည ၁၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အမာရီ(ရန်ကင်း) အသက်(၉၃)နှစ်

(ဦးဘဘွား-ဒေါ်မမကြီး)တို့၏သမီး၊မုံရွာမြို့နေ(ဦးဘသန်း-ဒေါ်ရှိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၂)၊ တိုက် ၁၁၄၊ အခန်း ၅နေ(ဦးခင်မောင်ကြည်-အထွေထွေမန်နေဂျာ၊ ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)၏ချစ်လှစွာသောဇနီး၊ (ဦးနေဦး)၊ ဦးသူရ(ပြည်တွင်းရေကြောင်းမြစ်ဝ၊ ငြိမ်း)၊ ဒေါ်နှင်းမာ (ဒု/ညွှန်၊ နေပြည်တော်စည်ပင်)၊ (ဦးမင်းသန်း)၊ (ဦးထူးတင်)တို့၏မိခင်သည် ၃၀-၁၂-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်ဖြူ
**သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး**
**M.B.,B.S, F.R.C. O.G**
**ဆေးတက္ကသိုလ်(မန္တလေး)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးထွန်းမြတ်လမ်း၊ အမှတ် ၃၅နေ (စည်သူ၊ သီရိပျံချီ ဒေါက်တာ ဦးမောင်ကလေး-ဒေါ်စော)တို့၏သမီး၊ (ဦးထွန်းလှ)-ဒေါက်တာဒေါ်ခင်ခင်ကလေးတို့၏အစ်မ ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်ဖြူ (မမဖြူ)သည် ၂၆-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဒေါက်တာဦးထွန်းကြည်)-ဒေါ်ခင်မြင့်**
**မိသားစု၊ မန္တလေးမြို့**

## ဒေါ်တင်မြင့်
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(ငြိမ်း)**
**ကျောက်ဖြူမြို့နယ်အသင်း**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းမကြီး၊ အမှတ် ၁၁၃၊ ခုနစ်လွှာ(A)နေ (ဦးဖိုးနီ-ဒေါ်စိန်နု)တို့၏သမီး၊ ဦးဖြူသာအောင်(မြန်မာ့လျှပ်စစ်ဌာန၊ ငြိမ်း)၏ဇနီး၊ ဦးထွန်းထွန်း(ကမ္ဘာ့ရတနာဘဏ်၊ မန်နေဂျာ၊ ငြိမ်း)-ဒေါ်အေးအေးခိုင်တို့၏အစ်မ၊ ဦးသန့်ဇော်မိုး-ဒေါ်ဥမ္မာ၊ ဦးကျော်မင်းမင်းထွန်း-ဒေါ်ယဉ်ဝင်းခိုင်(ခ)ဝါဝါတို့၏မိခင်၊ မကေခိုင်မိုး၊ မောင်အေးချမ်းမင်းတို့၏ အဘွားသည် ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြတ်သာဂီ
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀(က)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၉၄/က)နေ (ဦးဘသိန်း-ဒေါ်စောရှင်)တို့၏သမီး၊ (ဦးအိုင်ဇက်-ဒေါ်စိန်ရွှေ)တို့၏သမီးချွေးမ၊ ထောင်မှူးကြီး ဦးမောင်မောင်အုန်း(ငြိမ်း)(လ/ထ မန်နေဂျာ၊ ရတနာမြိုင်ဆောက်လုပ်ရေး)၏ဇနီး၊ ဦးသိန်းတိုး-ဒေါ်အောင်ကြီးမြင့်၊ ဦးဉာဏ်ရှင်-ဒေါ်စန်းငြိမ်းတို့၏အစ်မ၊ ဦးမောင်မောင်ခိုင်-(ဒေါ်နန်းခင်စန်းမြင့်)တို့၏မိခင်၊မောင်မောင်ချိုဦး(TSM SHIPPING)တို့၏အဘွားသည် ၃၀-၁၂-၂၀၁၇ရက် ညနေ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၈ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြတ်သဇင်ညွန့်
**အသက်(၅၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန်(၁)လမ်းနှင့် အေးရိပ်မွန်(၁)လမ်းထောင့်၊ တိုက် ၅၊ အခန်း ၄၊ ပထမထပ်နေ (ဦးမောင်မောင်ညွန့်)-ဒေါ်လှမြတ်သဇင်တို့၏သမီး၊ ဦးကိုကိုကျော်မင်း(Second Mate RTS)၏ဇနီး၊ (ဦးမောင်ထူးကျော်)-မပန်းအိဆွေ၊ ဦးအောင်-ဒေါ်ချိုသဲ၊ မောင်ပြည့်ဖြိုးကျော်(ခ) Louis၊ ဦးဝဏ္ဏဇော်(Alpine)-ဒေါ်မြတ်မြင့်မိုးဝင်းတို့၏အစ်မ၊ ကိုသော်ဇင်ကိုကို(PTTEP Associate Reservoir Engineer)၏ချစ်လှစွာသောမိခင်သည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၈ရက်တွင် အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမင်းထက်
**ရေ-၃၇၅၁၊ DSA-36**
**ဦးစီးအရာရှိ(ငြိမ်း)**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ အမှတ် ၁၆၂၃/ခနေ (ဦးမြင့်စိုး)-ဒေါ်ခင်ကြည်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် ၇နေ(ဦးလှသန်း)-ဒေါ်တင်တင်အေးတို့၏ သားသမက်၊ ဒေါ်အိသွယ်၏ခင်ပွန်း၊ မမြတ်ကေသီထက်၏ခင်ပွန်း၊ မမြတ်သီရိထက် (Grade-7၊ အထက-၁၊ ဒဂုံ)၏ဖခင်၊ ဦးအေးလွင် - ဒေါ်မိုးမိုးရီတို့၏မောင်၊ ဦးအောင်ကိုသန့် - ဒေါ်ယုယုနွယ်၊ ဦးကျော်မင်းသန့်၊ ဦးကျော်ကျော်စိုး-ဒေါ်ဝေမွန်တို့၏အစ်ကိုသည် ၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်တိုး
**(မင်းဝဲစက်စု၊ ခရမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ်၂၅၃နေ(ဦးထွန်းငွေ-ဒေါ်ဒေါင်း)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ညွန့်ကျင်)တို့၏သားသမက်၊ ဒေါ်ခင်ငွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်အေး-ဒေါ်စောကြည်တို့၏မောင်၊ (ဦးမြင့်သိန်း) ဒေါ်သန်းဝင်း၊ ဦးမြင့်အေး-ဒေါ်တင်နွဲ့တို့၏အစ်ကို၊ ကိုတင်အောင်ကျော်-မစန်းစန်းအေး၊ ကိုမင်းသူဇော်၊ ကိုဟိန်းမင်းစိုး - မဝတ်ရည်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့)ည ၉း၅၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်နု
**အသက်(၈၆)နှစ်**

ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်နေ (ဦးဖိုးလှ-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၅နေ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ဦးခင်မောင်ဦး၊ဒေါ်နုနု၊ဦးထွန်းရွှေ-ဒေါ်ခင်နုနု၊ဦးခင်မောင်နု-မီယာကိုတို့၏ဖခင်၊ခင်သီတာကျော်၊ သက်မောင်မောင်ကျော်၊ မေမရှူး၊ ယုဇူမုကီ၊ဟလုတို့၏အဘိုးသည် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျောက်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်းခေါင်
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက် A-4၊ အခန်း ၂၀၄နေ ဦးလှိုင်ဝင်းခေါင်-ဒေါ်သန်းသန်းတို့၏ညီ/မောင်၊ ဒေါက်တာပြေဝင်းခေါင်-ဒေါက်တာချိုချို၊ ဦးမျိုးဝင်းခေါင်-ဒေါ်လှိုင်လှိုင်ငွေး၊ ဒေါ်ခင်စောဝေတို့၏အစ်ကို၊ ဒေါက်တာပြည့်စုံအောင်-ဒေါ်သုမြတ်၊ ဒေါက်တာခိုင်မွန်နွယ်-ညီညီဖြိုးထက်၊ ဦးသုမင်းလှိုင်-သဉ္ဇာရဲဒင်၊ ဒေါက်တာသန်းထိုက်အောင်တို့၏ဦးလေး၊သုတရဲရင့်လှိုင်တို့၏အဘိုးသည် ၂၇-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၂-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်အနီး မဟာစည်သာသနာ့ရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်း
**(မြင်သာဈေး-တာဝန်ခံ)**
**(အရှေ့သရက်ကုန်းနာရေးအသင်းဝင်)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စံပြ(၈)ရပ်ကွက်၊နီလာ(၁)လမ်း၊အမှတ် ၃၈၂နေ (ဦးအိုးကို-ဒေါ်အုန်းရင်)တို့၏သား၊ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်း၊ မြတ်မချောင်ကျေးရွာအုပ်စုနေ(ဦးကျော်ဟန်-ဒေါ်မမ)တို့၏သားသမက်၊မော်ဘီ၊ တပ်ကြီးကုန်းကျေးရွာနေ ဦးချစ်ဦး-ဒေါ်ခင်အုန်းမြင့်၊ ဝေဘာဂီမြို့သစ်နေ ဦးချစ်ကို-ဒေါ်နှင်းဆီ၊ နီလာ(၁)လမ်း၊ အမှတ် ၃၈၂နေ ဦးစိုးမြင့်-ဒေါ်ငွေးငွေးရီ၊ မြောက်ဥက္ကလာပမြို့နယ်၊ပုရွက်ဆိတ်ကုန်း၊ ရွာဦးလမ်းနေ ဦးဖုန်းလွင်-ဒေါ်စန်းစန်းအေးတို့၏ညီ/မောင်၊ ပုသိမ်မြို့၊ အမှတ်(၉)၊ ပညာရေးကျောင်းနေ ဦးငြိမ်းလွင်-ဒေါ်မာလာတို့၏အစ်ကို၊ မချယ်ရီမင်း၊ မဟန်လွင်လွင်ထက်၊ မောင်ဇင်မင်းထက်တို့၏ဦးလေး၊ ဒေါ်မြင့်မြင့်အောင်၏ချစ်လှစွာသောခင်ပွန်း၊ မမိမိနိုင်၊ မောင်ဇေယျာထွန်း(ဒဂုံတက္ကသိုလ်၊ ဒုတိယနှစ်)၊ မောင်ကျော်ဇင်သက်(အထက-၁၊ မြောက်ဥက္ကလာပ)တို့၏ဖခင်သည်၃၁-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[နီလာ(၁)လမ်းထိပ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အမှတ် ၃၈၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မရတနာလွမ်းနိုင်
**(LLB) (YRTA)**
**(ညောင်ဦး)**
**အသက်(၃၅)နှစ်**

ရန်ကုန်တိုင်းစစ်ဌာနချုပ်နေ တပ်ကြပ်ကြီးစာရေး လွမ်းနိုင်(ငြိမ်း) (တွဲဖက်ဘဏ္ဍာရေးမှူး၊ ပုဂံညောင်ဦးမြို့နယ်အသင်း၊ ရန်ကုန်) - ဒေါ်စိုးမင်းထွန်းတို့၏သမီး၊ မောင်စည်သူမောင်မောင်(တော်ဝင်စင်တာ)၊ မောင်ကျော်ဇေယျ-မေသကြိန်လွမ်းနိုင် (BE-Civil)တို့၏အစ်မ၊ မောင်အောင်ခန့်ညီမိန်း၏ မိခင်သည် ၃၁-၁၂-၂၀၁၇ရက်နံနက် ၇း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့
ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တခေမာစာရ
**(ဓမ္မာစရိယ၊ မဟာစည်နယ်လှည့်ဓမ္မကထိက)**
**သက်တော်(၄၈)နှစ်၊ သိက္ခာတော်(၂၈)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊မောက်သရက်ရွာ၊ ရွှေလက်ပြမဟာစည်ရိပ်သာ ဆရာတော် ဘဒ္ဒန္တခေမာစာရ(ဓမ္မာစရိယ၊ မဟာစည်နယ်လှည့်ဓမ္မကထိက)သည် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၁ရက်) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
မောက်သရက်ရွာ
ယင်းမာပင်မြို့နယ်

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးသောင်းစိန်(စစ်ကိုင်း)
**အသက်(၉၁)နှစ်**

စစ်ကိုင်းမြို့နေ(ဦးဘကျော်-ဒေါ်ခိုင်)တို့၏သား၊ မန္တလေးမြို့နေ(ဦးဘငြိမ်း-ဒေါ်တင်တင်ဦး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၅နေ ဒေါ်ခင်လှဦး၏ချစ်လှစွာသောခင်ပွန်း၊ (ကိုအောင်ကျော်ဦး)၊ကိုဝင်းမြင့်-မအေးအေးကျော်၊ကိုသန်းငွေး-မစီစီဝင်း၊ ကိုမောင်မောင်-မနီနီဝင်း၊ မစန္ဒာကျော်၊ ကိုအောင်ကျော်မိုးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်းအောင်
**စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရွှေဘိုမြို့၊ ဝန်တော်အိမ်ရပ်နေ (ဦးဘရှင်-ဒေါ်ခင်ကြည်)တို့၏သား၊ ရွှေဘိုမြို့၊ ပျဉ်ဈေးတောင်ပိုင်းနေ (ဦးဘအောင်-ဒေါ်လှတင်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ထွေး၏ခင်ပွန်း၊ ဦးအောင်အောင် (ဗမ္မူထွန်း ဗီဒီယိုရိုက်ကူးရေး)-ဒေါ်ဖြူသွယ်အောင်(မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်ဝေနွယ်အောင်(မလပြ၊ ထ-ခွဲ၊ အလက-၁)၊ ဦးနေလတ်(ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်အေးမင်းခိုင်၊ ဦးအေးချမ်း(စိုက်ပျိုးရေးဦးစီးဌာန၊ ရွှေဘို)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၇ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၇ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလုံးခိုင် အသက်(၇၅)နှစ်
**စက်မှု(၂) ညွှန်ကြားရေးမှူး(ငြိမ်း)၊ B.E Auto**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၄၄၇နေ (ဦးစိုးခိုင်-ဒေါ်ဓမ္မီ)တို့၏သား၊ (ဦးကျော်သောင်း-ဒေါ်သိန်း)တို့၏သားသမက်၊ ဒေါ်မြင့်စန်း၏ခင်ပွန်း၊ ဦးဇော်ထွန်း-ဒေါ်နီလာခိုင်၊ ဒေါ်မြတ်သူဇာခိုင်၊ ဦးမင်းသူရစိုး-ဒေါ်နှင်းပွင့်ဖြူခိုင်တို့၏ဖခင်၊ မသန့်ဟေသာ၏အဘိုးသည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်ထွေး
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မီးသတ်ဦးစီးဌာန**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် ၃၅(ငါးလွှာ)နေ (ဦးထွန်းစိန်-ဒေါ်စောညွန့်)တို့၏သား၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မကြည်ကြည်စန်း၊ ကိုစိုးအောင်ခိုင်-မကေသီစံ၊ မနန်းစန္ဒာခိုင်၊ ကိုမိုးအောင်ထွေး၊ ကိုသူရကျော်-မသီသီတို့၏ဖခင်၊ မခွန်းသီကျူး၏ဘိုးဘိုးကြီးသည် ၃၁-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၈ရက် နံနက် ၇နာရီတွင် မြေနီကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်ညို
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက် ၇၄/၇၆၊ အမှတ်၄၂နေ(ဦးပု-ဒေါ်ရွှေ)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးမြင့်လွင်)၏ချစ်လှစွာသောဇနီး၊ (ဦးစိန်-ဒေါ်သင်းကြည်)၊ (ဦးမျိုးညွန့်-ဒေါ်အမာ)၊(ဦးမောင်ကို)-ဒေါ်တင်တင်အေးတို့၏ညီမ၊ (ဦးလွင်အောင်-ဒေါ်ငွေးငွေးကြည်)၊ ဒုတိယဗိုလ်မှူးကြီးသန့်စင်-ဒေါ်ထားထားစိုး၊ (ဦးလှမြင့်)-ဒေါ်ကြည်တင်တို့၏အစ်မ၊ ဦးဝင်းလွင်ဦး-ဒေါ်ဆွေဆွေတင်၊(ဦးပြုံးဇော်)-ဒေါ်မမြူလွင်၊ ဦးယောနချန်-ဒေါ်စပယ်လွင်၊ ဦးခင်မောင်ထွေး-ဒေါ်နွယ်နီလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၂နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်စိုးလှိုင်
**CDC-No-61901**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၄၁၀နေ (ဦးတင်ရ-ဒေါ်ခင်ကြူ)တို့၏သား၊ ဦးကြည်ဟန်(မြန်မာ့စက်မှုဆိပ်ကမ်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်လင်း-ဒေါ်ကြည်ကြည်ခိုင်(ထ-၂၊ ဒဂုံမြောက်)၊ ဦးမောင်မောင်ဦး(PIL)-ဒေါ်မိမိနိုင်တို့၏မောင်၊ ဦးမျိုးမြင့်-ဒေါ်သီသီဟန် (KBZ Bank)၊ ဒေါ်ယဉ်ယဉ်ဟန်၊ ဦးသိန်းထွဋ်-ဒေါ်မြတ်မြတ်နွယ်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏မောင်၊ဒေါ်မိုးမိုးစံ(SPA/FMI Co., LTd)၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၂-၂၀၁၇ရက် (စနေနေ့) ည ၇း၂၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# မန္တလေးမြို့တွင် ဆောင်းမိုးတဖွဲဖွဲကြားမှ နှစ်သစ်ကူးပွဲ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၃၁**

၂၀၁၇ခုနှစ်မှ ၂၀၁၈ ခုနှစ်သို့ ကူးပြောင်း မည့် ဒီဇင်ဘာ ၃၁ ရက်ညပိုင်းတွင် နှစ်သစ်ကူး (New Year Count Down)ပွဲကို ကျုံး တောင်ဘက်ခြမ်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် မန္တလေး ပြည်သူများ ဆောင်းမိုးများ တဖွဲဖွဲရွာသွန်းနေသည့်ကြားမှာပင် ပျော်ရွှင်စွာ ဆင်နွှဲကြသည်ကို တွေ့ရသည်။

"ဒီအစဉ်အလာက ကျွန်တော်တို့ မန္တလေးမှာ ဓလေ့တစ်ခုဖြစ်နေပါပြီ၊ ဒီလိုညမှာ ဆောင်းမိုးတွေရွာပြီး ချမ်းအေးနေပေမယ့်လည်း နှစ်ကူးမယ့် ၁၂ နာရီထိုးမယ့် အချိန်ထိ စောင့်ပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ❖

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် သံဃာတော်အပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

သာသနာနှစ် ၂၅၆၁၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရကကြီးမှူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် သံဃာတော်အပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ (၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် ၆ နာရီမှစ၍ အစီအစဉ် လေးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**တိုက်ရိုက်ထုတ်လွှင့်**

အဆိုပါ အစီအစဉ်များအနက် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းနားကျင်းပပုံကို ယင်းနေ့ နံနက် ၆ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် Myanmar International (MITV)တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး အခမ်းအနား အစီအစဉ် တစ်ရပ်လုံးကို Sky Net Buddha Channel၊ Sky Net Up- to-Date Channel နှင့် MNTV တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောဒေသ ငါးစားသုံးမှုဖူလုံရေးအတွက် ကျေးရွာငါးကန်များ ထပ်မံတူးဖော်ပေးမည်

စ၁ - ၁၀

## ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာမှ အဆင်ပြေမည့် အနည်းဆုံးအခကြေးငွေ

စ၁ - ၁၁

# မြန်မာ့လက်ရွေးစင်နောက်ခံလူ ဇော်မင်းထွန်း ထိုင်းကလပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်ယူနိုက်တက်အသင်း၏ မြန်မာ့လက်ရွေးစင်နောက်ခံလူ ဇော်မင်းထွန်းသည် ထိုင်းလိဂ်-၁ ကလပ်အသင်းဖြစ်သော ဆူဖန်ဘူရီအသင်းသို့ အငှားပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်သည်။

ဇော်မင်းထွန်းကိုခေါ်ယူရန် ရန်ကုန်အသင်းနှင့် ဆူဖန်ဘူရီအသင်း တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပြီးနောက် တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးနှင့် အခြားခံစားခွင့်များ သဘောတူညီမှုရပါက အပြောင်းအရွှေ့ကိစ္စဖြစ်မြောက်လာမည် ဖြစ်သည်။ ရန်ကုန်အသင်းသည် ခံစစ်ပိုင်းအားနည်းနိုင်သောကြောင့် ဇော်မင်းထွန်းကို အသင်းပြောင်းရွှေ့ခွင့်မပြုလိုသော်လည်း ကစားသမားကိုယ်တိုင်က အသင်းပြောင်းရွှေ့လိုနေသောကြောင့် ဆွေးနွေးနေခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် တောင်းဆိုမှုများ သဘောတူညီမှုရပါက ရက်ပိုင်းအတွင်း ထိုင်းနိုင်ငံသို့သွားရောက်ကာ ဆေးစစ်ခြင်းနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပြီး အောင်မြင်ပါက အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ဇော်မင်းထွန်းသည် ကျော်ကိုကို၊ အောင်သူတို့ထက် ပိုမိုများပြားသည့် လစာငွေဖြင့် ကမ်းလှမ်းခံထားရခြင်းဖြစ်ပြီး တစ်ရာသီအငှားစာချုပ်ဖြင့်သာ ခေါ်ယူမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ◆



ယခင်နှစ်က ကျင်းပသည့် မီနီမာရသွန်ပြိုင်ပွဲကို တွေ့ရစဉ်။ မင်းထက်အောင်

# မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ယခင်နှစ်များထက် ဆုကြေးငွေ တိုးမြှင့်ပေးမည်

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ကို ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရုံးရှေ့မှ စတင်တာလွှတ်၍ မန္တလာသီရိ အားကစားကွင်းတွင် ပန်းဝင်ရမည်ဖြစ်ပြီး ၁၃ မိုင်ခန့် ခရီးရှည်မည်ဖြစ်သောကြောင့် ဆုရရှိသူများအား ယခင်နှစ်ထက် ဆုကြေးများ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

Shwe La Min
ရွှေလမင်း ဆေးရုံ
ရွှေလမင်းဆေးရုံ(မော်လမြိုင်) အား မကြာမီစတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အမှတ်(၁)၊ရှမ်းစုလမ်း၊အောက်ကျင်းရပ်၊ ဒိုက်ဝန်ကွင်း၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇ ၂၀၂၆၂၀၂၊၂၀၂၆၈၅၅၊ ၂၀၂၆၇၀၉၊ ၂၀၂၆၃၈၇၊ ၂၀၂၆၉၈၇

